# သိပ္ပံနည်းကျ တွေးခေါ်မှု

တ တိ ယ အ ကြိ မ်

## ခင်မောင်သန်း( စိတ်ပညာ )

သင်၏ တွေးခေါ်ဆင်ခြင်မှုကို
ပိုမို ကြည်လင်ပြတ်သားလာစေမည့်
နည်းလမ်းများ

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၃ ၂၇၁ ၂၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၁ ၂၃၀ ၂၀၈

| | |
|---|---|
| မျက်နှာဖုံးဒီဇိုင်း | ဘဌေးကြည် |
| ထုတ်ဝေသူ | ဦးအောင်စိုးမင်း |
| | လင်းဦးတာရာစာပေ |
| | အမှတ် ၁၂၂(ဒုတိယထပ်) |
| | အနော်ရထာလမ်း၊ |
| | ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| ပုံနှိပ်သူ | ဦးဇော်မြင့်ဝင်း |
| | ကာလာစုန်ပုံနှိပ်တိုက် |
| | အမှတ် ၁၈၄ (ဘီ)၊ ၃၁လမ်း(အထက်)၊ |
| | ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ |
| ပုံနှိပ်ခြင်း | တတိယအကြိမ် |
| | ၂၀၀၈ ခုနှစ်၊ မတ်လ |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | ၁၂၀၀ ကျပ် |

# သိပ္ပံနည်းကျ တွေးခေါ်မှု

ခင်မောင်သန်း(စိတ်ပညာ)

# မာတိကာ


| | |
|---|---|
| စာရေးသူ၏ အမှာ | ၉ |
| ယုတ္တိကျကျ တွေးခေါ်မှု | ၁၁ |
| စကားလုံးများနှင့် အနက်အဓိပ္ပာယ် | ၁၇ |
| အငြင်းပွားကြသောအခါ | ၂၆ |
| ဝေါဟာရများကို အနက်ဖော်ပါ | ၃၄ |
| သုတ၊ ရသနှင့် ညွှန်ကြားမှု စာပေများ | ၃၉ |
| ဤသို့မငြင်းပါနှင့် | ၄၈ |
| အဓိကအချက်နှင့် ဆက်စပ်ပါ | ၅၄ |
| ဆင်ခြေဆိုသည်မှာ | ၆၂ |
| ယုတ္တိရှိသောဆင်ခြေ | ၆၈ |
| အဖြူ၊ သို့မဟုတ် အနက် | ၇၉ |
| လူသားများပင်မဟုတ်လော | ၈၇ |
| မှန်ကန်ခြင်း၊ သို့မဟုတ် ဖြစ်နိုင်ခြင်း | ၉၂ |
| သိပ္ပံနည်းကျ တွေးခေါ်မှု | ၁၀၀ |
| အကြောင်းနှင့် အကျိုး | ၁၀၇ |
| ယေဘုယျပြုခြင်း | ၁၁၅ |

# စာရေးသူ၏ အမှာ

သိပ္ပံနည်းကျတွေးခေါ်မှုဟု ဆိုလိုက်သဖြင့် အလွန်အဆင့်မြင့်သော တွေးခေါ်မှုတစ်ရပ်၊ နားလည်သဘောပေါက်ရန် ခက်ခဲသော ပညာရပ်ဟု အချို့က မှတ်ယူကြပေမည်။ အမှန်အားဖြင့် ဤတွေးခေါ်မှုသည် ကျွန်ုပ်တို့၏ သာမန်တွေးခေါ်မှုနှင့် များစွာခြားနားလှသည် မဟုတ်။ စေ့စပ်သေချာမှု၊ စနစ်ကျမှုနှင့် စုစည်းတွေးခေါ်မှုတွင် ဒီဂရီအားဖြင့်သာ ကွာခြားကြပေသည်။

လူသားများသည် လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေးတို့နှင့် စပ်လျဉ်းပြီး ပြဿနာများကို ကြုံတွေ့ကြရသည်။ အချို့သော ပြဿနာတို့မှာ ဖြေရှင်းရန် လွယ်ကူပြီး၊ အချို့မှာ ခက်ခဲလှပေသည်။
ခက်ခဲသောပြဿနာများကို ဖြေရှင်းရာ၌ သိပ္ပံနည်းကျတွေးခေါ်မှုကို သိနားလည်ပါက အထောက်အကူရလာမည်ဖြစ်ပေ၏။ ကျွန်ုပ်တို့၏ စဉ်းစားတွေးခေါ်မှုသည် မှန်ကန်ပြီး၊ ပုဂ္ဂလဓိဋ္ဌာန်ကျသော အယူအဆများ နည်းပါးကာ ဓမ္မဓိဋ္ဌာန်ကျလာမည်ဖြစ်ပေသည်။

ဤစာအုပ်ပါ အကြောင်းအရာများကို လစဉ်ထုတ် အတွေးအမြင်မဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့ပြီးဖြစ်သည်။ ထိုဆောင်းပါးများကို စုစည်းတည်းဖြတ်ပြီး သိပ္ပံနည်းကျတွေးခေါ်မှု ဟူသောအမည်ဖြင့် စာအုပ်တစ်အုပ် ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

# ယုတ္တိကျကျ တွေးခေါ်မှု

သင်သည် ယုတ္တိကျသော စကားများကို နေ့စဉ်ပြောဆိုလျက်ရှိသည်ဟု ဆိုလာပါက သင် အံ့ဩမသွားပေဘူးလား။ 'မသိပါဘူးဗျာ၊ ကျွန်တော့်စကားတွေက ယုတ္တိကျသလား၊ မကျဘူးလားဆိုတာ' ဟု သင် ပြန်ပြောကောင်း ပြောပေလိမ့်မည်။

ကျွန်ုပ်တို့ နေ့စဉ်ပြောဆိုနေသော စကားများကို–

- ယုတ္တိကျသော စကား၊
- ယုတ္တိမကျသော စကား၊
- ယုတ္တိကျမှု၊ မကျမှုနှင့် သက်ဆိုင်မှုမရှိသော စကားများဟု ခွဲခြားနိုင်မည်ဖြစ်သည်။


'ကျွန်တော် ဝနေတယ်၊ အစားလျှော့စားရမယ်' ဟူသောစကားသည် ယုတ္တိကျသော စကားဖြစ်သည်။

'ကျွန်တော် အချိုအစားများလို့ ပိန်သွားတယ်' ဟူသောစကားသည် ယုတ္တိမကျပေ။

'ကျွန်တော် ခရီးသွားရတာ ဝါသနာပါတယ်' ဟူသောစကားကမူ ယုတ္တိကျမှု၊ မကျမှုနှင့် သက်ဆိုင်ခြင်းမရှိပေ။

ကျွန်ုပ်တို့သည် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ ယုတ္တိဗေဒကို အသုံးပြုလျက်ရှိကြသည်။ ကျွန်ုပ်တို့သည် ယုတ္တိကျကျ စဉ်းစားတွေးခေါ်ကြသည်။ စဉ်းစားတွေးခေါ်မှု မပြုလုပ်သော လူသတ္တဝါဟူ၍လည်း ရှိမည်မဟုတ်ပေ။

လူသားဟူသော စကားလုံး၏ အနက်အဓိပ္ပာယ်ကပင်လျှင် တွေးတောတတ်သော သတ္တဝါဖြစ်သည်ဟု ရှေးဟောင်းဂရိတွေးခေါ်ရှင်



အရစ္စတိုတယ်က ဆိုခဲ့သည်။ ကျွန်ုပ်တို့သည် စဉ်းစားတွေးခေါ်မှု ပြုလုပ်ကြသည်ဆိုသော်လည်း ထိုတွေးခေါ်မှုများသည် အစဉ်အမြဲ မှန်ကန်မှုရှိလိမ့်မည်ဟု မဆိုနိုင်ပေ။ သို့သော် တိုးတက်မှုရှိလာအောင် ကား ကြိုးစားနိုင်သည်။ သိသာထင်ရှားသော အမှားများ မပြုလုပ် ဖြစ်အောင်လည်း သင်ယူနိုင်သည်။ ကျွန်ုပ်တို့၏ ပြဿနာများကို ဖြေရှင်းရန်အတွက် ပို၍ကောင်းသော နည်းလမ်းများကို လေ့လာ ထားနိုင်သည်။ ကျွန်ုပ်တို့၏ တွေးခေါ်မှုများ မှန်ကန်မှု ရှိ၊ မရှိ 'ဥပဒေသ' များ၊ 'စံ' များနှင့် စစ်ဆေးနိုင်သည်။ ထိုအခါ ကျွန်ုပ်တို့၏ စဉ်းစားတွေးခေါ်မှုသည် ပိုမိုကောင်းမွန်လာမည် ဖြစ်ပေသည်။

၁၇ ရာစု ပြင်သစ်တွေးခေါ်ရှင် ဒေးကာ့သည် စဉ်းစားတွေးခေါ်မှု အတွက် နည်းလမ်းများ ရှာဖွေတင်ပြခဲ့သည်။ ၁၆၃၇ ခုနှစ်တွင် သူသည် စာအုပ်တစ်အုပ်ကို ရေးသားထုတ်ဝေခဲ့၏။

'အခြားသော အရည်အချင်းများထက် လူသားများသည် အဓိပ္ပာယ်ရှိရှိ တွေးခေါ်တတ်သော စွမ်းရည်ကို ညီမျှစွာပိုင်ဆိုင်ကြသည်' ဟု ထိုစာအုပ်တွင် ရေးသားခဲ့သည်။ ဤအယူအဆသည် အံ့ဩဖွယ်ရာဖြစ်သည်။ ပို၍ ချောမောလှပလိုသူ၊ ပို၍ ကိုယ်အင်္ဂါထွားကျိုင်းလိုသူများသာရှိသည်။ စဉ်းစားတွေးခေါ်မှုတွင် ပို၍ကောင်းလိုသူဟူ၍ မရှိကြောင်းလည်း သူက ရေးသားဖော်ပြခဲ့သည်။

ဒေးကာ့သည် ဤစကားများကို ဟာသတစ်ခုအဖြစ် ရေးသားခဲ့ဟန်တူသည်ဟု အချို့က ယူဆကြသည်။ အချို့ကလည်း လူသားတို့သည် မိမိကိုယ်မိမိ လှည့်ဖျားရာ၌ ကျွမ်းကျင်ပုံကို ဖော်ပြရန်ရေးသားခဲ့ခြင်းဖြစ်သည်ဟု ယူဆကြသည်။ သို့သော်လည်း သူသည် ဟာသလုပ်နေခြင်းထက် အလေးအနက်ထားကာ ပြောဆိုနေခြင်းဖြစ်ပေသည်။

ဒေးကာ့၏ စကားကို အများက မယုံကြည်နိုင် ဖြစ်ကြရသည်။ ဘယ်လိုလုပ် မှန်နိုင်ပါ့မလဲဟု တွေးတောကြသည်။ အမှန်အားဖြင့် သူသည် စဉ်းစားတွေးခေါ်မှု၏ အခြေခံအချက်များကို ရည်ညွှန်းနေခြင်းဖြစ်သည်။ လူသားတို့၏ အမှားနှင့်အမှန် ခွဲခြားနိုင်မှုစွမ်းရည်ကို ဖော်ပြနေခြင်းဖြစ်သည်။

ဆင်ခြင်တုံတရားတွင် လူသားများသည် ညီမျှစွာ ပိုင်ဆိုင်မှုရှိသည်ဟုဆိုပါက အဘယ့်ကြောင့် သူတို့၏ သဘောထားများသည် ကွဲလွဲနေကြသနည်း။ လူသားများ၏ ဘာသာရေးယုံကြည်မှု၊ နိုင်ငံရေးအမြင်တို့သည် အဘယ့်ကြောင့် ခြားနားမှုရှိနေကြသနည်း။

ဤသို့ခြားနားမှု ရှိနေခြင်းသည် 'ဆင်ခြင်တုံတရား ခြားနားမှုကြောင့်မဟုတ်၊ စဉ်းစားပုံ စဉ်းစားနည်း ကွာခြားနေသောကြောင့်ဖြစ်သည်' ဟု ဒေးကာ့ဆိုသည်။ အာရုံစိုက်မှု မတူညီသောကြောင့်ဖြစ်သည်ဟု ပြောသည်။

တွေးခေါ်ရှင်တစ်ဦးအဖြစ်သို့ ဒေးကာ့ရောက်ရှိလာခြင်းမှာ စနစ်

တကျတွေးခေါ်တတ်သော သူ၏ အရည်အချင်းကြောင့်ဖြစ်သည်။

ဤနည်းများကို သူသည် ငယ်စဉ်ဘဝကပင် လေ့ကျင့်ခဲ့သည် ဆို၏။ သူအသုံးပြုသည့်နည်းတွင် အဆင့်လေးဆင့်ပါသည်။

၁။ အကြောင်းရပ်တစ်ခုရဲ့ မှန်ကန်မှုကို ရှင်းရှင်းလင်းလင်း မသိရင် မယုံပါနဲ့။

၂။ ပြဿနာတိုင်းကို ခွဲခြမ်းစိတ်ဖြာကြည့်ပါ။

၃။ ပြဿနာဖြေရှင်းရာမှာ နားလည်ဖို့လွယ်ကူပြီး အရှင်းဆုံးအပိုင်းမှ စတင်ပါ။

၄။ ပြဿနာရဲ့ အစိတ်အပိုင်းများကို တွေးခေါ်ဖော်ပြတဲ့အခါ ပြည့်စုံပါစေ။ ကျန်ရစ်မှု မရှိပါစေနဲ့။

ဒေးကာ့ပြောခဲ့သော စကားများကို ကျွန်ုပ်တို့ ပြန်လှန်စဉ်းစားကြည့်ပါက ဤသို့တွေ့ရမည်ဖြစ်သည်။

ယေဘုယျအားဖြင့် လူသားများတွင် တူညီသော ဆင်ခြင်တုံတရားများ ရှိကြသည်။ ဤသို့ရှိသည်ဟုလည်း ယုံကြည်ကြသည်။ အခြားပုဂ္ဂိုလ်တို့သည် မိမိထက် အမှားအမှန်ပိုင်းခြားနိုင်သည့်ဉာဏ် ပို၍ရှိသည်ဟု မည်သူမျှ ဝန်ခံလိမ့်မည်မဟုတ်။

အခြားသူတစ်ဦးသည် မိမိထက်ပို၍ ပညာတတ်သည်။ ဗဟုသုတ ပို၍များသည်ဟု ဆိုကောင်းဆိုကြပေမည်။ အမှားအမှန် ပိုင်းခြားနိုင်သောဉာဏ် မိမိထက်ပို၍ရှိသည်ဟူ၍ကား ပြောလိမ့်မည်မဟုတ်ပေ။

'လူသားတို့၏ စိတ်သည် တစ်ဦးနှင့်တစ်ဦး တူညီမှုမရှိကြပေ။ သင်ကြားရာတွင် အချို့က တတ်မြောက်လွယ်သည်။ အချို့က စိတ်ကူး ပို၍ကောင်းသည်။ အချို့က မှတ်ဉာဏ်ပိုကောင်းသည်။ ဤကဲ့သို့ ခြားနားနေခြင်းမှာ စဉ်းစားတွေးခေါ်မှုတွင် မတူညီသောနည်းများကို အသုံးပြုခြင်းကြောင့်ဖြစ်သည်' ဟု ဒေးကာ့က ဆိုခဲ့သည်။

ဒေးကာ့၏ ပြဿနာဖြေရှင်းနည်းသည် လူတိုင်းအတွက် အသုံးကျကောင်းမှ ကျမည်ဖြစ်သော်လည်း ကျွန်ုပ်တို့အတွက် အားတက်

ဖွယ်ရာဖြစ်သည်။ မှန်ကန်သော စဉ်းစားတွေးခေါ်မှုကိုသာ အသုံးချပါက ပြဿနာဖြေရှင်းရာတွင် အောင်မြင်မှုများ ရရှိလာမည်ဖြစ်သည်။

'လူသားအားလုံးသည် ဆင်ခြင်တုံတရားနှင့် ပြည့်စုံသည်' ဟူသော ဒေးကာ့၏ယူဆချက်ကို ကန့်ကွက်လိုသူများ ရှိပေလိမ့်မည်။ သူတို့၏ ခံစားမှုများက သူတို့၏စိတ်ကို လွှမ်းမိုးထားသည့်လူများ မရှိနိုင်ပေဘူးလား။ အမှန်တရားရှာဖွေမှု၌ စိတ်ဝင်စားမှုရှိပါ၏လော။ သူတို့ ယုံကြည်လိုသော ကိစ္စများတွင်သာ ယုံကြည်ကြသူများ မဟုတ်ကြပေဘူးလား။

အမှန်တရားက မည်သို့ပင်ရှိစေကာမူ ကျွန်ုပ်တို့ယုံကြည်လိုသော အကြောင်းရပ်များကိုသာ ယုံကြည်ကြသည်မှာ အမှန်ပင်ဖြစ်သည်။ မာနများ၊ ကြောက်ရွံ့စိတ်များ၊ စိုးရိမ်စိတ်များသည် လူတို့၏ စိတ်အတွင်းဝယ် နက်ရှိုင်းစွာတည်ရှိနေသည်။ ဤသို့သော အခြေအနေတွင် မည်မျှယုတ္တိတန်သော ဆင်ခြေဖြင့် ရှင်းပြသည်ဖြစ်စေ လူတို့သည် လက်ခံကြမည်မဟုတ်။ ဤအချက်များကို ကျွန်ုပ်တို့ သတိထားရမည်ဖြစ်သည်။ ဆင်ခြင်တုံတရား ကင်းမဲ့သူဟူ၍ မရှိသော်လည်း ထိုစိတ်များကြောင့် ကျွန်ုပ်တို့ ဆင်ခြင်တွေးခေါ်မှုကို ထိပါးလာနိုင်သည်။

လေ့လာမှုများအရ ရှေးဟောင်းလူသားများ၏ စိတ်သည် ခေတ်သစ်လူသားတို့နှင့် ကွဲပြားခြားနားမှု မရှိသည်ကို တွေ့ရသည်။ သို့သော်လည်း သူတို့သည် ခေတ်သစ်လူသားများထက် စိတ်ခံစားမှု၏ လွှမ်းမိုးမှုကို အများဆုံးခံကြရသည်။ လူ့ဘောင်အဖွဲ့အစည်း တိုးတက်မှုက လူသားတို့၏စိတ်ကို အလိုအလျောက် ပြောင်းလဲတိုးတက်မလာစေသော်လည်း စိတ်ခံစားမှုနှင့် စဉ်းစားဆင်ခြင်မှုကို ပိုင်းခြားလာနိုင်ကြသည်။ ထို့ကြောင့် ရှင်းလင်းသောတွေးခေါ်မှုကို ကျွန်ုပ်တို့ ပြုလုပ်လာနိုင်ခြင်းဖြစ်သည်။ အဓိပ္ပာယ်ရှိရှိ တွေးခေါ်ဆင်ခြင်မှု ပြုလိုသူတိုင်း ကျွန်ုပ်တို့၏ စိတ်ခံစားမှုများကို ဖယ်ထုတ်ထားရပေမည်။

သချာပုစ္ဆာတစ်ခုကို ဖြေရှင်းရာတွင်ဖြစ်စေ၊ တရားရုံးတွင် အမှုရင်ဆိုင်ရာတွင်ဖြစ်စေ စိတ်ခံစားမှုများကို ထည့်သွင်းလာပါက ကျွန်ုပ်တို့၏ ဆင်ခြင်စဉ်းစားမှုသည် အဓိပ္ပာယ်မဲ့သွားမည်ဖြစ်သည်။

'အစွပ်စွဲခံရသူ ဖြစ်မှုကျူးလွန်သလား။'

'ကျူးလွန်မယ်မထင်ပါ။ သူဟာ ကျွန်တော့် အချစ်ဆုံးသူငယ်ချင်းဖြစ်လို့ပါ။'

'ကျူးလွန်မယ်ထင်ပါတယ်။ သူနဲ့ ကျွန်တော် လုံးဝမတည့်ပါ။'

ဤသို့သော အဖြေများသည် ကျိုးကြောင်းကျမှု မရှိပေ။ အထောက်အထားများကိုသာ ကျွန်ုပ်တို့ ရှာဖွေတင်ပြရမည် ဖြစ်ပေသည်။ ပြဿနာကို ဖြေရှင်းရာတွင် ကျွန်ုပ်တို့၏စိတ်ခံစားမှုကိုသာ အခြေခံပါက မှန်ကန်မှုမရှိနိုင်။ ထင်မြင်ချက်များ၊ သဘောထားများကို စဉ်းစားတွေးခေါ်မှုမှ ဖယ်ထုတ်ထားနိုင်ရမည်ဖြစ်ပေသည်။

အကြောင်းရင်းတစ်ခုကို ဝေဖန်ဆွေးနွေးရာတွင် ဓမ္မဓိဋ္ဌာန်ကျရမည်။ ပုဂ္ဂလဓိဋ္ဌာန်မကျရ။ လူသားကဏ္ဍမပါဘဲ ပြဿနာကို ဝေဖန်ဆွေးနွေးရမည်ဖြစ်၏။ အနုပညာဝေဖန်မှုပြုလုပ်ပါက ထိုဝေဖန်မှုသည် ကျွန်ုပ်တို့၏ နိုင်ငံရေးအမြင်မပါဘဲ ပြုလုပ်ရမည်။ အနုပညာဖန်တီးသူ၏ ဘဝကို ဖယ်ထုတ်ပြီးမှ ဝေဖန်ရမည်ဖြစ်သည်။ သို့မှသာ ကျွန်ုပ်တို့၏ ဝေဖန်မှုသည် ဓမ္မဓိဋ္ဌာန်ကျမည်ဖြစ်သည်။

ကျွန်ုပ်တို့သည် တစ်ခါတစ်ရံ မစဉ်းမစား လုပ်ဆောင်တတ်ကြသော်လည်း ကျွန်ုပ်တို့တွင် ဆင်ခြင်တုံတရားရှိသည်။ ယုတ္တိကျကျ စဉ်းစားတတ်ကြသည်။ ထိုစွမ်းရည်ကို အသုံးချပြီး ကျွန်ုပ်တို့၏ ပြဿနာများကို ဖြေရှင်းကြရမည်ဖြစ်ပေသည်။

❐ ❐ ❐

# စကားလုံးများနှင့် အနက်အဓိပ္ပာယ်

ကျွန်ုပ်တို့ လူသားအချင်းချင်း စကားပြောဆိုဆက်သွယ်ကြသည့်အခါ ဘာသာစကားများကို အသုံးပြုကြသည်။ ဘာသာစကားဟူသည် စကားလုံးများ ပေါင်းစည်းထားခြင်းဖြစ်ရာ ဆက်သွယ်ရေးတွင် စကားလုံးများကို အသုံးပြုကြသည်ဟုလည်း ဆိုနိုင်သည်။


စကားလုံးများသည် သူ့အတိုင်းဆိုပါက အရေးပါမှုမရှိကြပေ။ ယင်းတို့၏ အနက်အဓိပ္ပာယ်ကြောင့်သာလျှင် တန်ဖိုးရှိနေကြခြင်းဖြစ်၏။ စကားလုံးများ၏ လုပ်ငန်းတာဝန်သည် တစ်စုံတစ်ခုအတွက် သင်္ကေတ၊ သို့မဟုတ် အမှတ်လက္ခဏာအဖြစ် ဆောင်ရွက်ရန်ဖြစ်သည်။

စကားလုံးများကို ချက်လက်မှတ်များနှင့်နှိုင်းယှဉ်၍ ဖော်ပြနိုင်သည်။ ချက်လက်မှတ်များသည် စက္ကူများအနေနှင့် တန်ဖိုးမရှိပေ။ ဘဏ်ရှိ ငွေပမာဏတစ်စုံတစ်ခုကို ကိုယ်စားပြုနိုင်သည့်အခါမှသာ တန်ဖိုးရှိလာသည်။

ထိုနည်းတူ စကားလုံးများသည်လည်း အကြောင်းအရာများ၊ သို့မဟုတ် အဖြစ်အပျက်များကို ကိုယ်စားပြုဖော်ပြနိုင်သည့်အတွက် တန်ဖိုးရှိနေခြင်းဖြစ်သည်။

ဝေါဟာရဗေဒသည် စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို လေ့လာသည့်ပညာဖြစ်သည်။ ထို့ပြင် စကားလုံး သင်္ကေတများနှင့် ယင်းတို့၏ အနက်အဓိပ္ပာယ် ဆက်စပ်ပုံကိုလည်း လေ့လာသည်။

စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို ရှာဖွေလေ့လာသူများတွင် ဒဿနပညာရှင်များ၊ ယုတ္တိဗေဒပညာရှင်များနှင့် သိပ္ပံပညာရှင်များ




သည် ရှေးတန်းမှ ပါဝင်ခဲ့ကြသည်။ ယခုခေတ်မှ ဤသို့လေ့လာနေကြသည်မဟုတ်၊ ရှေးယခင်ကတည်းကပင် စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို စူးစမ်းခဲ့ကြသည်။ တရားမျှတခြင်း၊ ကောင်းမွန်ခြင်း၊ မှန်ကန်ခြင်း၊ မှားယွင်းခြင်း စသည့်စကားလုံးများ၏ အနက်အဓိပ္ပာယ်ရှာဖွေမှုကို ဆော့ခရေတ္တိသည် အထူးပင်စိတ်ဝင်စားခဲ့သည်။ သူသည် ဒဿနိကပညာရပ်ကို အနက်အဓိပ္ပာယ်ရှာဖွေမှုဟု ခေါ်ဆိုရန်ပင် ကြံစည်ခဲ့ဖူးသည်။

ဆော့ခရေတ္တိမှ စတင်ပြီး ဒဿနပညာရှင်များနှင့် ယုတ္တိဗေဒပညာရှင်တို့သည် ဘာသာစကားနှင့် စကားလုံးများ၏ အနက်အဓိပ္ပာယ်ရှာဖွေမှုကို ဆက်လက်စူးစမ်းခဲ့ကြသည်။ သို့သော်လည်း လွန်ခဲ့သောနှစ် ၅၀ ခန့်ကမှသာ စူးစမ်းမှုသည် ပိုမိုကျယ်ပြန့်လာခဲ့၏။

စကားလုံးတစ်လုံးသည် လူ့အဖွဲ့အစည်းတစ်ခုအတွင်း မည်သို့စတင်ပေါ်ပေါက်လာသနည်း။ စကားလုံးများ၏ အနက်အဓိပ္ပာယ်များ

သည့် သုံးစွဲသူလူသားတို့၏ သဘောထားနှင့် မည်သို့ဆက်စပ်နေသနည်း စသည့်ပြဿနာများကို ဒဿနပညာရှင်နှင့် စိတ်ပညာရှင်တို့ စူးစမ်းလေ့လာခဲ့ကြသည်။

လူသားတို့၏ များပြားသော ပြဿနာတို့မှာ တစ်ဦးစကားကို တစ်ဦး နားမလည်ခြင်းကြောင့် ပေါ်ပေါက်လာရခြင်းဖြစ်သည်။ တစ်ဦးက မည်သို့ဆိုလိုသည်ကို သဘောမပေါက်ခြင်းကြောင့် ပြဿနာတက်လာခြင်းဖြစ်၏။ တစ်ယောက်နှင့်တစ်ယောက် ဆက်သွယ်ပြောဆိုရာတွင် လွဲမှားစွာ အဓိပ္ပာယ်ကောက်ယူခြင်းကြောင့် အခြေအနေရှုပ်ထွေးလာရခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

ဤပြဿနာကို ဆက်လက်မဆွေးနွေးမီ ဘာသာစကားနှင့် လူသားတို့၏ စဉ်းစားတွေးခေါ်မှုတို့ ဆက်စပ်လျက်ရှိပုံကို ဖော်ပြလိုသည်။ စဉ်းစားတွေးခေါ်မှုတွင် ဘာသာစကားသည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ဘာသာစကားမရှိပါက လူသားများသည် ယခုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားတွေးခေါ်နိုင်မည်မဟုတ်။ အလွန်ပင် ကျဉ်းမြောင်းသွားမည်ဖြစ်သည်။

သက်ရှိလောကတွင် လူသားများသည်သာလျှင် ဉာဏ်အကောင်းဆုံး သတ္တဝါများဖြစ်ကြသည်။ ထိုဉာဏ်ရည်သည် ကျွန်ုပ်တို့ တွေးခေါ်တတ်မှု စွမ်းရည်နှင့် မခြားနားပေ။ ။ သို့မဟုတ် အမှန်တကယ်တည်ရှိမနေသော အကြောင်းအရာများအား ဖော်ပြနိုင်စွမ်းအပေါ်တည်မှီနေသည်။ တစ်နည်းအားဖြင့် ဝတ္ထုမဲ့စဉ်းစားတွေးခေါ်မှုပြုလုပ်နိုင်ခြင်းကြောင့်ဖြစ်သည်။

တိရစ္ဆာန်များသည်လည်း စဉ်းစားတတ်ကြသည်။ သို့သော် သူတို့တွင် ဘာသာစကားမရှိကြသဖြင့် သူတို့၏ ဉာဏ်ရည်သည် ကန့်သတ်မှု ရှိနေသည်။ ခွေးတစ်ကောင်သည် သူကြားနေကျအသံကို ကြားပါက အမြီးနှံ့ခြင်း၊ ဟောင်ခြင်းဖြင့် တုံ့ပြန်သည်။ သို့သော် အဝေးရောက်နေသော သူ့သခင်အကြောင်း ပြောပါက သူ့တွင်

တုံ့ပြန်မှုရှိလိမ့်မည် မဟုတ်ချေ။

လူသားများကမူ မိမိပတ်ဝန်းကျင်တွင် လတ်တလော တည်ရှိမနေသော လူတစ်ယောက်အကြောင်း တွေးတောစဉ်းစားနိုင်သလို သူ့အကြောင်း ဖော်ပြနိုင်သည့် စွမ်းရည်လည်းရှိပေသည်။

ကျွန်ုပ်တို့သည် ကျယ်ကျယ်ပြန့်ပြန့် တွေးခေါ်နိုင်သော်လည်း ကန့်သတ်မဲ့မဟုတ်ချေ။ ကျွန်ုပ်တို့၏ အတွေးအခေါ်များကို ဘာသာစကားက ကန့်သတ်ထားသည်။ ထို့ပြင် မည်သည့်အကြောင်းအရာများအား တွေးခေါ်မည်ကိုလည်း ဘာသာစကားကပင် လွှမ်းမိုးထားသည်။

တစ်စုံတစ်ယောက်က အကြောင်းအရာတစ်ခုနှင့် စပ်လျဉ်းပြီး ကျွန်ုပ်တို့အား မေးမြန်းလာသည့်အခါ သူ့စကားများက ကျွန်ုပ်တို့၏ အတွေးအခေါ်ကို လွှမ်းမိုးလာပါသည်။ မေးခွန်းမေးသူ၏ သဘောထားကို မေးခွန်းက သွယ်ဝိုက်ပြီးဖော်ပြတတ်ရာ အဖြေပေးသူကလည်း မေးသူနှင့် သဘောချင်းကိုက်ညီအောင် ပြုလုပ်လာတတ်ကြသည်။ တစ်နည်းအားဖြင့် မေးမြန်းသူ မျှော်လင့်သည့်အဖြေကို ပေးတတ်လာသည်။

ဝေါဟာရတ္ထဗေဒသည် ဘာသာစကားနှင့် သက်ဆိုင်သည်။ လူသားအချင်းချင်း ဆက်သွယ်မှုနှင့် တွေးခေါ်မြော်မြင်မှုအား ဘာသာစကားက လွှမ်းမိုးပုံကို အထူးပြုလေ့လာသည့် ဘာသာရပ်တစ်ခုဖြစ်သည်။

စကားလုံးများတွင် နေရာနှင့်အချိန် ဟူ၍ရှိသည်။ စကားလုံးများသည် ရုပ်ပိုင်းအခြေအနေအရ တည်ရှိနေသလို၊ အချိန်အခါအရ အဓိပ္ပာယ်တစ်ခု၊ သို့မဟုတ် တစ်ခုထက်ပို၍ ရှိနိုင်သည်။

စကားလုံးများကို နှုတ်မှရွတ်ဆိုနိုင်သလို ရေး၍လည်း ဖော်ပြနိုင်သည်။ နှုတ်မှရွတ်ဆိုသော စကားလုံးများသည် အသံများဖြစ်ပြီး ထိုအသံကို သင်၏လည်ချောင်းအတွင်းရှိ အသံနှင့်ဆိုင်သော ကြွက်

သားများကို လှုပ်ရှားစေခြင်းဖြင့် ထွက်ပေါ်လာစေသည်။ ထိုအခါ လေထုလှုပ်ရှားမှု ဖြစ်ပေါ်လာပြီး နားထောင်သူ၏ နားအတွင်းသို့ ရိုက်ခတ်သွားစေသည်။ အာရုံကြောများမှတစ်ဆင့် သူ၏ဦးနှောက်သို့ လျှပ်စစ်လှိုင်းများ ရောက်ရှိသွားသောအခါ သူသည် သင်ပြောဆိုသံကို ကြားလာရသည်။

ရုပ်ပိုင်းအခြေအနေအားဖြင့် စကားလုံးတစ်လုံးဖြစ်ပေါ်လာပုံမှာ ဤနည်းအတိုင်းဖြစ်သည်။ သို့သော် ဤအကြောင်းအရာသည် အရေးမကြီး၊ စကားလုံးများ၏ အနက်အဓိပ္ပာယ်သာလျှင် အရေးကြီးပေသည်။

'နိုင်လွန်'ဟူသော စကားလုံးသည် ဝတ္ထုပစ္စည်းတစ်မျိုးကို ရည်ညွှန်းထားသော စကားလုံးတစ်လုံးဖြစ်သည်။ ထိုပစ္စည်းကို အခြားအမည်များဖြင့်လည်း ခေါ်၍ရနိုင်မည်ဖြစ်သည်။ သို့သော်လည်း စတင်ထုတ်လုပ်သည့် ကုမ္ပဏီက ၎င်းပစ္စည်းအား နိုင်လွန်ဟု ခေါ်ဝေါ်ခဲ့သည့်အတွက် ကျွန်ုပ်တို့အားလုံးက ဤနည်းအတိုင်း ခေါ်နေကြရခြင်းဖြစ်သည်။

ကျွန်ုပ်က ထိုပစ္စည်းကို စဉ်းစားမိပြီး နိုင်လွန်ဟုပြောလိုက်သည်။ ထိုအသံကို သင်ကြားရသောအခါ သင်သည်လည်း ကျွန်ုပ်စဉ်းစားနေသော ပစ္စည်းကို စဉ်းစားလာမိမည်ဖြစ်၏။

အပေါ်ယံအားဖြင့်ကြည့်ပါက စကားလုံးနှင့် ဝတ္ထုပစ္စည်းတို့၏ ဆက်နွယ်မှုသည် ရှင်းရှင်းကလေးပင်ဖြစ်သည်ဟု သင် ထင်မှတ်ပေလိမ့်မည်။ အမှန်တကယ်ကား ဤသို့မဟုတ်။ အချို့သောသူတို့တွင် ဤအချက်နှင့်ပတ်သက်ပြီး အခက်အခဲတွေ့နေကြရသည်။ ဖော်ပြပါ ပစ္စည်းကို နိုင်လွန်ဟူသော အမည်ဖြင့်သာ ခေါ်၍ရနိုင်သည်ဟု မှတ်ယူထားသူများ ရှိကောင်းရှိပေမည်။

တစ်ခါက ကလေးငယ်တစ်ဦးက ဤသို့မေးမြန်းပြောဆိုနေသည်ကို ကြားခဲ့ရဖူးသည်။

'မေမေ ကျွန်တော်မွေးလာတော့ တခြားကောင်လေးမဟုတ်ဘဲ ကျွန်တော် မောင်မောင်ဆိုတာ ဘယ်လိုလုပ် အတတ်သိတာလဲ။'

သူသည် မောင်မောင်ဖြစ်သည်။ သူ့ကို မောင်မောင်ဟုသာ ခေါ်ရမည်။ အခြားအမည်ဖြင့် ခေါ်၍မရဟု မှတ်ယူထားဟန်ရှိသည်။ ဤဝတ္ထုပစ္စည်းနှင့် ဤစကားလုံးတို့သည် မလွဲမသွေဆက်စပ်နေရမည်ဟု ကလေးများက ယုံကြည်ထားတတ်ကြသည်။

စကားလုံးများတွင် အဓိပ္ပာယ်ရှိကြသည်။ တစ်မျိုးထက်မက ပို၍ ရှိနိုင်သည်။ လူသားများက ပေးသလောက် အမျိုးမျိုးရှိနိုင်သည်။ အသုံးပြုဆဲဖြစ်သော ဘာသာစကားတိုင်း ရှင်သန်ဖွံ့ဖြိုးလျက်ရှိသောကြောင့်ဖြစ်၏။ လူသားများသည် အရာဝတ္ထုများအတွက် အမည်သစ်များ ပေးကြသည်။ အမည်ဟောင်းများကိုလည်း ပုံစံသစ်ဖြင့် ပြန်လည်အသုံးပြုကြသည်။ အချိန်အခါလိုက်၍ စကားလုံးများ၏ အဓိပ္ပာယ် တိုးတက်ပြောင်းလဲ ဖြစ်ပေါ်နေနိုင်သည်။

'ဆာဂျင်'ဟူသော အင်္ဂလိပ်စကားလုံးသည် မူလက လက်ဖြင့် အလုပ်လုပ်သူဟူ၍ အဓိပ္ပာယ်ရှိခဲ့သည်။ ယခုအခါတွင်မူ ခွဲစိတ်ကု ဆရာဝန်ဟူသော အဓိပ္ပာယ်ကို ဆောင်လျက်ရှိနေပြီဖြစ်သည်။

'ဒေါက်တာ'ဟူသောစကားလုံး၏ မူလအဓိပ္ပာယ်သည် ဆရာ၊ သို့မဟုတ် ပညာရပ်တစ်ခုကို ကျွမ်းကျင်တတ်မြောက်သူဟူ၍ ဖြစ်သည်။ ယခုအခါ နာမကျန်းဖြစ်သူများကို ဆေးဝါးကုသပေးသူ ဆရာဝန်ဟု နားလည်နေကြပြီဖြစ်သည်။

စကားလုံးများ၏ အနက်အဓိပ္ပာယ်သည် ပြောင်းလဲခဲ့ပြီဖြစ်သည်။ ခွဲစိတ်ကုဆရာဝန်ကို ဆာဂျင်ဟုမခေါ်ဘဲ မူလအဓိပ္ပာယ်အတိုင်း ရည်ညွှန်းအသုံးပြုမည်ဆိုပါက ဆက်သွယ်မှုလွဲမှားနိုင်သည်။

ဆရာကို ရည်ညွှန်းလိုပြီး ဒေါက်တာဟု သုံးစွဲလိုက်ပါက နားလည်မှု လွဲမှားသွားနိုင်သည်။

ထို့ကြောင့် စကားလုံးများကို အသုံးပြုသည့်အခါ အများမျှော်လင့်

ထားသလို အသုံးပြုမိရန် ကျွန်ုပ်တို့ သတိထားရမည်ဖြစ်သည်။ အချင်းချင်း ဆက်သွယ်မှု မရှုပ်ထွေးစေရေးအတွက် စကားလုံး အဟောင်းများအား အဓိပ္ပာယ်သစ်များ ရုတ်တရက်မပေးသင့်ပေ။

ဥပမာအားဖြင့် 'လက်ဖက်ရည်'ဟုခေါ်သော အရည်တစ်ခုကို 'ကော်ဖီ'ဟု ချက်ချင်းမခေါ်ဝေါ်သင့်ပေ။ စကားလုံးများကို သုံးစွဲနေကျအတိုင်း အသုံးပြုပါက ကြားရသူ၏စိတ်တွင် ကျွန်ုပ်တို့ မျှော်လင့်သလို အဓိပ္ပာယ်ထင်ဟပ်လာစေမည်ဖြစ်သည်။ ဤသို့မဟုတ်ပါက 'ဘာဆိုလိုပါလိမ့်'၊ 'ဘာအဓိပ္ပာယ်ပါလိမ့်'ဟု အမျိုးမျိုးတွေးတော နေရပါလိမ့်မည်။

အချို့က စကားလုံးများတွင် ထူးဆန်းသော တန်ခိုးရှိသည်ဟု ထင်မှတ်နေကြသည်။ လူရိုင်းတစ်ဦးသည် ကျိန်ဆဲခံရပါက ဘေးဒုက္ခ မရောက်စေရန် သူ့အမည်ကို ပြောင်းပစ်ရသည်ဟု မှတ်တမ်းများတွင် ဖတ်ရဖူးသည်။ သူ၏အမည်နှင့် ဆက်စပ်နေသော ဘေးအန္တရာယ်တို့သည် သူနှင့်လည်း လာရောက်ဆက်စပ်မှုရှိလိမ့်မည်ဟု ယူဆသောကြောင့်ဖြစ်၏။ ယဉ်ကျေးသော ကျွန်ုပ်တို့တွင်လည်း ဤအဖြစ်မျိုးမရှိဟု သင် အာမခံနိုင်ပါမည်လော။

စကားလုံးများတွင် 'တန်ခိုး' ရှိသည်၊ စကားလုံးများသည် မကောင်းသောကိစ္စများ ဖြစ်လာနိုင်စေသလို ကောင်းသောကိစ္စများလည်း ဖြစ်လာနိုင်သည်ဟု တချို့က ယုံကြည်ကြသည်။ စကားလုံးများဖြင့် လူတစ်ဦးတစ်ယောက်အား ဒုက္ခဖြစ်အောင်လုပ်နိုင်သည်ဟု ယူဆကြသည်။ အလီဘာဘာပုံပြင်မှာကဲ့သို့ စကားလုံးဖြင့် တစ်ခုခု ပြုလုပ်နိုင်သည်၊ တံခါးများကိုလည်း ပွင့်လာစေနိုင်သည်ဟူသော အယူအဆသည် လွဲမှားသည့်အယူအဆများ ဖြစ်သည်။

ရှေးဟောင်းလူသားများတွင်သာ ဤအယူအဆများရှိခဲ့သည်၊ ခေတ်သစ်လူသားများတွင် ဤအယူအဆ လုံးဝမရှိဟု ဆိုနိုင်မည် မဟုတ်ပေ။

စာရေးဆရာတစ်ယောက်၏ ထူးဆန်းသော ကလောင်အမည်က သင်၏ စာဖတ်လိုစိတ်ကို နှိုးဆွပေးနိုင်သလော။ လူကို မမြင်ဖူးသော်လည်း နာမည်ကလေးက လှသည့်အတွက် တစ်ဦးတစ်ယောက်ကို သင် စိတ်ဝင်စားဖူးသလော။ နာမည်က တောဆန်သည့်အတွက် ထိုသူကို မနှက်သက်သည့်သဘော သင့်တွင် သက်ရောက်ခဲ့ဖူးပါသလော။ အဓိပ္ပာယ်မရှိသည့် ဤသို့သော ယုံကြည်မှုများ သင့်တွင် မရှိဟု ထင်ပါသည်။

မောင်ချမ်းသာဟု အမည်ပေးလိုက်သည့်အတွက် ချမ်းသာသူတစ်ဦး ဖြစ်လာနိုင်စေသလော။ မောင်သံချောင်းဟု ခေါ်သည့်အတွက် ကျန်းမာသူတစ်ဦး ဖြစ်လာစေနိုင်သလော။ ခင်ပပချောစုဝတီ ဟု အမည်ပေးလိုက်သည့်အတွက် အချောအလှများ စုဝေးလာရောက်တော့မည်လော။

ဘာသာစကားလေ့လာမှုတွင် စကားလုံးတို့၏ သမိုင်းကြောင်းကိုလည်း စူးစမ်းရှာဖွေလေ့လာကြသည်။ စကားလုံးများသည် လက်ရှိအဓိပ္ပာယ်ကို မည်သို့ရရှိလာကြသနည်း။ ဤသို့လေ့လာသည့် ဘာသာရပ်ကို 'စကားအရင်းအမြစ် လေ့လာသည့်ပညာ' ဟု ခေါ်သည်။

ဥပမာအားဖြင့် 'ဂြိုဟ်'၏ အရင်းအမြစ်သည် အဘယ်နည်း။ မည်သို့ပေါ်ပေါက်လာသနည်း။ ဂြိုဟ်သည် ဂရိစကားဖြစ်ပြီး 'လှည့်လည်သွားလာသူ' ဟု အဓိပ္ပာယ်ရှိသည်။ ဂြိုဟ်များသည် ကြယ်များကဲ့သို့ တစ်နေရာတည်း တည်ငြိမ်မနေ၊ နေရာပြောင်းလဲမှုများ ရှိကြသည်။

'ကပ္ပလီ' ဟူသော စကားသည် အာရဗီဘာသာစကားဖြစ်ပြီး အသားနက်၊ ဆံပင်ကောက်ပြီး နှုတ်ခမ်းထူသော လူမျိုးများကို သိမ်းကျုံး၍ခေါ်သော အမည်ဖြစ်သည်။

'ကပ္ပိယ' ဟူသည် ပါဠိဘာသာစကားဖြစ်ပြီး ကျောင်းတွင် ရဟန်း

တို့၏အမှုကို အပ်စပ်အောင် ဆောင်ရွက်ပေးသူဖြစ်သည်။

စကားလုံးတစ်လုံး၏ အဓိပ္ပာယ်ကို အကဲဖြတ်သည့်အခါ မှားသည်၊ မှန်သည်ဟုဆို၍ ရနိုင်မည်မဟုတ်။ သုံးနေကျအဓိပ္ပာယ် ဟုတ်မဟုတ်သာ ဖော်ပြနိုင်မည်ဖြစ်သည်။

'ဘဲ'ဟူသော စကားလုံးသည် ဘဲသတ္တဝါကို ရည်ညွှန်းသည်။ လွန်ခဲ့သည့် အနှစ် ၁၀၀ က ယောက်ျားတစ်ဦးကို 'ဘဲ'ဟု ရည်ညွှန်း၍ ရနိုင်မည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် သုံးနေကျမဟုတ်၍ ဖြစ်သည်။ ယခုအခါ ယောက်ျားတစ်ဦးကို 'ဘဲ'ဟု ခေါ်ပါက နားလည်သူ အမြောက်အမြားရှိလာပြီဖြစ်၏။

စကားလုံးများသည် အချိန်ကိုလိုက်၍ အဓိပ္ပာယ်အမျိုးမျိုး တိုးပွားဖွံ့ဖြိုးလျက်ရှိသည်။

ကျွန်ုပ်တို့သည်သာလျှင် စကားလုံးများ၏ အရှင်သခင်ဖြစ်သည်။ ကျွန်ုပ်တို့ဆန္ဒအတိုင်း စကားလုံးများတွင် အနက်အဓိပ္ပာယ် ပေါ်ပေါက်လာကြရသည်။ တိုးပွားဖွံ့ဖြိုးလာရသည်။ စကားလုံးများက ကျွန်ုပ်တို့အား လွှမ်းမိုးမှုမပြုနိုင်ပေ။

□ □ □

# အငြင်းပွားကြသောအခါ

စကားလုံးများ၏ အနက်အဓိပ္ပာယ်သည် တစ်မျိုးထက်ပို၍ ရှိသော အခါ လူသားများ၏ ဆက်သွယ်မှုတွင် ရှုပ်ထွေးမှုဖြစ်ပေါ်လာသည်။ ထိုရှုပ်ထွေးမှုမှ အငြင်းပွားမှု ဖြစ်ပေါ်လာ၏။

တစ်ခါက လူတစ်စုသည် ပြဿနာတစ်ရပ်နှင့်စပ်လျဉ်း၍ အငြင်း ပွားနေကြသည်။

'တောအုပ်ကြီးတစ်ခု၏အလယ်တွင် သစ်ပင်ကြီးတစ်ပင်ရှိသည်။ ထိုသစ်ပင်ကြီး၏ တစ်ဘက်တွင် လူတစ်ယောက်ရှိနေပြီး၊ အခြား တစ်ဖက်တွင် ရှဉ့်တစ်ကောင်ရှိသည်။ လူက သစ်ပင်ကို ပတ်ရန် စတင်ခြေလှမ်း လှမ်းလိုက်သည်နှင့်တစ်ပြိုင်နက် ရှဉ့်သတ္တဝါကလည်း စတင်ရွေ့လျားသည်။ အရပ်မျက်နှာတစ်ဖက်တည်းသို့ သူတို့နှစ်ဦး စလုံး ရွေ့လျားလျက်ရှိသည်။ လူသားက မြန်မြန်သွားလျှင် ရှဉ့်က လည်း မြန်မြန်ပြေးသည်။ ကို့ကြောင့် သစ်ပင်ကြီးက သူတို့နှစ်ဦး၏ အကြားတွင် အမြဲရှိနေ၏။'

အငြင်းပွားကြသည့်အချက်မှာ လူသားက ရှဉ့်ကို ပတ်၊ မပတ် ဟူသောအချက်ဖြစ်သည်။

ပတ်သည်ဆိုသောအဖွဲ့က ဤသို့ငြင်း၏။

'လူသားသည် မူလက ရှဉ့်၏ မြောက်ဘက်တွင် ရှိခဲ့သည်။ ထို့နောက် ရှဉ့်၏ အနောက်ဘက်သို့ ရောက်သွားသည်။ တစ်ဖန် တောင်ဘက်သို့ရောက်သွားပြီး နောက်ဆုံးအရှေ့ဘက်သို့ ရောက် သွားသည်။ ထို့ကြောင့် လူသည် ရှဉ့်ကို ပတ်လျက်ရှိသည်'ဟုဆို သည်။

ဤအချက်ကို အခြားအဖွဲ့က လက်ခံသည်။ သို့သော် လူသည် ရှဉ့်ကို မပတ်ဟု ငြင်းဆိုကြသည်။ သူတို့ကလည်း အောက်ပါအတိုင်း တင်ပြခဲ့သည်။


'လူသည် ရှဉ့်၏ ရှေ့တွင်လည်းကောင်း၊ လက်ဝဲဘက်တွင်လည်းကောင်း၊ နောက်တွင်လည်းကောင်း၊ လက်ယာဘက်တွင်လည်းကောင်း ဆက်တိုက်ရှိမနေခဲ့'ဟု ဆိုကြသည်။ (ရှဉ့်နှင့် မျက်နှာချင်းဆိုင်လျက်သာ ရှိသည်)

သူတို့တင်ပြသည့် အချက်ကိုလည်း ပထမအဖွဲ့က လက်ခံသည်။ တင်ပြချက်များကို အသီးသီးလက်ခံကြသော်လည်း လူသည် ရှဉ့်ကို ပတ်သည်၊ သို့မဟုတ် မပတ်ဟူသော ပြဿနာကိုမူ ဖြေရှင်း၍မရကြ။ အချိန်ကြာမြင့်စွာပင် ငြင်းခုံကြသည်။ မည်သူကမျှ အလျှော့မပေးကြသဖြင့် စိတ်ပညာရှင် ဝီလျံဂျိမ်းမစ်ထံသို့ ရောက်လာပြီး ဤပြဿနာကို ဖြေရှင်းပေးပါရန် ပန်ကြားကြသည်။

ဝီလျံဂျိမ်းမစ်က ဤပြဿနာသည် အကြောင်းအရာနှင့် သက်ဆိုင်သော ပြဿနာမဟုတ်။ စကားလုံးနှင့်သာ သက်ဆိုင်သော ပြဿနာဖြစ်ကြောင်း ရှင်းပြသည်။ အဓိပ္ပာယ်ကွဲပြားနေသည့် စကားလုံးမှာ 'ပတ်သည်'ဟူသည့် စကားဖြစ်ပြီး ထိုစကားလုံးကို တစ်ယောက်တစ်မျိုးစီ အဓိပ္ပာယ်ဖွင့်ဆိုကာ အငြင်းပွားနေကြခြင်းသာဖြစ်ကြောင်း ဖြေရှင်းခဲ့သည်။

ရှဉ့်ကို ပတ်သည်ဟု ငြင်းရာတွင် ပထမအဖွဲ့က ရှဉ့်နောက်မှ လိုက်ပတ်သည်ဟု ဆိုလိုပြီး ဒုတိယအဖွဲ့က ရှဉ့်အား လူက ဘေးမှ လှည့်ပတ်နေခြင်းဟု ယူဆထားသောကြောင့် ပြဿနာဖြစ်နေရသည်။

စကားလုံးများတွင် အဓိပ္ပာယ်တစ်မျိုးမက ရှိကြသည်။ ထိုသို့ ရှိနေခြင်းကြောင့်ပင် လူသားအချင်းချင်း ဆက်သွယ်ရေး၌ ပြဿနာ ဝင်ရောက်လာခြင်းဖြစ်၏။ စကားလုံးတစ်လုံးကိုပင် တစ်ဦးက အဓိပ္ပာယ်တစ်မျိုးနှင့်သုံးပြီး အခြားတစ်ဦးက နောက်တစ်မျိုးနှင့်



အသုံးပြုလာသည်။ ဤသို့ အဓိပ္ပာယ်ကွဲပြားစေခြင်းကြောင့် အငြင်းပွားမှုများ မပေါ်ပေါက်သင့်ဘဲ ပေါ်ပေါက်လာတတ်သည်။ အဆုံးမရှိသော ငြင်းခုံမှုများ ပြုလုပ်နေကြသည်။

စစ်မှန်သော ငြင်းခုံမှုတွင် ပြဿနာနှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဘက်နားလည်မှုရှိရသည်။ ဖော်ပြပါ ပြဿနာအတွက် နှစ်ဘက်သောသူတို့တွင် တူညီသောနားလည်မှု မရှိကြပေ။ မိမိအဓိပ္ပာယ်နှင့်မိမိပြောဆိုနေကြခြင်းသာဖြစ်သည်။ ပြဿနာအတွက် အရေးပါသည့်စကားလုံးကို အဓိပ္ပာယ်နှစ်မျိုးနှင့် အသုံးပြုနေကြသည်။

အခြားသူများ ဤသို့ အမှားပြုလုပ်သည့်အခါ ရှုမြင်နိုင်ရန် ကျွန်ုပ်တို့အဖို့ များစွာမခဲယဉ်းပါ။ သို့သော် မိမိကိုယ်တိုင်က ဤအမှား

မျိုးကို ပြုလုပ်လာသောအခါ အမှန်ကို မြင်နိုင်စွမ်း ရှိကြတော့မည် မဟုတ်။ ဤအမှားမျိုးကို ကျွန်ုပ်တို့ကိုယ်တိုင်လည်း ပြုလုပ်ခဲ့ဖူးကြမည်ဖြစ်သည်။

သဘောထား မကွဲပြားဘဲနှင့် ဤသို့ငြင်းခုံကြသည်မှာ အဓိပ္ပာယ် မရှိချေ။ စစ်မှန်သော ငြင်းခုံမှုတွင် တစ်ဦးပြောစကားကို တစ်ဦးက နားလည်သည်။ မိမိအမြင်သာမှန်ကြောင်း ဖော်ပြရန် ငြင်းခုံကြခြင်း ဖြစ်သည်။

ထို့ကြောင့် 'တစ်ဖက်သား မည်သို့ဆိုလိုသည်ကို ကျွန်ုပ်တို့ နားမလည်သေးသရွေ့ သူ့အား ဆန့်ကျင်အငြင်းပွားမှုကို ရှောင်ရှားရမည်'။ ဤအချက်သည် အငြင်းပွားမှုတွင် အဓိကကျသည့် အချက်တစ်ချက်ဖြစ်သည်။

စကားလုံးများ၏ အနက်အဓိပ္ပာယ်ကွဲပြားနေမှုသည် ဖော်ပြပါ ပြဿနာများ၏ အခြေခံဖြစ်သည်။ ထိုစကားလုံး၏ အဓိပ္ပာယ် တစ်မျိုးမက ပို၍ရှိနေပါက တစ်ဦး၏ဆိုလိုချက်ကို အခြားတစ်ဦးက နားလည်နိုင်မည် မဟုတ်တော့။ ထိုအခါ အငြင်းပွားမှု ပေါ်ပေါက်လာတော့သည်။

စကားလုံးများသည် အရာဝတ္ထုများကို ကိုယ်စားပြုသည်။ သို့သော်လည်း အရာဝတ္ထုတစ်ခုအတွက် စကားလုံးတစ်လုံးမက ပို၍ ရှိကြသည်။

ဥပမာ ကား၊ မော်တော်ကား၊ မော်တော်ယာဉ်ဟူသော အမည်များသည် ပစ္စည်းတစ်ခုတည်းအတွက် အသုံးပြုသော အမည်များ ဖြစ်ကြသည်။ ထိုနည်းတူ လူတစ်ယောက်တည်းကိုပင် အိမ်ထောင်ဦးစီး၊ လင်ယောကျာ်း၊ ခင်ပွန်း၊ အိမ်ဦးနတ်၊ ယောကျာ်း၊ အိမ်ကလူ၊ ကလေးတို့အဖေ စသဖြင့် အမျိုးမျိုးခေါ်ဝေါ်ကြသည်။

ဝတ္ထုပစ္စည်းတစ်ခုအတွက် အမည်အမျိုးမျိုးရှိနိုင်သလို စကားလုံး တစ်လုံးအတွက်လည်း အနက်အဓိပ္ပာယ် အမျိုးမျိုးရှိနိုင်သည်။

ဥပမာ၊ 'ကလော'ဟူသော စကားလုံးတွင် အဓိပ္ပာယ်သုံးမျိုးရှိနေသည်။ ကလောဟူသည် သစ်ပင်တစ်မျိုး၏ အမည်ဖြစ်နိုင်သကဲ့သို့ နားမခံသာဖြစ်ခြင်းဟူ၍လည်း အဓိပ္ပာယ်ပေါက်သည်။ ထို့ပြင် ကလောမြို့လည်း ဖြစ်နိုင်သည်။

'ကလိုင်'ဟူသော စကားသည် ထန်းပင်ထန်းလက် ပြုပြင်ရာတွင် အသုံးပြုသော တုတ်ချောင်းဟု အဓိပ္ပာယ်ရသကဲ့သို့ မုဆိုးကိုင်လက်နက်တစ်မျိုးကိုလည်း ကလိုင်ဟုခေါ်သည်။ ထို့ပြင် ကြေးအိုးကြေးခွက်များကို သုတ်လိမ်းသော သံဖြူကိုလည်း ကလိုင်ဟုခေါ်ပြီး၊ အခေါင်းဟုလည်း အဓိပ္ပာယ်ရသည်။

ခွေးသူခိုးဟူသည် ခိုးစားသောခွေးကို ခေါ်နိုင်သလို ခွေးခိုးသွားသော လူကိုလည်း ခေါ်နိုင်သည်။

အချို့စကားလုံးများမှာ ရေးသားစဉ် ပြဿနာမပေါ်ပေါက်သော်လည်း ပြောဆိုသံကို ကြားရသောအခါ အဓိပ္ပာယ်မရှင်းလင်းမှု ဖြစ်ပေါ်လာနိုင်သည်။ ဥပမာ ကျက်စာနှင့် ကြက်စာ၊ ကျန်းမာခြင်းနှင့် ကြမ်းမာခြင်း။ အကျန်နှင့် အကြံ စသည့်စကားလုံးများသည် အသံထွက် တူသော်လည်း အဓိပ္ပာယ်ချင်း တူညီမှုမရှိကြချေ။

'အကျန် ကောင်းမကောင်း ပြောပါ။'

'အကြံ ကောင်းမကောင်း ပြောပါ။'

ဤစာကြောင်းနှစ်ကြောင်းကို ဖတ်ကြည့်ပါက ပြဿနာမတွေ့ရသော်လည်း အသံကြားသည့်အခါ အဓိပ္ပာယ်မရှင်းလင်းမှု ဖြစ်ပေါ်လာနိုင်သည်။

တက္ကသိုလ်ကျောင်းသားများ အငြင်းပွားလေ့ရှိသည့် ပြဿနာတစ်ရပ်မှာ ဤသို့ဖြစ်၏။

'လူသားတစ်ဦးမျှမရှိသော တောအုပ်တစ်ခုတွင် သစ်ပင်တစ်ပင်လဲကျသွားသည်။ ထိုသို့လဲကျသွားမှုက အသံဖြစ်ပေါ်လာစေသလော။'

ဤမေးခွန်းက အဆုံးမရှိသော အငြင်းပွားမှုကို ဖြစ်ပေါ်လာစေသည်။

တောအုပ်ထဲတွင် သစ်ပင်လဲပြိုသံကို ကြားမည့်လူသား တစ်ဦးမျှ မရှိသဖြင့် အသံဖြစ်ပေါ်မလာဟု ကျောင်းသားတစ်ဦးက ပြော၏။ နောက်ကျောင်းသားတစ်ဦးက နားထောင်သူ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သစ်ပင်လဲပြိုမှုက လေထုအတွင်း လှုပ်ရှားမှုကို ဖြစ်လာစေသည်။ ထိုလှုပ်ရှားမှုများသည် အသံလှိုင်းများဖြစ်သည်ဟု ငြင်းဆိုသည်။

ဤအတိုင်းသာ အငြင်းပွားနေကြမည်ဆိုပါက အချိန်သာကုန်သွားမည်။ သဘောတူညီမှုကား ရကြမည်မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ဤပြဿနာမှ အဓိကစကားလုံးဖြစ်သော အသံကို အဓိပ္ပာယ်နှစ်မျိုး အသုံးပြုနေသောကြောင့်ဖြစ်၏။

သစ်ပင်လဲကျသော ဤပြဿနာတွင် အသံဟူသော စကားလုံးမှာ အဓိပ္ပာယ်နှစ်မျိုး ပေါက်နေသည်။ တစ်မျိုးမှာ 'လေလှိုင်းများလှုပ်ရှားမှုကြောင့် လူသားတို့၏ စိတ်အတွင်း ဖြစ်ပေါ်လာသော ခံစားမှု'ဖြစ်ပြီး၊ ဒုတိယတစ်မျိုးမှာ 'ထိုခံစားမှုကို ဖြစ်ပေါ်စေသည့် ရုပ်ပိုင်းအခြေအနေ'တို့ ဖြစ်သည်။ အသံဟူသော စကားလုံးကို အငြင်းပွားသူများက အဓိပ္ပာယ်နှစ်မျိုးနှင့် အသုံးပြုနေကြသည်။

ထို့ကြောင့် လူသားမရှိသော တောအုပ်တွင် သစ်ပင်လဲပြိုသော်လည်း အသံမရှိနိုင်ဟူသော ကျောင်းသား၏ ပြောဆိုချက်သည် မှန်ကန်သလို နားထောင်သူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အသံရှိလိမ့်မည်ဟု ငြင်းခုံသည့်ကျောင်းသားလည်း မှန်ကန်သည်ဟု ဆိုရပေမည်။

စကားလုံးများ၏ အနက်အဓိပ္ပာယ် မရှင်းလင်းမှုကြောင့် လူသားအချင်းချင်း ဆက်သွယ်ရေးတွင် ပြဿနာများ ပေါ်ပေါက်လာသည်။ အဓိပ္ပာယ်မရှင်းမှုသည် ဖော်ပြပါတစ်မျိုးသာမက လေးမျိုးပင်ရှိသည်။

ဖော်ပြခဲ့သည့်ဥပမာတို့မှာ စကားလုံးမရှင်းလင်းမှုဖြစ်ကြသည်။

စာကြောင်းများ၏ အဓိပ္ပာယ်မရှင်းလင်းမှုကြောင့်လည်း ပြဿနာ ပေါ်ပေါက်လာနိုင်သည်။

'ဘဲတစ်ကောင်ကို ရိုက်ခဲ့တယ်'ဟူသော စာကြောင်းသည် အဓိပ္ပာယ်နှစ်မျိုးထွက်နိုင်သည်။ ဘဲသတ္တဝါကို ရိုက်ခဲ့ခြင်း၊ သို့မဟုတ် ယောကျ်ားတစ်ယောက်ကို ရိုက်ခဲ့ခြင်း ဖြစ်နိုင်သည်။ ဘဲကို ရိုက်ခဲ့ခြင်းအတွက် ပြဿနာမကြီးလှသော်လည်း ယောကျ်ားတစ်ယောက်ကို ရိုက်ခဲ့သည်ဆိုပါက ပြဿနာတက်လာနိုင်ပေသည်။

'ခွေးသူခိုးတစ်ကောင်ကို တွေ့ခဲ့တယ်' ဟူသော စာကြောင်းတွင်လည်း အဓိပ္ပာယ်နှစ်မျိုး ရှိနေလေသည်။ ခိုးစားသောခွေးတစ်ကောင်၊ သို့မဟုတ် ခွေးခိုးသူတစ်ယောက်ဟူ၍ အဓိပ္ပာယ်ရနိုင်သည်။

'ဘယ်သူ ဆင်းရဲသလဲ' ဟူသော စကား၏အဓိပ္ပာယ် မည်သို့ရှိသနည်း။ ဘယ်သူမွဲသလဲဟု အဓိပ္ပာယ်ရနိုင်သလို ဘယ်သူ ဆင်းဝံ့သလဲဟုလည်း အဓိပ္ပာယ်ပေါက်သည်။

'သူ လက်မြှောက်သွားသည်'ဟူသော စကားသည်လည်း အဓိပ္ပာယ်နှစ်မျိုးရသည်။ လက်ကို အပေါ်သို့မြှောက်သွားခြင်း၊ သို့မဟုတ် အရှုံးပေးသွားခြင်းဟူ၍ ဖြစ်နိုင်သည်။

တတိယအမျိုးအစားမှာ စကားလုံးများအပေါ် အလေးအနက်ထားမှု၊ သို့မဟုတ် ပုဒ်ဖြတ်မှု ကွဲလွဲသည်နှင့်အမျှ အဓိပ္ပာယ်လည်း အမျိုးမျိုးထွက်လာနိုင်သည်။

'သူသည် မှန်ကန်သူဖြစ်သည်'ဟူသော စာကြောင်းတွင် ပုဒ်ဖြတ်သည့် စကားလုံးပေါ်မူတည်ပြီး မှန်ကိုကန်သူ၊ သို့မဟုတ် မှန်ကန်မှုရှိသူဟူ၍ ဖြစ်လာနိုင်သည်။

'လိုချင်တာကို ပြောပြီးမှယူပါ' ဟူသည် လိုချင်တာကို ပြော၊ ပြီးမှယူပါ၊ သို့မဟုတ် လိုချင်တာကိုပြောပြီးမှ ယူပါ ဟူ၍လည်း ဖြစ်နိုင်သည်။

စတုတ္ထအမျိုးအစားမှာ ပြောသောစကား၏ အရေးပါမှုဖြစ်သည်။

ဥပမာ၊ 'ကျွန်တော် ဒီစာမေးပွဲကို ခိုးမချပါဘူးဆရာ'ဟု ကျောင်းသားက ဆရာကို ပြောသည်ဆိုပါစို့။ ကျောင်းသား၏ ပြောဆိုချက်သည် သာမန်ပင်ဖြစ်နိုင်သော်လည်း ဆရာက အဓိပ္ပာယ် အကောက်လွဲပြီး သံသယဝင်လာနိုင်သည်။ 'ဒီကျောင်းသားဟာ ခိုးချနေတာလား၊ ဒီစာမေးပွဲကျမှ ခိုးမချတော့တာလား၊ သူ့စကား က ဘာဆိုလိုတာလဲ'ဟု ဆရာ၏စိတ်တွင် တွေးတောမှုအမျိုးမျိုး ဖြစ်ပေါ်လာစေနိုင်သည်။

အနက်အဓိပ္ပာယ် ကွဲပြားမှုကြောင့် ဆက်သွယ်ရေးတွင် ပြဿနာ ပေါ်ပေါက်လာရခြင်းဖြစ်ရာ ဤသို့ မပေါ်ပေါက်ရအောင် ကာကွယ်မှု မပြုနိုင်ဘူးလော။

လုပ်နိုင်ပါသည်။

အဓိကစကားလုံးများကို မည်သည့်အဓိပ္ပာယ်နှင့် အသုံးပြုနေ ကြောင်း တစ်ဖက်လူအား ကျွန်ုပ်တို့ မေးမြန်းကြည့်ရမည်။ တစ်နည်း အားဖြင့် အသုံးပြုသော ဝေါဟာရများကို အနက်ဖော်ခိုင်းရမည်။ အဓိကစကားလုံးများကို မည်သည့်အဓိပ္ပာယ်နှင့် အသုံးပြုနေကြောင်း သိရပါက ကျွန်ုပ်တို့အချင်းချင်း ဆက်သွယ်မှုတွင် ပြဿနာပေါ်ပေါက် လာတော့မည် မဟုတ်ပေ။

□ □ □

# ဝေါဟာရများကို အနက်ဖော်ပါ

ဝေါဟာရအတွေ၏ ကြီးမားသော ပြဿနာတစ်ရပ်မှာ ဆက်သွယ်ရေးပြဿနာဖြစ်သည်။ စကားလုံးများ၏ အနက်အဓိပ္ပာယ် မရှင်းလင်းမှုကြောင့် လူသားအချင်းချင်း ဆက်သွယ်မှုတွင် ပြဿနာဖြစ်လာရသည်။ တစ်နည်းအားဖြင့် တစ်ဦးကိုတစ်ဦး နားလည်မှု လုံးဝမရှိခြင်းကြောင့် ပြဿနာကြုံတွေ့ရခြင်းဖြစ်သည်။ အခြားသူတို့အသုံးပြုသည့် စကားလုံး၏ အဓိပ္ပာယ်ကို ကျွန်ုပ်တို့ နားမလည်သည့်အခါများရှိသကဲ့သို့ ကျွန်ုပ်တို့ အသုံးပြုသော စကားလုံးတိုင်းကိုလည်း အခြားသူများက နားလည်လိမ့်မည်မဟုတ်ချေ။ ထို့ထက် ပို၍ဆိုးသည်ကား မိမိပြောသောစကားလုံးကို မိမိကိုယ်တိုင် နားမလည်ခြင်းဖြစ်ပေသည်။

ထို့ကြောင့် လွတ်လပ်မှု၊ တရားမျှတမှု စသော အတွေးအခေါ်များကို ဖော်ပြသည့် စကားလုံးများကို အသုံးပြုသောအခါ ကျွန်ုပ်တို့၏ဆိုလိုချက်ကို ရှင်းလင်းစွာဖော်ပြသင့်ပေသည်။

ဤအချက်ကို ၁၈ ရာစု ပြင်သစ်တွေးခေါ်ပညာရှင် ဗော်လတဲယားက ညွှန်ပြဖူးသည်။ 'သင်နဲ့ ကျွန်ုပ် မဆွေးနွေးမီ သင့်ဝေါဟာရများကို အနက်ဖော်ရမယ်' ဟု ပြောဆိုခဲ့သည်။ အချို့သောသူတို့မှာ စကားပြောရာတွင် သူတို့ကိုယ်တိုင်လည်း နားမလည်၊ မည်သူမျှလည်း နားမလည်နိုင်သော စကားလုံးများကို အသုံးပြုပြီး လူအထင်ကြီးအောင်လုပ်တတ်သည့် အကျင့်ရှိကြသည်။ မည်သူမျှ နားမလည်နိုင်သော စကားများပြောဆိုပြီး သူတို့ကိုယ်သူတို့ လူတော်လူတတ်ကြီးများအဖြစ် လွဲမှားစွာ ထင်မြင်နေတတ်ကြသည်။

စကားလုံးများ၏ အဓိပ္ပာယ် မရှင်းလင်းမှုကြောင့် အခက်အခဲကြုံတွေ့ရသလို အဓိပ္ပာယ်မတိကျမှုကြောင့်လည်း ပြဿနာပေါ် ပေါက်လာနိုင်သည်။ ထိုနည်းတူ စကားလုံးများကို ပေါ့ဆစွာအသုံး ပြုခြင်းကြောင့် ဆက်သွယ်ရေးတွင် ရှုပ်ထွေးမှုဖြစ်ပေါ်လာစေနိုင် သည်။ တစ်ခါတစ်ရံ စကားလုံး၏ အဓိပ္ပာယ် မည်သို့မျှမပါဘဲ အသုံး ပြုခြင်းကြောင့် နားလည်မှုခက်ခဲလာစေနိုင်သည်။

စကားလုံးတစ်လုံးတွင် အဓိပ္ပာယ်တစ်မျိုးထက်ပို၍ ရှိနေသည့် အခါ မည်သည့်အဓိပ္ပာယ်နှင့် အသုံးပြုထားသည်ကို ရှင်းလင်းဖော်ပြ မထားပါက အဓိပ္ပာယ်မကွဲပြားမှု ဖြစ်ပေါ်လာစေနိုင်သည်။ ထိုနည်းတူ စကားလုံးတစ်လုံးကို မည်သည့်အတိုင်းအတာအထိ ကျယ်ပြန့်စွာ အသုံးပြုထားကြောင်း၊ သို့မဟုတ် မည်မျှနက်နဲကြောင်း ဖော်ပြထား ခြင်း မရှိသည့်အခါ အဓိပ္ပာယ်မတိကျမှု ဖြစ်ပေါ်လာသည်။

ဥပမာအားဖြင့် အနောက်တိုင်းဟူသည် အနောက်နိုင်ငံအားလုံး ကို ဆိုလိုခြင်းဖြစ်သလော၊ သို့မဟုတ် မိမိစိတ်ကူးထဲတွင် ရှိနေသည့် အနောက်နိုင်ငံအချို့ကို ဆိုလိုခြင်းလော၊ တိကျစွာ ဖော်ပြထားခြင်း မရှိပါက စကားလုံးမတိကျမှု ဖြစ်ပေါ်လာစေနိုင်သည်။

အကြောင်းအရာ တစ်စုံတစ်ခုနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့ ရေးသား သည့်အခါဖြစ်စေ၊ ပြောဆိုသည့်အခါဖြစ်စေ စကားလုံးများကို မည် သည့်အဓိပ္ပာယ်နှင့် အသုံးပြုထားကြောင်း ဖော်ပြသင့်သည်။

စာရေးသူသည် စကားလုံးတစ်လုံးကို မိမိနှစ်သက်သလို အသုံး ပြုနိုင်သော်လည်း အဓိပ္ပာယ်အသစ် တီထွင်အသုံးပြုမည်ဆိုပါက များစွာ သတိထားသင့်ပေသည်။ မူလအဓိပ္ပာယ်တို့သည် စာဖတ်သူ များ၏စိတ်တွင် စွဲမြဲနေပြီးဖြစ်ရာ အဓိပ္ပာယ်အသစ်နှင့် ရုတ်တရက် ပြောင်းလဲစဉ်းစားတွေးခေါ်ရန်မှာ လွယ်ကူမည်မဟုတ်ပေ။ ထိုအခါ ရှုပ်ထွေးမှုပေါ်ပေါက်လာသဖြင့် နားလည်နိုင်မည် မဟုတ်တော့ပေ။ အကျိုးဆက်အားဖြင့် မိမိ၏ ရေးသားမှု၊ သို့မဟုတ် ပြောပြောမှု



အပေါ်တွင် စိတ်ဝင်စားမှု လျော့နည်းသွားနိုင်သည်။

ဝေါဟာရများကို အနက်ဖော်သည်ဆိုသည့်ကိစ္စမှာ လွယ်ကူသည့် အလုပ် မဟုတ်ပေ။ အလွန်ရှုပ်ထွေးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပေသည်။ ဤလုပ်ငန်း၏ အဓိကရည်ရွယ်ချက်မှာ အနက်အဓိပ္ပာယ် ရှင်းလင်းလာစေရန် ဖြစ်သော်လည်း တစ်ခါတစ်ရံ အခြားရည်ရွယ်ချက်များလည်း ရှိတတ်သည်။

ဥပမာ၊ ဝါဒဖြန့်ချိသည့် လုပ်ငန်းများတွင် စကားလုံးအနက်ဖော်ခြင်းသည် အဓိပ္ပာယ်ရှင်းလင်းခြင်း မဟုတ်ဘဲ စာဖတ်သူ၊ သို့မဟုတ် နားထောင်သူ၏ သဘောထားအား မိမိလိုလားသလို ပြောင်းလဲလာစေရန် ဆောင်ရွက်ခြင်းဖြစ်သည်။

စကားလုံးများကို မည်သို့ အနက်အဓိပ္ပာယ် ဖော်နိုင်သနည်း။

တစ်နည်းမှာ 'အဓိပ္ပာယ်တူ စကားလုံးတစ်လုံးဖြင့် ဖော်ပြခြင်း' ဖြစ်၏။

'စိတ်မော'၏ အဓိပ္ပာယ်ကို စိတ်ပင်ပန်းသည် ဟူ၍လည်းကောင်း။ 'စိုးစဉ်း' ဟူသော စကားလုံးကို အနည်းငယ် ဟူ၍လည်းကောင်း အနက်ဖော်နိုင်သည်။

စကားလုံးများကို စာကြောင်းတွင် အသုံးပြု၍လည်း အနက်ဖော်နိုင်သည်။

ဥပမာ၊ 'အသည်းတထိတ်ထိတ်နှင့် စောင့်မျှော်ကြည့်ရင်း စိတ်မောနေရှာလေ၏' ဟူ၍လည်းကောင်း၊ 'သစ်ပင်တစ်ပင်မှသည် တစ်ပင်သို့ ခုန်လွှား၍ ငါသွားသည်' ဟူ၍လည်းကောင်း စာကြောင်းတွင်သုံး၍ စကားလုံးများကို အနက်ဖော်နိုင်သည်။

တတိယနည်းမှာ 'အဓိပ္ပာယ်ဖွင့်ဆိုခြင်း' ဖြစ်သည်။

ဥပမာ၊ 'ဓားပြ' ဟူသော စကားလုံးအား 'လက်နက်ဖြင့် အကြမ်းဖက်ခြိမ်းခြောက်ကာ ပစ္စည်းကို လုယူသူ' ဟူ၍ အနက်ဖော်ခြင်းသည် ဤနည်းတွင် ပါဝင်သည်။

စိတ်မော၊ စိုးစဉ်း၊ ဓားပြ စသောစကားလုံးများကို ဤကဲ့သို့ အနက်ဖော်နိုင်သော်လည်း အသုံးများသော စကားလုံးများကို အနက်အဓိပ္ပာယ်ဖော်ရန်မှာ မလွယ်ကူလှပေ။

ဥပမာ 'စကားလုံး'ကို မည်သို့ အနက်ဖော်မည်နည်း။ မြန်မာအဘိဓာန်အကျဉ်းချုပ်အရ စကားလုံးဟူသည် အနက်အဓိပ္ပာယ်ရှိသော တစ်ခုတည်းသော စကားခွန်းဖြစ်သည်။ ဤအနက်ဖော်ချက်သည် ဓားပြဟူသော စကားလုံးအား အနက်ဖော်ချက်လောက် ရှင်းလင်းပြတ်သားမှုမရှိချေ။ သို့သော်လည်း ယေဘုယျအားဖြင့် ဤအနက်ဖော်ချက်လောက်နှင့်ပင် အသုံးချ၍ ရနိုင်ပေပြီ။

စကားလုံးတစ်လုံးသည် အရာဝတ္ထုတစ်ခုခုကိုသာ ကိုယ်စားပြု

သည်ဆိုပါက အနက်ဖော်ချက် မတိကျသော်လည်း အသုံးပြု၍ ဖြစ်နိုင်သည်။ သို့သော် အချို့စကားလုံးများအတွက်မူ တိကျဖို့လိုပေမည်။ ဥပမာ၊ 'အနုပညာ'ဟူသော စကားလုံးကို အခြားသောစကားလုံး တစ်ခုနှင့် အစားထိုးရုံဖြင့် ပြည့်စုံမည်မဟုတ်ပေ။

အချို့သော စကားလုံးများ၏ အဓိပ္ပာယ်ကိုမူ နမူနာပြခြင်း၊ သို့မဟုတ် ညွှန်ပြခြင်းဖြင့် လုံလောက်မည်ဖြစ်သည်။

ဥပမာ၊ 'အစိမ်းရောင်ဆိုတာ ဘာလဲ'ဟု မေးမြန်းလာပါက မြက်ပင်၊ သစ်ပင် စသည်တို့ကို ညွှန်ပြပြီး အစိမ်းရောင်ကို ဖော်ပြနိုင်သည်။ သို့သော်လည်း မွေးကတည်းကပင် မျက်စိမမြင်သူတို့အား ဤသို့ညွှန်ပြ ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ပေ။

စကားလုံးများ၏ အနက်အဓိပ္ပာယ် ဖော်ပြခြင်းသည် လွယ်ကူသည့်အလုပ် မဟုတ်ချေ။ ရာစုနှစ်ပေါင်းများစွာကပင် ပညာရှင်တို့သည် အချို့သော စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို ပြည့်စုံစွာ ဖော်ပြနိုင်ရန် ကြိုးပမ်းခဲ့ကြသည်။ ဥပမာအားဖြင့် မှန်ကန်ခြင်း၊ လှပခြင်း၊ ကောင်းမွန်ခြင်း စသည့်စကားလုံးများ၏ အနက်အဓိပ္ပာယ်ကို ဖော်ပြနိုင်ရန် အားထုတ်ခဲ့ကြသည်။ သို့သော်လည်း ယခုအချိန်အထိ မည်သူမျှ ပြည့်စုံစွာဖော်ပြနိုင်ခြင်း မရှိသေးပေ။ မည်သူမျှလည်း ပြည့်စုံစွာဖော်နိုင်လိမ့်မည် မဟုတ်ချေ။ စကားလုံး အားလုံးအတွက် တိတိကျကျ အနက်ဖော်နိုင်စွမ်း ရှိလိမ့်မည်ဟု ကျွန်ုပ်တို့ယူဆပါက လွဲမှားပေလိမ့်မည်။ ဤသို့ အနက်မဖော်နိုင်သည့်အတွက် စကားလုံးများကို ကျွန်ုပ်တို့ နားလည်မှုမရှိဟု ယူဆလျှင်လည်း မှန်ကန်လိမ့်မည် မဟုတ်ပေ။ ဥပမာအားဖြင့် အချိန်ဟူသော စကားလုံး၏အဓိပ္ပာယ်ကို နားလည်ကြသော်လည်း အနက်အဓိပ္ပာယ် တိတိကျကျဖော်ပြရန်မှာ များစွာခဲယဉ်းလှပေသည်။

❐ ❐ ❐

## သုတ၊ ရသနှင့် ညွှန်ကြားမှု စာပေများ

တစ်ဦးနှင့်တစ်ဦး ဆက်သွယ်ကြရာတွင် စကားလုံးများ၏ အနက်အဓိပ္ပာယ်ကိုလည်းကောင်း၊ စာတစ်ပုဒ်၏ ဆိုလိုချက်ကိုသော်လည်းကောင်း နားမလည်သည့်အခါ တစ်ဦးနှင့်တစ်ဦး အထင်လွဲမှားမှုများ ဖြစ်ပေါ်လာနိုင်သည်။ တစ်ခါတစ်ရံ ရည်ရွယ်ချက်ကို နားမလည်ခြင်းကြောင့် ဆက်သွယ်မှုများ ပျက်ပြယ်သွားနိုင်သည်။ နားလည်မှု လွဲမှားခြင်း၏ အခြေခံအကြောင်းရင်းမှာ ဘာသာစကားအား မည်သို့ အသုံးပြုနေသည်ကို မသိခြင်းကြောင့်ဖြစ်သည်။

ကဗျာတစ်ပိုဒ်ကို ဖတ်ရာတွင် အချို့သောသူတို့သည် သုတေသန အစီရင်ခံစာတစ်ခုပမာ သဘောထားပြီး ဖတ်ကြသည်။ ဤသို့ ဖတ်ရှုခြင်းသည် မှားယွင်းသည်။ သိပ္ပံပညာရှင်၏ ရည်မှန်းချက်သည် တွေ့ရှိချက်များအား တိကျမှန်ကန်စွာ တင်ပြနိုင်ရေးဖြစ်သည်။ ကဗျာဆရာ၏ ရည်ရွယ်ချက်ကား ဤသို့မဟုတ်ချေ။ ကဗျာဖတ်သူ၏ စိတ်အတွင်းဝယ် ခံစားမှုတစ်ရပ် ပေါ်ပေါက်လာအောင် ရေးသားထားခြင်းဖြစ်သည်။ သိပ္ပံသဘောအရ အချက်အလက်များ၏ မှန်ကန်မှု၊ မမှန်ကန်မှုကို အရေးထားလိမ့်မည် မဟုတ်ပေ။ ဆရာဇော်ဂျီသည် တိမ်လွှာကဗျာကို ဤသို့ရေးသားဖွဲ့နွဲ့ခဲ့၏။

မြေဆီကို အတန်မြည်းကာပေ့ါ
မြေသီးကို နာနာခဲပါလို့
ရဲတော့မည့် မာန်ကို ဆင်လိုက်ပေ့ါ
ရာန်ဝင်သူ ရာန်ကစားသလိုပ

မြေခင်သူ မြေမှာတွားကာဖြင့်
အားသစ်မယ်လေး။


ကဗျာစာသားတွင် ပါဝင်သည့်အတိုင်း မြေဆီကို မြည်းကာ စားကြည့်ပြီး မြေ၏အသီးကို ပါးစပ်ဖြင့် ကိုက်ခဲစားကြည့်ရန် ကဗျာဆရာအနေနှင့် ရည်ရွယ်မည် မဟုတ်ပေ။ ကဗျာဖတ်သူ၏ စိတ်နှလုံးဝယ် ခံစားမှုတစ်ရပ် ဖြစ်ပေါ်လာစေရန်သာ ရည်ရွယ်ပြီး ရေးသားထားခဲ့ခြင်းဖြစ်သည်။

ဘာသာစကားကို ကျွန်ုပ်တို့သည် ရည်ရွယ်ချက်အမျိုးမျိုးနှင့် အသုံးပြုကြသည်။ ရည်ရွယ်ချက်များကို ကဏ္ဍပိုင်းခြားလိုက်ပါက သုံးမျိုးရရှိလာမည်ဖြစ်သည်။ အသုံးပြုသည့် လုပ်ငန်းအရ လုပ်ငန်းသုံးမျိုး ရရှိလာသည်။

- ဖတ်ရှုသူတို့အတွက် ဗဟုသုတရရှိစေရန် ရည်ရွယ်ပြီး ရေးသားထားသော သုတလုပ်ငန်းသည် ပထမအမျိုးအစားဖြစ်သည်။
- ဒုတိယအမျိုးအစားမှာ ကျွန်ုပ်တို့၏ ခံစားချက်များကို အခြားသူများသိရှိလာအောင် ဖော်ထုတ်ရေးသားသည့်လုပ်ငန်းဖြစ်သည်။ ဝတ္ထု၊ ကဗျာနှင့် သီချင်းတို့သည် ဤအမျိုးအစားတွင်ပါဝင်သည်။
- တတိယအမျိုးအစားမှာ ဖတ်ရှုသူများအား ကျွန်ုပ်တို့ အလိုရှိသလို ပြုမူဆောင်ရွက်စေသည့် ညွှန်ကြားမှုလုပ်ငန်းဖြစ်သည်။

နက္ခတ်တာရာများအကြောင်း ဖတ်ရှုလေ့လာသည့်အခါ စကြဝဠာအကြောင်း သိရှိလာကြသည်။ နေသည် ကမ္ဘာထက် အဆတစ်ရာကြီးသည်။ ဟင်းလင်းပြင်တွင်ရှိသည့် နေကဲ့သို့သော ကြယ်များသည် ကမ္ဘာပေါ်ရှိ ကမ်းရိုးတန်းအားလုံးမှ ရှိရှိသမျှ သဲပွင့်များလောက်ရှိကြသည်ဟု သိရှိလာကြသည်။ လောကအကြောင်း၊ ပတ်ဝန်းကျင်အကြောင်း၊ လူသားများနှင့် တိရစ္ဆာန်များအကြောင်း နားလည်လာကြသည်။

## ကားမရပ်ရ



ကျွန်ုပ်တို့ ခံစားမှုကို ဖော်ပြရန်အတွက်လည်း ဘာသာစကားကို အသုံးပြုနိုင်သည်။ ကျွန်ုပ်တို့ မနှစ်သက်သော လူတစ်ယောက် အကြောင်း သင့်အားပြောပြသည့်အခါ ကျွန်ုပ်တို့ကဲ့သို့ပင် ခံစား လာစေနိုင်သည်။ ရယ်စရာပုံပြင်တစ်ခုကို သင့်အားပြောပြသည့်အခါ သင်သည် ရယ်မောလာသည်။ ကျွန်ုပ်တို့ခံစားသည့်အတိုင်း သင် သည်လည်း ခံစားလာရခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘာသာ စကားကို ရသလုပ်ငန်းတွင် အသုံးပြုနေခြင်းဖြစ်၏။

ထို့ပြင် ညွှန်ကြားမှုလုပ်ငန်းတွင်လည်း ဘာသာစကားကို အသုံး ပြုနိုင်သည်။

'ကွမ်းတံတွေး မထွေးရ'

'ဆေးလိပ် မသောက်ရ'

'တစ်နေ့ သုံးကြိမ်သောက်ပါ'

ဤစာကြောင်းများသည် ညွှန်ကြားချက်များဖြစ်ကြသည်။ ကျွန်ုပ် တို့အား တစ်ခုခုပြုလုပ်စေလို၍ ညွှန်ကြားနေခြင်းဖြစ်သည်။

'တွေ့ရတာ ဝမ်းသာပါတယ်'

'လှလိုက်တဲ့ ကလေး'

'ကျေးဇူးတင်ပါတယ်'

'ပြန်ပါဦးမယ်'

ဖော်ပြပါစကားများသည် ညွှန်ကြားမှုလုပ်ငန်းတွင် ပါဝင်သည်။ တစ်ဦးနှင့်တစ်ဦး ဆက်ဆံရေးတွင် အဆင်ပြေစေလို၍လည်းကောင်း၊ ခင်မင်ရင်းနှီးလို၍လည်းကောင်း ဤသို့ပြောဆိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ကျွန်ုပ်တို့လိုလားသလို ဖြစ်လာစေရေးအတွက် ဤစကားများကို အသုံးပြုနေခြင်းဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် ဘာသာစကားကို ဖော်ပြပါရည်ရွယ်ချက်သုံးခုမှ တစ်ခုခုအတွက် အသုံးပြုကြသည်ဟု ဆိုရမည်ဖြစ်သည်။ ရည်ရွယ်ချက် သုံးခုရှိသည်ဟု ဆိုရသော်လည်း ထိုရည်ရွယ်ချက်များသည် တစ်ခုနှင့်တစ်ခု အစဉ်အမြဲ သီးခြားကင်းလွတ်နေသည်ဟု မဆိုနိုင်ပေ။ တစ်ခါတစ်ရံ ရောယှက်နေကြမည်ဖြစ်သည်။ သို့မဟုတ် တစ်စုံတစ်ခုသော အတိုင်းအတာအထိသာ ကင်းကင်းရှင်းရှင်း ဖြစ်နေကြပေမည်။

အချို့သော စကားလုံးများသည် အကြောင်းအရာတစ်ခုကိုသာ ပြောဆိုသည်။ ထိုစကားသံကို ကြားရခြင်းကြောင့် ကျွန်ုပ်တို့တွင် မည်သို့သော ခံစားမှုမျှ ဖြစ်ပေါ်လာမည် မဟုတ်ပေ။

'ဒီနေ့မနက် ၆ နာရီမှာ နေထွက်တယ်'

'ဒီနေ့ လေငြိမ်တယ်'

သို့သော် အောက်ပါစာကြောင်းများကမူ ပြောဆိုသူ၊ သို့မဟုတ် ကြားရသူ၏စိတ်ကို အတော်အတန် ထိပါးစေမည်ဖြစ်သည်။

'ဒီနေ့ အချစ်ဦးနဲ့ တွေ့ခဲ့တယ်'

'မမျှော်လင့်ဘဲ ငယ်သူငယ်ချင်းတစ်စု ဆုံကြတယ်'

'တော်တော်လောဘကြီးတဲ့ အကောင်'

စကားလုံးများသည် အက္ခရာစာလုံးများ စုပေါင်းထားခြင်းမျှသာ ဖြစ်သော်လည်း အချို့သော စကားလုံးများက ခံစားမှု၊ သို့မဟုတ် စိတ်လှုပ်ရှားမှုကို ဖြစ်လာစေသည်။

သစ်ပင်၊ မြေကြီး၊ မြစ် စသောစကားလုံးများသည် ယေဘုယျအားဖြင့် စိတ်လှုပ်ရှားမှုကို မဖြစ်စေသည့် သာမန်စကားလုံးများဖြစ်ကြ၏။ အချစ်ဦး၊ ငယ်သူငယ်ချင်း၊ ရမ္မက်၊ တဏှာ၊ လောဘ စသောစကားလုံးများကမူ ကြားရသူ၏စိတ်ကို လှုပ်ရှားစေနိုင်သည်။ ကြည်နူးခြင်း၊ အထင်မြင်သေးခြင်း စသည့်ခံစားမှုများ ဖြစ်ပေါ်စေနိုင်သည်။

စကားလုံးများနှင့်ဆက်စပ်နေသော ခံစားမှုများသည် ကျွန်ုပ်တို့၏ အတွေ့အကြုံမှ ပေါက်ဖွားလာကြသည်။ ဥပမာ၊ ထမင်းဟူသော စကားကို ကြားရပါက ကျွန်ုပ်တို့အတွက် မည်သို့သော စိတ်လှုပ်ရှားမှုကိုမျှ မဖြစ်ပေါ်စေသော်လည်း အစာငတ်မွတ်သဖြင့် သေလုမျောပါးဖြစ်နေသော သူတစ်ဦးအဖို့ စိတ်လှုပ်ရှားမှု များစွာဖြစ်စေနိုင်သည်။

စကားလုံးတစ်လုံးက တစ်စုံတစ်ယောက်အား ခံစားမှုပေးနိုင်ခြင်း ရှိ မရှိ ဟူသည်မှာ သူ၏အတွေ့အကြုံပေါ်တွင် မူတည်ပေသည်။ စိတ်လှုပ်ရှားရသော အတွေ့အကြုံတစ်ခုနှင့် စကားလုံးတစ်လုံးသည် တစ်ချိန်တစ်ခါက အတူယှဉ်တွဲဆက်စပ်ဖူးပါက ထိုစကားလုံးကို တစ်ဖန်ပြန်ကြားရသောအခါ ယခင်ခံစားမှုသည် ပြန်လည်ပေါ်ပေါက်လာမည်ဖြစ်သည်။

အချို့သော စကားလုံးများကမူ လူအတော်များများအတွက် စိတ်လှုပ်ရှားမှုကို ဖြစ်ပေါ်စေနိုင်ပေလိမ့်မည်။ ဥပမာ၊ လူသတ်သမား၊ ခွေးရူး၊ သွေး စသည့်စကားလုံးများသည် စိတ်လှုပ်ရှားမှုကို ဖြစ်လာစေနိုင်သည်။

ရှင်သန်နေသော ဘာသာစကားတစ်ခုအား အသုံးပြုရာတွင် သုတလုပ်ငန်း၊ ရသလုပ်ငန်း၊ ညွှန်ကြားမှုလုပ်ငန်းဟူ၍ အစဉ်အမြဲ

သီးခြား ပိုင်းခြားထားနိုင်လိမ့်မည် မဟုတ်ပေ။ ဆွေးနွေးမှုတွင် လွယ်ကူစေရန်အတွက်သာ ကျွန်ုပ်တို့သည် လုပ်ငန်းများကို ပိုင်းခြား ဖော်ပြထားခြင်းဖြစ်သည်။ သုတစာပေတွင် ရသကို တွေ့ရမည်ဖြစ် သလို၊ ရသစာပေတွင်လည်း သုတကို တွေ့ရသည်။ ညွှန်ကြားမှု လုပ်ငန်းမှာပင် ရသကို တွေ့နိုင်ပေသည်။

'ဗို့ ဖဖဝ၊ မကိုင်ရ၊ သေတတ်သည်'

'မီး သတိထား'

ဘာသာစကားကို ညွှန်ကြားမှုလုပ်ငန်းအတွက် ဤသို့အသုံးပြု သည့်အခါမှာပင် ရသပါဝင်မှုရှိသည်ကို တွေ့ရသည်။ ဤစာကြောင်း များကို ဖတ်ရခြင်းဖြင့် ကြောက်စိတ်နှင့် စိုးရိမ်စိတ်များ ပေါ်ပေါက် စေနိုင်သည်။

ကမ္ဘာမြေကြီးသည် နေ၏ အပုံတစ်ရာလျှင် တစ်ပုံသာရှိသည် ဟူသောစာကြောင်းကို ဖတ်ပြီး စဉ်းစားကြည့်ပါ။ ထိုစာကြောင်း၏ အဓိက ရည်ရွယ်ချက်သည် ဖတ်ရှုသူအား သုတပေးရန်ဖြစ်သည်။ ရသပေးရန် မဟုတ်ပေ။

သို့သော်လည်း နေကဲ့သို့သော ကြယ်တာရာများ ဟင်းလင်းပြင် အတွင်း အမြောက်အမြားရှိသည်။ ယင်းတို့၏ အရေအတွက်သည် ကမ္ဘာ့ပင်လယ်ကမ်းရိုးတန်းများမှ သဲပွင့်အားလုံးကို စုစုပေါင်းထား သလောက်ရှိသည်ဟု ဆိုသောအခါ ဟင်းလင်းပြင်ကြီး အပြောကျယ် ပုံကို စဉ်းစားမိသည်။ တဆက်တည်းမှာပင် ကျွန်ုပ်တို့ကမ္ဘာသည် အလွန်သေးငယ်ပြီး၊ လူသားများတည်ရှိမှုသည် အလွန်ပင် အရေး မပါလှပုံကို သိလာရသည့်အခါ စိတ်တွင် သိမ်ငယ်သောခံစားမှု ဖြစ် ပေါ်လာစေသည်။

ယေဘုယျအားဖြင့် သုတပုံစံနှင့်သူ သန့်သန့်တွေ့နိုင်သည့် အမျိုး အစားမှာ သုတစာပေဖြစ်သည်။ သိပ္ပံပညာရှင်များ ရေးသားသည့် စာပေသည် သုတအမျိုးအစားတွင် ပါဝင်သည်။ ရူပဗေဒ၊ ဓာတုဗေဒ

ကဲ့သို့သော ရုပ်ပိုင်းဆိုင်ရာသိပ္ပံတွင် ဤအမျိုးအစားကို တွေ့ရသည်။ သို့သော်လည်း အချို့သောဘာသာရပ်များ(ဥပမာ၊ သမိုင်း)တွင်မူ သုတသာမက ရသပါ ရောယှက်ပါဝင်နေနိုင်သည်။

ရသစာပေသည် အဓိကအားဖြင့် ခံစားမှုပါဝင်သည်။ ရသစာပေ၏ အဓိကရည်မှန်းချက်ကပင် ဖတ်ရှုသူတို့တွင် ခံစားမှုများဖြစ်ပေါ်လာစေရန်ဖြစ်သည်။ လွမ်းမောဖွယ်ရာအကြောင်း ဖတ်ရလျှင် လွမ်းလာစေသည်။ ကြောက်လန့်ဖွယ်ရာအကြောင်း ဖတ်ရပါက ကြောက်ရွံ့စိတ် ပေါ်လာစေသည်။

ရသစာပေတွင် စာရေးသူ၏စိတ်အတွင်းဝယ် ကိန်းအောင်းနေသော ခံစားမှုများကို ဖတ်ရှုသူတို့အား မျှဝေခံစားစေလို၍ ရေးခြင်းဖြစ်သည်။ ဖတ်ရှုသူတို့တွင် သနားစိတ်၊ ချစ်စိတ်၊ ကြောက်ရွံ့စိတ်စသည့် ခံစားမှုများ ပေါ်ပေါက်လာစေရန်ဟူသော ရည်ရွယ်ချက်နှင့်လည်း တစ်ခါတစ်ရံ ရေးသားကြသည်။

ရသစာပေတွင် သုတလည်း ကင်းမည်မဟုတ်ပေ။ အချို့သောဝတ္ထုများသည် ဒေသန္တရဗဟုသုတကိုသော်လည်းကောင်း၊ ဇာတ်ဆောင်ကိုယ်စားပြုသည့် အလွှာ၏ နေရေး၊ ထိုင်ရေး၊ စီးပွားရေးကိုသော်လည်းကောင်း ဖတ်ရှုသူတို့ သိရှိလာစေနိုင်သည်။

အလာနှင့်အပြန် အမည်ရှိသော ကဗျာကို အောက်ပါအတိုင်း တွေ့ရသည်။

'ငါဝင်လာတော့
မာတာမိခင် သူ့ရင်ခွင်၌
ပန်းပင်တစ်ပင် ပေါက်ခဲ့တယ်။
ငါပြန်သွားတော့
ကျောင်းနားကန်နား ဇရပ်ကြားမှ
တရား၊ ဓမ္မ အေးမြမြနှင့်

အမျှဝေသံ၊ ကြေးစည်သံကို
လက်ခံလိုက်ရပါတော့တယ်။

ဤကဗျာသည် လူသားတစ်ဦး မွေးဖွားလာခြင်းနှင့် ကွယ်လွန်ခြင်းအကြောင်းကို ဖွဲ့ထားသည့် ကဗျာဖြစ်သည်။ လူသားတိုင်း တွေ့ရသည့် အခြေအနေနှစ်ရပ်ကို ညွှန်ပြထားသည်။ သူခံစားရသလို ကဗျာဖတ်ရှုသူများ ခံစားစေလိုသည့်အတွက် ရေးသားထားသည့် ကဗျာစာပိုဒ်ဖြစ်သည်။ ထိုကဗျာကို ဖတ်ရှုခြင်းဖြင့် ရသသာမက သုတပါ ရစေနိုင်သည်။

သို့သော်လည်း ရသစာပေများတွင် ဘဝသင်ခန်းစာကိုသော်လည်းကောင်း၊ ဆုံးမစာကိုသော်လည်းကောင်း၊ အသိပညာကိုသော်လည်းကောင်း တွေ့မြင်ဖတ်ရှုရလိမ့်မည်ဟု မမျှော်မှန်းသင့်ပေ။ ရသစာပေ၏ အဓိကရည်ရွယ်ချက်မှာ ဖတ်ရှုသူနှင့် ခံစားမှုချင်းဆက်သွယ်ရန်ဖြစ်သည်။ သုတပေးရန် မဟုတ်ပေ။

ဘာသာစကားကို ညွှန်ကြားမှုလုပ်ငန်းတွင်လည်း အသုံးပြုကြောင်း ကျွန်ုပ်တို့ သိခဲ့ကြပြီးဖြစ်သည်။ ကျွန်ုပ်တို့၏ ဆန္ဒအတိုင်း လူသားများ ပြုမူဆောင်ရွက်စေလိုသောအခါ ကျွန်ုပ်တို့သည် ညွှန်ကြားမှုများ ပြုလုပ်ကြသည်။

'ဖိနပ် မစီးရ'

'ကွမ်းတံတွေး မထွေးရ'

'မီးကို ရှိသေပါ'

ဤစာကြောင်းများသည် သင့်အား တစ်ခုခုပြုလုပ်စေရန် ညွှန်ကြားနေကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့၏ အတွေ့အကြုံအရ တိုက်ရိုက်ညွှန်ကြားသည်ထက် သွယ်ဝိုက်ညွှန်ကြားခြင်းက တစ်ခါတစ်ရံ ပို၍အောင်မြင်ကြောင်း တွေ့ကြရသည်။ သွယ်ဝိုက်ညွှန်ကြားမှုကို ဤသို့တွေ့ရမည်ဖြစ်သည်။

'ခရီးသွားချင်း ကိုယ်ချင်းစာပါ'

'သင့်ကြောင့် မညစ်ပတ်ပါစေနှင့်'

'လက်မှတ်မပါ ရှက်စရာ'

လူသားတို့အား မိမိဆန္ဒအတိုင်း ပြုမူလာစေရေးအတွက်သော်လည်းကောင်း၊ မိမိခံစားစေလိုသည့်အတိုင်း ခံစားလာစေရန်အတွက်သော်လည်းကောင်း သွယ်ဝိုက်ဆွဲဆောင်သော လုပ်ငန်းသည် ဝါဒဖြန့်ချိခြင်းလုပ်ငန်းဖြစ်သည်။ ဤလုပ်ငန်းသည် ရှေးပဝေသဏီကတည်းကပင် တည်ရှိခဲ့သည့်လုပ်ငန်းဖြစ်သည်။ စစ်ရေးနယ်ပယ်တွင် အသုံးပြုသည့်အခါ ထိုလုပ်ငန်းကို စိတ်ဓာတ်စစ်ဆင်ရေးဟု ခေါ်ဝေါ်ကြသည်။ ဤနယ်ပယ်များသည် အလွန်ပင်ကျယ်ပြန့်သည်။

ဝါဒဖြန့်ချိရေး၊ သို့မဟုတ် စိတ်ဓာတ်စစ်ဆင်ရေး ကိစ္စများအတွက် ရေးသားထားသည့် စာပေများသည် ညွှန်ကြားမှုလုပ်ငန်းကို ဆောင်ရွက်နေကြခြင်းဖြစ်သည်။ သို့သော် 'ကွမ်းတံတွေး မထွေးရ' ဟူသော ညွှန်ကြားမှုကဲ့သို့ တိုက်ရိုက်မဟုတ်ဘဲ 'သင့်ကြောင့် မညစ်ပေပါစေနှင့်' ဟူသော စာကြောင်းကဲ့သို့ သွယ်ဝိုက်ပြီး ညွှန်ကြားမှုပြုလုပ်နေသည့် စာပေများဖြစ်ကြသည်။ ထို့ကြောင့် အချို့သူတို့မှာ မိမိအား ညွှန်ကြားမှုပြုလုပ်နေကြောင်းကိုပင် သိလိမ့်မည်မဟုတ်ပေ။

□ □ □

# ဤသို့မပြောင်းပါနှင့်

ရှေးခေတ် ဂရိနိုင်ငံမှ ဂရိဒဿနပညာရှင်တစ်ဦးမှာ ပြစ်မှုနှစ်ခု ကျူးလွန်ခဲ့သည့်အတွက် ဖမ်းဆီးခံခဲ့ရသည်။ ပြစ်မှုတစ်ခုမှာ နိုင်ငံ၏ တရားဝင်နတ်ဘုရားများအား အရိုအသေမပေးခြင်းဖြစ်ပြီး ကျန်တစ်ခုမှာ ထိုနတ်ဘုရားများကို ရှိခိုးခြင်းမပြုရန် လူငယ်များအား သင်ကြားပေးခြင်းဖြစ်သည်။ ထိုပြစ်မှုများအတွက် အမြင့်ဆုံးအပြစ်ဒဏ်မှာ သေဒဏ်ဖြစ်သည်။ အကျဉ်းသား၏အမည်မှာ ဆော့ခရေတ္တိဖြစ်ပြီး သူသည် ထိုအချိန်က အသက် ၇၀ ပင်ရှိခဲ့ပြီဖြစ်သည်။

ထိုခေတ်အခါက ဆော့ခရေတ္တိကို ပညာအရှိဆုံးဟု အသိအမှတ်ပြုခဲ့ကြသည်။ ဤသို့ကျော်စောခြင်းအတွက် သူသည် အံ့ဩကြောင်းပြောဆို၏။ သူ့ကိုယ်သူကိုမူ ဤသို့မယူဆ။ လောကအကြောင်းအနည်းငယ်သာသိသူအဖြစ် မြင်ထားသည်။ လူသားများ၏ ဘဝနှင့်ပတ်သက်သော ပြဿနာများအားလုံးကို သူနားမလည်။ အဖြေလည်းမပေးတတ်ဟုဆိုသည်။ သူသာမဟုတ် မည်သူမျှလည်း ဖြေရှင်းတတ်မည်မဟုတ်ကြောင်း သူသိသည်။ သူသည် မသိနားမလည်သေးသူတစ်ဦး ဖြစ်သည်။ ဤသို့ နားမလည်ကြောင်းကိုလည်း သူ့ကိုယ်သူ သိထားသည်။ အခြားသောသူတို့မှာမူ ဆော့ခရေတ္တိကဲ့သို့မဟုတ်။ ပြဿနာအားလုံးကို သူတို့ဖြေရှင်းနိုင်ကြသည်ဟု ထင်မှတ်နေကြသည်။

သူ့အပေါ် စွဲဆိုထားသော ပြစ်မှုများအတွက် သူ့တွင် အပြစ်မရှိကြောင်း ဆော့ခရေတ္တိက ချေပသည်။ နတ်ဘုရားများအား အရိုအသေမပြုသည့်အတွက် သူ့တွင်အပြစ်ရှိသည်ဆိုသောအချက်ကို ငြင်းပယ်

သည်။ လူငယ်များနှင့် ပွင့်ပွင့်လင်းလင်း စကားပြောဆိုခြင်းသည် များယွင်းသည်ဟူသောအချက်ကိုလည်း လက်မခံပေ။ သူ့အပြုအမူများသည် တရားမျှတကြောင်း ဂရိတရားသူကြီးများအား ကျိုးကြောင်းပြပြီး ယုတ္တိရှိရှိ ဖြေရှင်းနိုင်လိမ့်မည်ဟုလည်း သူယူဆသည်။ မှန်ကန်သော ဘဝရပ်တည်မှုအတွက် အတွေးအခေါ် ရှင်းလင်းရမည်ဟူသောမှုအရလည်း သူနေထိုင်ခဲ့သည်။ စဉ်းစားတွေးခေါ်နေရသော လူ့ဘဝသည် ပျော်ရွှင်ဖွယ်ရာဖြစ်သည်။ ဤသို့မှမနေရပါက လူ့ဘဝတွင် အသက်ရှင်မနေအပ်ဟု သူ ယူဆခဲ့၏။

ထို့ကြောင့် သူသည် တရားသူကြီးများအား မျက်ရည်စမ်းစမ်းဖြင့် တောင်းပန်ခြင်းလည်းမပြု။ အားလုံးက ကြင်နာသနားလာအောင်လည်း မလုပ်ခဲ့ပေ။ ပတ်ဝန်းကျင်၏ လေးစားမှုကို ခံယူထားသူတို့သည် ဤသို့မပြုအပ်ဟု သူယူဆကြောင်း ဖွင့်ဟပြောဆိုခဲ့သည်။

သူ့အမှုနှင့်ပတ်သက်ပြီး ဆော့ခရတ္တိသည် ကျိုးကြောင်းကျကျ လျှောက်လဲချက်ပေးခဲ့သည်။ ယုတ္တိကျကျ ပြောဆိုခဲ့သည်။ တရားခွင်မှ လူကြီးများ သနားလာအောင် ခံစားမှုကို အခြေခံပြီး လျှောက်လဲမှု မပြုခဲ့ပေ။

သို့သော်လည်း ဆော့ခရတ္တိတွင် အပြစ်ရှိသည်။ ထို့ကြောင့် သူ့အား သေဒဏ်ပေးရမည်ဟု တရားရုံးက ဆုံးဖြတ်ခဲ့သည်။

ထိုပြစ်ဒဏ်ကို သူသည် မကြောက်၊ ရဲရင့်စွာပင် ရင်ဆိုင်သွားခဲ့၏။ မကွယ်လွန်မီ သူသည် ရယ်စရာပင် ပြောသွားနိုင်ခဲ့သေးသည်။ တပည့်တစ်ဦးဖြစ်သူ အပိုလိုဒိုရပ်၏ ပြောဆိုမှုကို သူသည် ရယ်စရာပြုလုပ်သွားခဲ့၏။

'မတရားသဖြင့် ဆရာကြီးကို သေဒဏ်ပေးတာ ကျွန်တော် အခံရအခက်ဆုံးပဲ။'

'မင်းက ဘယ်လိုမှ သဘောကျမှာလဲ အပိုလိုဒိုရပ်၊ ငါ့ကို တရားသဖြင့် သေဒဏ်ပေးတာ ကြည့်ချင်တာလား။'



ဤသို့သော အခြေအနေတွင် ဆော့ခရတ္တိကဲ့သို့ ပြုလုပ်သင့်သလောဟု အချို့က စောဒကတက်လိုကြပေလိမ့်မည်။ သူ့အပေါ်တရားစွဲဆိုမှုအတွက် ကျိုးကြောင်းကျကျ လျှောက်လဲသင့်သလော။ သို့တည်းမဟုတ် အဆုံးအဖြတ်ပေးမည့်သူများ စိတ်ထိခိုက်လာအောင် သူ့အား သနားလာအောင် ပြောဆိုသင့်သလော။

မည်သည့်နည်းက ပိုမိုထိရောက်မည်နည်း။

လူသားတို့၏ သဘာဝကို ထည့်သွင်းစဉ်းစားပါက အဆုံးအဖြတ်ပေးမည့်သူအား စိတ်ထိခိုက်အောင် ပြောဆိုနည်းသည် ကျိုးကြောင်းကျကျ ပြောဆိုနည်းထက် ထိရောက်မည်မှာ အမှန်ပင်ဖြစ်သည်။

အကယ်၍ ဆော့ခရတ္တိသည် သနားလာအောင်ပြောဆိုပြီး အမှုမှ ကွင်းလုံးကျွတ်လွတ်လာခဲ့ပါက သူ့အား အပြစ်တင်မည့်သူ

အမြောက်အမြား ရှိလိမ့်မည် မဟုတ်ပေ။ ရှိလျှင်လည်း အနည်းငယ်သာ ရှိပေမည်။

သို့သော်လည်း သူကိုယ်၌ကပင် ဤနည်းကို လက်မခံနိုင်ခြင်းဖြစ်သည်။ ယုတ္တိရှိရှိ တွေးခေါ်မှုကိုသော်လည်းကောင်း၊ ကျိုးကြောင်းကျကျ တွေးခေါ်မှုကိုသော်လည်းကောင်း ပစ်ပယ်ရန် သူ၏အတွင်းစိတ်က ခွင့်ပြုလိမ့်မည်မဟုတ်။ ဤအတွက်ကြောင့်ပင် သူမှန်သည်ထင်သောအချက်ကို စွဲမြဲစွာကိုင်ဆုပ်ထားပြီး အသက်အသေခံသွားခြင်းဖြစ်သည်။

ဤသို့သော အခြေအနေတွင် မည်သည့်နည်းသည် အသင့်တော်ဆုံးဖြစ်သနည်း။ ဤမေးခွန်းအတွက် အဖြေပေးရန် အသင့်တော်ဆုံးဟူသော စကား၏ အနက်အဓိပ္ပာယ်ကို ဖော်ပြရန်လိုအပ်ပေလိမ့်မည်။

လူ့ဘဝပြဿနာများကို ဖြေရှင်းရာတွင် ဦးနှောက်ကို အခြေခံသင့်သလော။ နှလုံးသားကို အခြေခံသင့်သလော။

သူ့နေရာနှင့်သူ အောင်မြင်မှုရှိကြမည် ဖြစ်ပေသည်။ ခံစားမှုအခြေခံတွေးခေါ်မှုအတွက် နေရာရှိသလို၊ ယုတ္တိရှိရှိ တွေးခေါ်မှုအတွက်လည်း နေရာရှိပေသည်။ စဉ်းစားတွေးခေါ်မှုတွင် ခံစားမှုချည်းသက်သက်၊ သို့မဟုတ် ယုတ္တိရှိမှုချည်းသက်သက်ဆိုပါက အောင်မြင်မှုရလိမ့်မည် မဟုတ်ပေ။

ကျွန်ုပ်တို့ဘဝတွင် ယုတ္တိရှိရန်လိုအပ်သော ပြဿနာများရှိနေသလို၊ ယုတ္တိရှိမှု မရှိမှုနှင့် မသက်ဆိုင်သော ပြဿနာများလည်း ရှိကြသည်။ တွေးခေါ်မြော်မြင်ခြင်း၊ အငြင်းပွားခြင်း၊ ဆုံးဖြတ်ချက်ချခြင်း စသည့်လုပ်ငန်းများတွင် ယုတ္တိဗေဒ၏ အခန်းကဏ္ဍသည် မြင့်မားလှသည်။ အိပ်ခြင်း၊ စားခြင်း၊ တစ်နေ့တာ ဘဝအကြောင်း ပြောပြခြင်း စသည့်လုပ်ငန်းများတွင်မူ ယုတ္တိဗေဒကို အသုံးချရန် မလိုအပ်ပေ။

ကျွန်ုပ်တို့၏ယုံကြည်မှုအတွက် အကျိုးအကြောင်းဖော်ပြသည့် အခါတွင် ယုတ္တိဗေဒကို အသုံးချရန် လိုအပ်လာသည်။ တွေးခေါ် မြော်မြင်မှုတိုင်းတွင်လည်း ယုတ္တိဗေဒရှိသည်။ ယုတ္တိရှိသော တွေးခေါ် မြော်မြင်မှု၊ ယုတ္တိမဲ့သော တွေးခေါ်မြော်မြင်မှုဟူ၍ ရှိနိုင်သည်။ ကျွန်ုပ် တို့ အငြင်းပွားကြသည့်အခါတွင်လည်း ကျွန်ုပ်တို့ ရပ်တည်ချက် မှန်ကန်ကြောင်း အထောက်အထားပြရန် လိုအပ်သည်။

ပြဿနာတစ်ရပ်အတွက် အငြင်းပွားကြသည့်အခါ ခိုင်လုံသော အထောက်အထားပြပြီး ငြင်းဆိုရသည်။ ထိုသို့မပြုလုပ်နိုင်သည့်အခါ အချို့သောသူတို့သည် အခြေအနေကိုသော်လည်းကောင်း၊ တစ်ဖက် လူကိုသော်လည်းကောင်း ရယ်စရာဖြစ်လာအောင် ပြုလုပ်တတ်သည်။ ရယ်စရာ ဟာသပြောသလိုလိုနှင့် သူ၏အထောက်အထားကင်းမဲ့မှု ကို ဖုံးကွယ်နေခြင်းသာဖြစ်၏။ ထိုသူတို့သည် ကျွန်ုပ်တို့အား လှည့် ဖြားနေခြင်းဖြစ်ပေသည်။

ထိုသူတို့သာမဟုတ်၊ ကျွန်ုပ်တို့ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကိုယ် လှည့်ဖြားတတ်ကြသည်။ အဘယ်ကြောင့် ဤသို့ပြုလုပ်ကြသနည်း။ စိတ်ချမ်းသာမှုရရန်အတွက် ပြုလုပ်ကြခြင်းဖြစ်သည်။ အမျိုးသမီး တစ်ဦးသည် ရုပ်ရည်ချောမောသည့်အတွက် သနားကြင်နာတတ် လိမ့်မည်၊ သဘောကောင်းလိမ့်မည်ဟု ကျွန်ုပ်တို့ ယုံကြည်ထင်မှတ် ကြသည်။ ဤသို့ထင်မှတ်ခြင်းသည် မိမိကိုယ်မိမိ လှည့်စားခြင်းသာ ဖြစ်၏။

ဤအတွေးအမြင်သည် မည်မျှလွဲမှားကြောင်း အိမ်ထောင်ရှင် မည်မျှ ကြုံတွေ့ခဲ့ကြပြီနည်း။ အချစ်ရေးကိစ္စများမှာပင် ယုတ္တိဗေဒကို အနည်းငယ်မျှဖြစ်စေ အသုံးချပါက ဆုံးဖြတ်ချက် မှားဖို့ထက် မှန်ဖို့ က ပို၍များလာမည်ဖြစ်ပေသည်။

တစ်စုံတစ်ဦးသည် အကြောင်းအရာတစ်ခုကို ပြောဆိုသည်။ သင် လက်မခံနိုင်ပါက သူ၏ပြောဆိုချက်များကို အထောက်အထားပြပြီး

ချေဖျက်ရသည်။ သို့သော် တစ်ခါတစ်ရံ ကျွန်ုပ်တို့သည် ဤသို့မဟုတ်ဘဲ ပြောဆိုသူကို တိုက်ရိုက်ဝေဖန်တိုက်ခိုက်တတ်သည်။

'ဒါလောက်တောင် အသုံးမကျတဲ့သူက ပြောတဲ့စကား နားထောင်နေလို့ အပိုပါပဲ'

'သူ့ ဒါမျိုးမှ မတွေ့ကြုံဖူးပဲ၊ ဘယ်လိုလုပ် စဉ်းစားတတ်ပါ့မလဲ'

ဤစကားများသည် ပုဂ္ဂိုလ်ရေး ဝေဖန်တိုက်ခိုက်မှုများသာ ဖြစ်ပေသည်။

ဥပမာအားဖြင့် အထက်တန်းကျောင်းများတွင် တပည့်များအား ရိုက်နှက်ဆုံးမရန် သင့် မသင့် အငြင်းပွားနေကြသည် ဆိုပါစို့။ ထို အခါ မိမိအယူအဆကို အထောက်အထားပြပြီး ငြင်းဆိုသင့်ပေသည်။

သို့သော်လည်း ခိုင်လုံသောအထောက်အထား ရှာဖွေတင်ပြမည့်အစား တစ်ခါတစ်ရံ ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ ရှိလာနိုင်ပေသည်။

'နေပါဦးဗျ၊ ခင်ဗျားမှာ သားသမီးမှ မရှိပဲ၊ ဘယ် ကိုယ်ချင်းစာတတ်ပါ့မလဲ။ ဒါ့ကြောင့် ခင်ဗျားက ရိုက်နှက်ဆုံးမဖို့ ပြောနေတာကိုး။'

တစ်ဖက်လူတွင် သားသမီးမရှိသဖြင့် ဤပြဿနာကို မဆွေးနွေးသင့်ကြောင်း ကိုယ်ချင်းစာနာမှုလည်း ရှိလိမ့်မည်မဟုတ်ကြောင်း ပြောဆိုနေခြင်းဖြစ်သည်။ သူ၏ပြောဆိုချက်များ မမှန်ကန်ကြောင်း အထောက်အထားပြ ငြင်းခုံမည့်အစား ပုဂ္ဂိုလ်ရေး ဝေဖန်တိုက်ခိုက်မှု ပြုလုပ်ခြင်းသာ ဖြစ်သည်။

အကျိုးဆက်အားဖြင့် တန်ပြန်ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ၊ ဝေဖန်မှုများကိုသာ တွေ့လာရမည်ဖြစ်ပေသည်။

❑ ❑ ❑

# အဓိကအချက်နှင့် ဆက်စပ်ပါ

အကြောင်းအရာတစ်ခုနှင့်ပတ်သက်ပြီး ဆွေးနွေးကြသည့်အခါ တွင်ဖြစ်စေ၊ အငြင်းပွားသည့်အခါတွင်ဖြစ်စေ ကျွန်ုပ်တို့သည် မိမိ တို့၏ အမြင်များကို တင်ပြလေ့ရှိကြသည်။ ထိုအခါ ကျန်တစ်ဖက်က ဝေဖန်ကြသည်၊ မဟုတ်မှန်ကြောင်း ငြင်းဆိုကြသည်။

ဤသို့ပြုလုပ်ခြင်းသည် ဆွေးနွေးပွဲများ၏ လုပ်ရိုးလုပ်စဉ်တစ်ရပ် သာဖြစ်သည်။ သို့သော်လည်း ဆွေးနွေးပွဲကောင်းတစ်ခုဟု ခေါ်ဆို နိုင်ရန်မှာ ပါဝင်ဆွေးနွေးသူတို့သည် အဓိကအချက်မှ သွေဖည်ပြီး လမ်းကြောင်းပြောင်းမသွားရေး ဖြစ်သည်။ ဆွေးနွေးမှုများသည် အဓိကအချက်နှင့် ဆက်စပ်နေရမည်ဖြစ်သည်။ ဆီလျော်မှုလည်း မရှိ၊ အဓိကအချက်နှင့်လည်း ဆပ်စပ်မှုမရှိသော အကြောင်းအရာများကို ပြောဆိုလာပါက ထိုဆွေးနွေးပွဲ၏ အဆင့်သည် နိမ့်ကျသွားမည် ဖြစ်သည်။

ဆီလျော်မှုရှိရမည်ဆိုရာတွင် ယုတ္တိဆန်သော ဆီလျော်မှုကို ဆိုလို သည်။ လူနှစ်ယောက်တို့သည် ဤသို့ဆွေးနွေးနေကြသည်ဆိုပါစို့။

'ကမ္ဘာပေါ်မှာရှိတဲ့ လူမျိုးတွေထဲမှာ မြန်မာတွေဟာ အများအား ဖြင့် ညှို့ဝတ်ကျေပွန်သူများ ဖြစ်ကြတယ်။'

'ခင်ဗျားပြောတာ မှားတယ်။ ညှို့ဝတ်မကျေပွန်တဲ့ မြန်မာတွေ အများကြီးရှိနေတယ်ဆိုတာ ခင်ဗျားကို ကျွန်တော် ပြောနိုင်တယ်။'

သာမန်ကာလျှံကာ နားထောင်ကြည့်ပါက ဒုတိယလူ၏ ပြောဆိုမှု သည် ဟုတ်သယောင်ယောင် ထင်မှတ်ရသော်လည်း သူ့စကားသည် ပထမလူပြောသောစကားနှင့် ဆီလျော်မှုမရှိပေ။ ယုတ္တိမတန်ပေ။

ပထမပုဂ္ဂိုလ်က မြန်မာလူမျိုးအားလုံး ညော့ဝတ်ကျေပွန်ကြသည်ဟု မဆိုပေ။ ယေဘုယျအားဖြင့်သာ ကျေပွန်ကြသည်ဟု ပြောဆိုနေခြင်းဖြစ်သည်။ ထို့ကြောင့် ညော့ဝတ်မကျေပွန်သော မြန်မာလူမျိုးများရှိနေသည်ဟု ပြောဆိုလိုက်ခြင်းဖြင့် ပထမလူ၏အဆိုကို ချေဖျက်ခြင်းမပြုနိုင်ပေ။


မူလအဆိုကို ချေဖျက်လိုပါက ညော့ဝတ်ကျေပွန်မှုရှိသော အခြားဆိုင်းပြည်တစ်ခုခုကိုသာ တင်ပြလာရမည်ဖြစ်သည်။ သို့မှသာ ငြင်းဆိုမှုသည် အဓိကအချက်နှင့် ဆက်စပ်မှုရှိလာမည်ဖြစ်သည်။

ကျွန်ုပ်တို့၏ ငြင်းဆိုမှုများသည် ဆီလျော်မှုရှိရေး၊ အဓိကအချက်နှင့် ဆက်စပ်ရေးသည် ဆွေးနွေးပွဲကောင်းတစ်ခုအတွက် အရေးပါသည့် လက္ခဏာတစ်ရပ်ဖြစ်ပေသည်။

သို့သော်လည်း သတိထားသင့်သည့်အချက်တစ်ချက်ကား ရှိပေသည်။ ဆီလျော်စပ်ဆိုင်မှု ရှိ၊ မရှိဟူသောအချက်ကို တစ်ခါတစ်ရံ လွယ်လင့်တကူ မြင်နိုင်မည်မဟုတ်ပေ။ အပေါ်ယံကြည့်ပါက ဆီလျော်မှုမရှိဟု ထင်မှတ်ရသော အချက်တစ်ချက်သည် နက်နဲစွာ စဉ်းစားကြည့်သည့်အခါ ထင်မှတ်သည်ထက် ပိုမိုသက်ဆိုင်နေတတ်သည်။

ဖြစ်ရပ်တစ်ခုသည် အခြားဖြစ်ရပ်တစ်ခု၏ အကြောင်းတရားဟု ပြောဆိုနိုင်ရန် ထိုဖြစ်ရပ်နှစ်ခုတို့သည် ကြောင်းကျိုးဆက်နွယ်မှု ရှိရမည် ဖြစ်သည်။ ထိုဆက်နွယ်မှုကို တစ်ခါတစ်ရံ လွယ်လင့်တကူ တွေ့မြင်နိုင်မည်မဟုတ်ပေ။

ဥပမာအားဖြင့် သမိုင်းပညာရှင်တစ်ဦးသည် ရောမအင်ပါယာ ကျဆုံးခြင်း၏ အကြောင်းတရားကို ရှာဖွေသည်ဆိုပါစို့။ သူသည် မည်သည့်ဖြစ်ရပ်များကို လေ့လာရမည်နည်း။ တရုတ်ပြည်မှ တံတိုင်းကြီးတည်ဆောက်သည့်ခုနှစ်ကို လေ့လာမှတ်သားသင့်သလော။ ဤအချက်သည် ရောမအင်ပါယာကျဆုံးခြင်းအတွက် စပ်ဆိုင်မှု



ရှိပါ၏လော။ စမ္မာနဂိုရ်မှ နွားပေါင်ကျိုးသွားခြင်းအတွက် ညောင်ဦး ကမ်းပါးပြိုသည့်နေ့ကို လေ့လာနေသည်နှင့် မတူပေဘူးလား။

စေ့စေ့စပ်စပ် လေ့လာကြည့်သည့်အခါ ရောမအင်ပါယာ ကျဆုံးခြင်းနှင့် တံတိုင်းကြီးတည်ဆောက်ခြင်းတို့သည် ကျိုးကြောင်း ဆက်နွယ်မှု အမှန်တကယ်ပင်ရှိနေကြောင်း တွေ့ရသည်။

တရုတ်များသည် သူတို့၏နယ်နိမိတ်ကို ကာကွယ်ရန်အတွက် တံတိုင်းကြီးကို တည်ဆောက်လိုက်ကြသည်။ ထိုအခါ ဟန်းလူမျိုး များသည် တရုတ်ပြည်ကို ဆက်လက်မတိုက်ခိုက်နိုင်တော့။ တံတိုင်း ကြီးက ကာဆီးထားသည့်အတွက် အရှေ့ဘက်ကို ချီတက်တိုက်ခိုက် ရန် မဖြစ်နိုင်သည့်အခါ အနောက်ဘက်သို့ ချီတက်လာကြသည်။ နောက်ဆုံး သူတို့သည် ရောမအင်ပါယာအတွင်းသို့ ရောက်ရှိသွား ကြသည်။

တရုတ်ပြည်တွင် တံတိုင်းကြီးတည်ဆောက်ခြင်းက ရောမအင်ပါယာကျဆုံးခြင်းအတွက် အရေးပါသော အကြောင်းတရားဖြစ်လာစေသည်။ သက်ဆိုင်ဟန်မရှိသော အကြောင်းရပ်တစ်ခုသည် ထင်မှတ်သည်ထက် ပိုမိုသက်ဆိုင်နေတတ်ကြောင်း ဤအချက်က ညွှန်ပြလျက်ရှိပေသည်။

အထက်ပါစာပိုဒ်တွင် သက်ဆိုင်ဟန်မရှိသော အကြောင်းတစ်ရပ်ဟူ၍ သုံးနှုန်းထားသည်ကို သင်သတိပြုမိလိမ့်မည် ထင်ပါသည်။ သက်ဆိုင်မှုမရှိသော အကြောင်းရပ်ဟူ၍ သုံးနှုန်းမထားပေ။ ဖော်ပြထားသည့်အတိုင်း သုံးနှုန်းခြင်းက ပို၍အန္တရာယ်ကင်းသည်။ သိပ္ပံပညာတွင် ဤသို့သော အသုံးအနှုန်းများကို တွေ့ရတတ်သည်။ လတ်တလောအခြေအနေတွင် ဖြစ်ရပ်နှစ်ခုတို့ ဆက်စပ်နေသည်ကို မတွေ့ရသဖြင့် ဆက်စပ်မှုမရှိဟု ကောက်ချက်ချလိုက်ပါက လွဲမှားသွားနိုင်သည်။ အချိန်ကုန်ခံပြီး လေ့လာမည်ဆိုပါက ကမ္ဘာပေါ်ရှိ ဖြစ်ရပ်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ကောင်း ဆက်စပ်နေကြပေလိမ့်မည်။ သိပ္ပံပညာရှင်များသည် လက်တွေ့တွင်မူ ဤမျှအချိန်မပေးနိုင်ကြ။ ငွေကုန်ကြေးကျ မခံနိုင်ကြ။ အချိန်တိုတိုအတွင်း ရလဒ်ရရှိနိုင်မည့် သုတေသနများကိုသာ ဦးစားပေး လုပ်ကိုင်နေထိုင်ကြရသည်။

ငြင်းခုံကြရာတွင် ဆီလျော်မှုမရှိသော စကားပြောဆိုခြင်းသည် အငြင်းပွားသူများ မှားလေ့မှားထရှိသည့် အမှားတစ်မျိုး ဖြစ်ပေသည်။

ငြင်းခုံကြရာတွင် ကျွန်ုပ်တို့၏ ပြောဆိုချက်များသည် အဓိကအချက်နှင့် ဆက်စပ်မှုရှိရမည်။ သက်ဆိုင်မှုရှိရမည်ဟု ဆွေးနွေးခဲ့သည်။ ကျွန်ုပ်တို့၏ ပြောဆိုချက်များ အဓိကအချက်မှ သွေဖည်မသွားရေးသည် လိုအပ်ချက်တစ်ချက်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

ဒုတိယအမှားတစ်မျိုးမှာ ပထမအမှားနှင့် ဆန့်ကျင်ဖက်ဖြစ်၏။ ကျွန်ုပ်တို့၏ ငြင်းဆိုမှုများသည် အဓိကအချက်မှ သွေဖည်မသွား

သော်လည်း အမှားဖြစ်နိုင်သေးသည်။

ဥပမာအားဖြင့် တစ်စုံတစ်ယောက်က လူသားအားလုံးသည် ဘုရားသခင်ကို ယုံကြည်ကြသည်ဟု သင့်အားပြောဆိုလာသည် ဆိုပါစို့။ မည်သည့်အချက်ကို အခြေခံပြီး ဤသို့ပြောဆိုခြင်းဖြစ်ကြောင်း သင်က မေးမြန်းသည်။ အထောက်အထားပြနိုင်းသည်။

'ကျုပ် ဘယ်လိုလုပ်ပြောနိုင်သလဲ ဟုတ်လား။ ဘာကြောင့်လဲ ဆိုတော့ ဘုရားသခင်အပေါ် ယုံကြည်စိတ်ရှိခြင်းဟာ လူသားများရဲ့ သဘာဝပဲ။'

သူသည် သူ၏မူလအဆိုကိုပင် စကားလုံးပြောင်းလဲပြီး ပြောဆိုသည်။ အထောက်အထားဟူ၍ ပြဆိုခြင်းမဟုတ်။ တွေးခေါ်မှုတွင် ဤသို့သောအမှားကို 'မေးခွန်းပြန်မေးခြင်း အမှား'ဟု ခေါ်သည်။ အငြင်းပွားသည့်အချက်သည် မှန်ကန်ကြောင်း အထောက်အထားပြရမည့်အစား တစ်ခုခုပြောဆိုလိုက်ခြင်းဖြင့် အထောက်အထား ပြဟန်ဆောင်လိုက်ခြင်းဖြစ်သည်။

ဤသို့သော အမှားမျိုးကို အောက်ပါဖြစ်ရပ်တွင်လည်း တွေ့မြင်နိုင်သည်။

တစ်နေ့တွင် လူနှစ်ယောက်တို့သည် ဘဏ်တစ်ခုသို့ သွားကြသည်။ တစ်ယောက်သောသူက ချက်လက်မှတ်တစ်စောင်ရေးပြီး ငွေထုတ်ပေးရန် မန်နေဂျာအား ပြောဆိုသည်။ မန်နေဂျာက သူ့ကိုလည်းမသိ၊ သူ့လက်မှတ်ကိုလည်း မသိသဖြင့် တစ်ယောက်ယောက်က သူ့ချက်လက်မှတ်ပေါ်တွင် ထောက်ခံပေးရန်လိုအပ်ကြောင်း ပြောသည်။

'အို . . . ဟုတ်လား၊ ဒီလိုဆိုရင် ကျွန်တော့်သူငယ်ချင်းက ထောက်ခံပေးပါလိမ့်မယ်။'

'ခင်ဗျားသူငယ်ချင်းကိုလည်း ကျုပ်မသိဘူးဗျ'ဟု မန်နေဂျာက ပြောလိုက်၏။

'ဒါက လွယ်ပါတယ်။ ခင်ဗျားကို ကျွန်တော့်သူငယ်ချင်းနဲ့ မိတ်ဆက်ပေးပါ့မယ်'ဟု ထိုလူက ပြောလိုက်လေသတည်း။

ဤအမှားမျိုးနှင့် နီးစပ်သည့်အမှားမှာ 'ကရွတ်ကင်းလျှောက်ဆင်ခြင်မှုအမှား'ဖြစ်၏။

'သီချင်းကြီးတွေဟာ ခေတ်ပေါ်တေးတွေထက် ပိုကောင်းတယ်ဗျ။'

'ခင်ဗျား ဘယ်လိုလုပ်ပြောနိုင်တာလဲ၊ ဘာအထောက်အထားရှိလို့လဲ။'

'အနုပညာဝေဖန်ရေးသမားတွေက အဲဒီလိုယူဆကြတယ်။'

'အဲဒီဝေဖန်ရေးသမားဆိုသူတွေဟာ ဘယ်သူတွေလဲ။'

'သီချင်းကြီးတွေကို ပိုနှစ်သက်တဲ့လူတွေပေါ့။'

သူ၏ တွေးခေါ်မှုသည် တစ်ပတ်ပြန်လည်သွားသည်။ အဓိကအချက်မှ သွေဖည်မသွားသော်လည်း ဝေ့လည်လည်ဖြစ်နေသည်။ တွေးခေါ်ဆင်ခြင်မှုတွင် ကျွန်ုပ်တို့ပြုလုပ်တတ်သည့် အမှားတစ်မျိုးလည်း ရှိသေးသည်။

'ဟောဒီစာပိုဒ်လေးကို နေ့စဉ် ယုံယုံကြည်ကြည် ရွတ်ဆိုရင် စီးပွားတက်လိမ့်မယ်။'

'ရွတ်ဆိုပါတယ်ဗျာ၊ အခေါက်ပေါင်းကိုများလှပြီ၊ ခုထိ စီးပွားမတက်သေးပါဘူး။'

'ခင်ဗျား တကယ့်ယုံကြည်စိတ်နဲ့ မရွတ်လို့နေမှာပေါ့။'

ဤသို့ပြောဆိုမှုကို ယုတ္တိဗေဒတွင် 'အဓိပ္ပာယ်ဖွင့်၍ ငြင်းဆိုခြင်း'ဟု ခေါ်သည်။ ယင်းသည်လည်း ဆင်ခြင်မှုအမှားတစ်ရပ်ပင် ဖြစ်သည်။ ဤသို့ငြင်းဆိုသောသူတို့သည် သူတို့အဆိုအတွက် အထောက်အထားပေးနေသည်ဟု မှတ်ယူနေကြသည်။ အမှန်အားဖြင့် မဟုတ်ကြပေ။

တစ်စုံတစ်ဦးက သင့်အား ရှုပ်ထွေးသော မေးခွန်းတစ်ခုနှင့်

မေးမြန်းလာပါက သင်သည် သတိထားပြီး ဖြေကြားသင့်သည်။ မေးခွန်း၏ မည်သည့်အစိတ်အပိုင်းသည် အမှန်တရားဖြစ်သနည်း။ မည်သည့်အပိုင်းသည် အထောက်အထားပြရန် လိုအပ်နေသေးသည့် အပိုင်းဖြစ်သနည်း။

'ဒီလူမိုက်ရဲ့ လုပ်ရပ်ကို ခင်ဗျား ဘယ်လိုမြင်သလဲ။'

သင့်အမြင်ကို ပြောလိုက်ပါက သင်သည်လည်း ထိုသူအား လူမိုက်ဟု သဘောထားလိုက်သကဲ့သို့ ဖြစ်လာပေမည်။ သင့်သဘော ထားသည် မှန်ကောင်းမှ မှန်ပေလိမ့်မည်။

'မင်းမိန်းမကို ရိုက်သေးသလား။ ရိုက် မရိုက် ဖြေပါ။'

ဤသို့သော မေးခွန်းအား 'ရိုက်သေးတယ်'ဟု ဖြေသည်ဖြစ်စေ၊ 'မရိုက်တော့'ဟု ဖြေသည်ဖြစ်စေ သင့်အတွက် မကောင်းလှပေ။

တွေးခေါ်ဆင်ခြင်မှုတွင် ပြုလုပ်လေ့ရှိကြသည့် အမှားတစ်ခုကို နောက်ဆုံးဖော်ပြလိုသည်။ ထိုအမှားမှာ 'ကျွန်ုပ်တို့၏ မသိနားမလည်မှု ကို အသုံးချခြင်း'ဆိုသည့် အမှားဖြစ်သည်။ တစ်စုံတစ်ယောက်သည် အဆိုတစ်ခုပြုလုပ်၏။ သူ့အဆိုမှန်ကန်ကြောင်း ကိုယ်တိုင် အထောက် အထားပြရမည့်အစား မမှန်ကန်ကြောင်း သင့်အား သက်သေပြနိုင်း တတ်သည်။

'မော်ဒန်ကဗျာအရေးအသားမှာ ကျုပ်ဆရာ အတော်ဆုံးပဲ။ မဟုတ်ဘူးဆိုရင် ခင်ဗျား အထောက်အထားပြလေ။'

'ကျုပ်လုပ်ရပ် အားလုံးမှန်ကန်တယ်၊ မမှန်တဲ့ အထောက်အထား ခင်ဗျား ပြနိုင်ရင်ပြလေ။'

ကျွန်ုပ်တို့က မဟုတ်မမှန်ကြောင်း အထောက်အထားမပြနိုင် ခြင်းသည် သူ့အဆိုကို မှန်ကန်ကြောင်းပြသည့် အဓိပ္ပာယ်မသက် ရောက်ပေ။

နိုင်ငံတိုင်းရှိ တရားဥပဒေတိုင်းတွင် ဤသို့သောအမှားမျိုး မကျူး လွန်မိအောင် အကာအကွယ်ပြုလုပ်ထားသည်။ ပြစ်မှုတစ်ခုခုနှင့်

ပတ်သက်ပြီး အစွပ်အစွဲခံရသူသည် အပြစ်ကင်းကြောင်း သူကိုယ်တိုင် သက်သေပြရန်မလိုပေ။ စွပ်စွဲသူကသာ သူ့တွင်အပြစ်ရှိကြောင်း အထောက်အထားပြရန် လိုအပ်သည်။ အပြစ်ကင်းကြောင်း အထောက်အထား မပြနိုင်သည့်အတွက် အစွပ်စွဲခံရသူတွင် အပြစ်ရှိလိမ့်မည်ဟု မယူဆနိုင်ပေ။

□ □ □

# ဆင်ခြေဆိုသည်မှာ

လူသားအားလုံးသည် သေမျိုးဖြစ်သည်။
ဆောခရတ္တိသည် လူသားတစ်ဦးဖြစ်သည်။
ထို့ကြောင့် ဆောခရတ္တိသည် သေရမည်ဖြစ်သည်။

ဤစာပိုဒ်ငယ်၏ သက်တမ်းသည် နှစ်ပေါင်း နှစ်ထောင်ကျော် ရှိပြီဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းကပင် ယုတ္တိဗေဒ ပညာရှင်များ အသုံးချလာခဲ့သည်မှာ ယခုတိုင်ပင်ဖြစ်သည်။ ဤကဲ့သို့ သော စာပိုဒ်မျိုးကို ဆင်ခြေဟု ထိုပညာရှင်တို့က ခေါ်ကြသည်။

ဆင်ခြေဟူသည် မိမိပြောဆိုချက်ကို ခိုင်မြဲအောင် တင်ပြသော အကြောင်းပြချက်ဖြစ်သည်ဟု အဘိဓာန်က ဖွင့်ဆို၏။ ယုတ္တိဗေဒ ပညာရှင်များက ဆင်ခြေဆိုသည်မှာ နိဒါန်း အနည်းဆုံးတစ်ခုနှင့် နိဂုံးတို့ပါဝင်သော ဆင်ခြင်မှုအစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ဆိုသည်။

မှန်သည်။ ဆင်ခြေသည် တွေးခေါ်ဆင်ခြင်မှု၏ အခြေခံအစိတ် အပိုင်းတစ်ခုဖြစ်သည်။

အကြောင်းအရာတစ်ခုနှင့် ပတ်သက်ပြီး 'ဒါက ဒီလိုရှိတယ်၊ ဒါကြောင့်မို့ ဒီလိုဖြစ်ရမယ်'ဟု ကျွန်ုပ်တို့ ပြောလေ့ရှိကြသည်။ ကျွန်ုပ် တို့၏ ယုံကြည်မှုများကို ဆင်ခြေပေးပြီး အထောက်အထားပြလေ့ ရှိကြသည်။

'ဘာကြောင့်လဲ'

'ခင်ဗျား ဘာကြောင့် ဒီလိုပြောနိုင်သလဲ'

'ဘာကြောင့် ကျွန်တော်တို့ ဒီလိုလုပ်သင့်သလဲ'

အခြားသူများက ဤသို့သောမေးခွန်းမျိုး မေးလိမ့်မည်ဟု ယူဆသည့်အခါ ကျွန်ုပ်တို့၏ယုံကြည်မှုကို ယုတ္တိဆန်သော ဆင်ခြေနှင့် ကျားကန်ထားလေ့ရှိကြသည်။

ထိုနည်းတူ အခြားသူတို့၏ ပြောဆိုမှု၊ ရေးသားဖော်ပြမှုတို့ကိုလည်း ယုတ္တိတန်မတန် ကျွန်ုပ်တို့ ဝေဖန်ဆန်းစစ်ကြသည်။ ဤသို့ ဆန်းစစ်သည့်အခါ အောက်ပါအချက်နှစ်ချက်ကို စိတ်အတွင်းဝယ် မှတ်သားထားရမည်ဖြစ်၏။

၁။ မှန်ကန်ကြောင်း၊ သို့မဟုတ် မှားယွင်းကြောင်း ပုဂ္ဂိုလ်တစ်ဦးက သက်သေပြနေသည့်အချက်သည် မည်သည့်အချက်ဖြစ်သနည်း။

၂။ သူ၏ နိဂုံး၊ သို့မဟုတ် ကောက်ချက်ချမှုကို လက်ခံရန် မည်ကဲ့သို့သော ဆင်ခြေမှုများကို တင်ပြသနည်း။

အကြောင်းအရာတစ်ခုခုကို သင်ဖတ်ရှုသည့်အခါ ဤသို့သော မေးခွန်းများ မေးတတ်သည့်အကျင့် သင့်တွင်ရှိလာအောင် ပြုစုပျိုးထောင်ပေးရမည်။ ဤနည်းအားဖြင့် သင်သည် ဝေဖန်ဆန်းစစ်သူတစ်ဦး ဖြစ်လာအောင် လေ့ကျင့်နေသည်နှင့် တူပေသည်။

ဆင်ခြေတစ်ခုတွင် နိဒါန်းနှင့် နိဂုံးတို့ ပါဝင်ကြသည်။ နိဒါန်းဟူသည် နိဂုံးအတွက် အကြောင်းပြချက်ပေးသည့် ဝါကျဖြစ်သည်။ နိဂုံးမှာမူ အကြောင်းပြလိုက်သော နိဒါန်းများမှ ဆင်ခြင်ရရှိသော အဆိုပြုချက်ဖြစ်သည်။

- ❐ အားလုံးသော အာရှတိုက်သားများသည် အသက်ရှင်ရန်အတွက် အစာစားကြရသည်။ (မှန်၏)
- ❐ အားလုံးသော မြန်မာများသည် အသက်ရှင်ရန်အတွက် အစာစားကြရသည်။ (မှန်၏)
- ❐ ထို့ကြောင့် အားလုံးသော မြန်မာများသည် အာရှတိုက်သားများဖြစ်ကြသည်။ (မှန်၏)

ဤဆင်ခြေတွင် နိဒါန်းနှစ်ခုနှင့် နိဂုံးတစ်ခု ပါဝင်သည်။ နိဒါန်းနှစ်ခုလုံး မှန်သောကြောင့် နိဂုံးလည်းမှန်သည်။ အကယ်၍ နိဒါန်းတစ်ခုသည် မှားနေပါက နိဂုံးမှားမည်ဖြစ်၏။

- ❐ အားလုံးသော အာရှတိုက်သားများတွင် ရွှေရောင်ဆံပင်ရှိသည်။ (မှား၏)
- ❐ အားလုံးသောမြန်မာများသည် အာရှတိုက်သားများ ဖြစ်ကြသည်။ (မှန်၏)
- ❐ ထို့ကြောင့် အားလုံးသောမြန်မာများတွင် ရွှေရောင်ဆံပင်များ ရှိကြသည်။ (မှား၏)

ဤနမူနာဆင်ခြေတို့တွင် နိဒါန်းက အလျင်လာသည်။ နိဒါန်းနှင့် နိဂုံးအကြားတွင် 'ထို့ကြောင့်'ဟူသော စကားလုံးကို အသုံးပြုပြီး ဆက်သွယ်ထားသည်။ သို့သော် ဤအချက်သည် ပုံသေမဟုတ်ချေ။ နိဂုံးသည် နိဒါန်းအလျင်လာနိုင်သည်။ နိဒါန်းနှစ်ခုအကြားတွင်လည်း ထားနိုင်သည်။

သင်သည် အကြောင်းအရာတစ်ခုခုနှင့်ပတ်သက်ပြီး ရေးသားနေသည်၊ သို့မဟုတ် ပြောပြနေသည် ဆိုပါစို့။ ထိုအခါ နိဂုံးကို နောက်ဆုံးတွင် ထားရမည်လော၊ သို့တည်းမဟုတ် ရှေ့ဆုံးတွင်ထားရမည်လော။ မည်သို့ထားရမည်နည်း။

အကယ်၍ သင်ပြောနေသည့် အကြောင်းရပ်သည် သိသာထင်ရှားပါက နိဂုံးကို ရှေ့ဆုံးတွင်ထားနိုင်သည်။ နိဂုံးပြီးမှ အကြောင်းပြချက်များ ပေးနိုင်သည်။

'မြန်မာများဟာ အာရှတိုက်သားများဖြစ်ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ အခြားသော အာရှတိုက်သားများနည်းတူ အသက်ရှင်ရန် အစာစားကြတဲ့အတွက်ဖြစ်တယ်။'

'အစားအစာ ပူပူနွေးနွေးစားတာဟာ ကျန်းမာရေးအတွက်



ကောင်းမွန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူကို အန္တရာယ်ဖြစ်စေမယ့် ပိုးမွှားများ ရှင်သန်ပေါက်ဖွားမှုကို အားမပေးတဲ့အတွက်ဖြစ်တယ်။'

သို့သော် သင့်ပရိသတ်၏ အယူအဆဟောင်းများကို ပြောင်းလဲပစ်ပြီး သင့်အယူအဆကို လက်ခံလာစေလိုပါက နိဒါန်းနှင့် အစပျိုးခြင်းက ပို၍ကောင်းမွန်သည်။

'အစာမစားမီ လက်ကို ဆပ်ပြာနဲ့သန့်ရှင်းစင်ကြယ်အောင် ဆေးရမယ်။ ပန်းကန်ပြားတွေကိုလည်း သန့်ရှင်းအောင် ဆေးရမယ်။ အဲဒီလိုပြုလုပ်ပေးခြင်းဖြင့် ဝမ်းပျက်ဝမ်းလျှောဖြစ်စေမယ့် အန္တရာယ်နည်းပါးသွားစေတယ်။'

ပရိသတ်လက်ခံနိုင်မည့် ဖြစ်ရပ်မှန်များကို နိဒါန်းအဖြစ် ဦးစွာတင်ပြပြီးမှ ထိုနိဒါန်းများမှ သင်ဖော်ပြလိုသည့် နိဂုံးသို့ ယုတ္တိတန်တန်

ရောက်ရှိသွားနိုင်ပုံကို ပြောပြပါက သင့်စကားများကို အများစု လက်ခံလိုက်နာလာမည်ဖြစ်ပေသည်။ မူလလက်ခံထားသည့် အယူအဆကို စွန့်လွှတ်ပြီး သင့်အယူအဆကို ပြောင်းလဲလက်ခံလာမည်ဖြစ်ပေ၏။

တွေးခေါ်ဆင်ခြင်မှုတွင် ဆင်ခြေများကို အသုံးပြုကြသည်ဟု ကျွန်ုပ်တို့ ဆိုခဲ့သည်။ အမှန်တကယ် အသုံးပြုပါ၏လော။ ကျွန်ုပ်တို့၏ စဉ်းစားဆင်ခြင်မှုတွင် ဆင်ခြေများကို အမှန်တကယ် အသုံးပြုကြကြောင်း ယုတ္တိဗေဒပညာရှင်များက ပြောဆိုကြသည်။ သို့သော်လည်း ဤသို့အသုံးပြုနေကြောင်း ကျွန်ုပ်တို့ကိုယ်တိုင် သိကောင်းမှ သိပေလိမ့်မည်ဟု ဆိုကြသည်။

ရှေ့ပိုင်းတွင် ဆင်ခြေတို့၏ပုံစံကို ရှင်းရှင်းလင်းလင်း မြင်သာအောင် တင်ပြခဲ့သည်။ လက်တွေ့ဘဝတွင် ကျွန်ုပ်တို့ အသုံးပြုလျက်ရှိကြသော ဆင်ခြေသည် ဤကဲ့သို့ ရိုးရိုးရှင်းရှင်း ဖြစ်ကောင်းမှ ဖြစ်ပေမည်။ ကျွန်ုပ်တို့အသုံးပြုကြသည့် ဆင်ခြေ၏ပုံစံမှာ အောက်ပါအတိုင်း ဖြစ်ပေမည်။

'ဆောခရတ္တိဟာ တစ်နေ့ သေရမယ်။ ဘာဖြစ်လို့လဲဆိုတော့ သူဟာ လူတစ်ယောက်ဖြစ်လို့ပဲ။ သေခြင်းတရားကို ဘယ်သူမှ ရှောင်ကွင်းလို့ မရနိုင်ဘူး။'

'ခင်များသူငယ်ချင်း ကွယ်လွန်သွားပြီလား။ လူဆိုတာ သေမျိုးပဲ'

ဤဆင်ခြေနှင့် ယုတ္တိဗေဒပညာရှင်တို့ အသုံးပြုကြသည့် ဆင်ခြေတို့ကို နှိုင်းယှဉ်ကြည့်ပါ။ အဓိပ္ပာယ်တူညီသည်ကို တွေ့ရမည်။

ကျွန်ုပ်တို့ စဉ်းစားဆင်ခြင်မှုတွင် ဆင်ခြေများကို အမှန်တကယ်ပင် အသုံးပြုကြသည်။ သို့သော် ပုံစံသည် မပြည့်စုံခြင်းကြောင့် ဤသို့အသုံးပြုနေကြောင်း ကျွန်ုပ်တို့ မသိကြခြင်းဖြစ်သည်။

'ကိုဖြူတို့မိသားစု ဒီနှစ် ငပလီသွားကြတယ်။ သူတို့စီးပွားရေးအခြေအနေကောင်းတယ် ထင်တယ်။'

ဤစာပိုဒ်သည် ဆင်ခြေတစ်ခုပင်ဖြစ်သည်။ သို့သော် မပြည့်စုံ

သည့် ဆင်ခြေဖြစ်ပေသည်။ ပြည့်ပြည့်စုံစုံ ဖော်ပြရမည်ဆိုပါက အောက်ပါအတိုင်း ဖြစ်ပေမည်။

- ပေလီသွားနိုင်တဲ့သူတွေဟာ စီးပွားရေးအခြေအနေ ကောင်းသူများ ဖြစ်ကြတယ်။
- ကိုဖြူတို့ မိသားစု ပေလီသွားကြတယ်။
- ဒါကြောင့် ကိုဖြူတို့ စီးပွားရေးအခြေအနေ ကောင်းတယ်။

ဆင်ခြေများသည် တွေးခေါ်ဆင်ခြင်မှု၏ အခြေခံအစိတ်အပိုင်းများ ဖြစ်ကြပေသည်။

❒ ❒ ❒

# ယုတ္တိရှိသော ဆင်ခြေ

သင့်အား ပုစ္ဆာတစ်ခု မေးပါမည်။ စဉ်းစားပြီးမှ ဖြေဆိုပါ။

မြို့ကြီးတစ်မြို့တွင် လူဦးရေ လေးသန်းရှိသည်ဆိုပါစို့။

ထိုမြို့သူမြို့သားများတွင် ဆံပင်အရေအတွက် အတိအကျ တူညီစွာပိုင်ဆိုင်သူ ပုဂ္ဂိုလ်နှစ်ဦး ရှိနိုင်ပါမည်လော။

မေးခွန်းသည် ဤသို့ဆိုပါက သင် မည်သို့ဖြေဆိုမည်နည်း။ ရှိနိုင်သည်ဟု ယူဆနိုင်သလို၊ မရှိနိုင်ဟူ၍လည်း သင် ယူဆကောင်း ယူဆပေမည်။ သင် မည်သို့ယူဆသည်ဖြစ်စေ သင့်အဖြေအတွက် သက်သေပြနိုင်ရမည်ဖြစ်သည်။

အကျိုးအကြောင်းပြပြီး ဆင်ခြေပေးခြင်းမပြုလုပ်လိုပါက သင်သည် ထိုမြို့ရှိ လူအားလုံး၏ ဦးခေါင်းမှ ဆံပင်များကို တစ်ဦးပြီး တစ်ဦး လိုက်လံရေတွက်စစ်ဆေးရမည်ဖြစ်သည်။ ထိုသို့လက်တွေ့ ပြုလုပ်ရန်မှာမူ များစွာခက်ခဲမည်ဖြစ်ပေ၏။ ဆောင်ရွက်ရန် မဖြစ်နိုင်လောက်အောင်ပင် ခက်ခဲမည်ဖြစ်သည်။

ဤသို့သောပြဿနာနှင့် သင်ရင်ဆိုင်နေရပါက ယုတ္တိဗေဒပညာကို အကူအညီရယူနိုင်သည်။ ထိုပညာရပ်၏ အကူအညီဖြင့် ပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

ဦးစွာပထမ ကျွန်ုပ်တို့တွင် မည်သို့သော ပေးထားချက်များ။ သို့မဟုတ် အဆိုများရှိသည်ကို စဉ်းစားရမည်ဖြစ်၏။

ပုစ္ဆာတွင်ပါသည့် မြို့ကြီးတွင် လူဦးရေ လေးသန်းရှိသည် ဟူသော အချက်မှာ ပေးထားချက်၊ သို့မဟုတ် အဆိုတစ်ခုဖြစ်သည်။ ပေးမထားသော်လည်း ကျွန်ုပ်တို့သိပြီးဖြစ်သည့် အချက်တစ်ချက်

လည်း ရှိသေးသည်။ လူသားတိုင်း၏ ဦးခေါင်းပေါ်တွင် အများဆုံး ရှိနိုင်သည့် ဆံပင်အရေအတွက်မှာ ၂၅၀၀၀၀ ဖြစ်သည်ဟူသည့် အချက်ဖြစ်၏။ မည်သူမျှ ဤအရေအတွက်ထက် ဆံပင်ပို၍မရှိနိုင်ပေ။

ထိုအဖြစ်မှန် အချက်နှစ်ချက်ကို ပေါင်းစပ်လိုက်ပါက ဆံပင်အရေအတွက် တူညီသူပုဂ္ဂိုလ်နှစ်ဦး ထိုမြို့တွင် ရှိနိုင်သည်ဟူသော အဖြေ ရရှိလာသည်။ ဆံပင်များကို လက်တွေ့မရေတွက်ဘဲနှင့် ထိုရလဒ်ကို မည်သို့မည်ပုံရရှိလာသနည်း။

မြို့သူမြို့သားများ၏ ဦးခေါင်းမှ ဆံပင်များကို သင့်စိတ်ကူးတွင် ရေတွက်ကြည့်ပါ။ လူတစ်ယောက်ပြီးတစ်ယောက် ရေတွက်ကြည့်ပါ။

ပထမလူတွင် ဆံပင်တစ်ချောင်းသာရှိသည် ဆိုပါစို့။ ဒုတိယလူတွင် နှစ်ချောင်း၊ တတိယလူတွင် သုံးချောင်း၊ စတုတ္ထလူတွင် လေးချောင်း စသည်ဖြင့် လူတစ်ဦးတွင် ဆံပင်တစ်ချောင်းစီ ပို၍ရှိသွားသည်ဟု ယူဆသွားပါက လူဦးရေ နှစ်သိန်းခွဲမြောက် ပုဂ္ဂိုလ်၏ ဆံပင်အရေအတွက်သည် ၂၅၀၀၀၀ ပင် ဖြစ်ရပေမည်။

လူသားများတွင် ဆံပင်အရေအတွက် နှစ်သိန်းခွဲထက်ပို၍ မရှိနိုင်ဟူသော အဖြစ်မှန်အချက်ကြောင့် လူဦးရေ နှစ်သိန်းခွဲကျော် တစ်ယောက်စွန်းထွက်လာသောအခါတွင် ထိုသူတွင်ရှိသော ဆံပင်အရေအတွက်သည် ၂၅၀၀၀၁ မဖြစ်နိုင်။ ပထမရေတွက်ခဲ့သော လူဦးရေ နှစ်သိန်းခွဲအနက်မှ ပုဂ္ဂိုလ်တစ်ဦးဦး၏ ဆံပင်အရေအတွက်နှင့် တူညီရမည်ဖြစ်သည်။ လူသားတစ်ဦးတွင် ဆံပင်အရေအတွက် ၂၅၀၀၀၀ ထက်ပို၍ မရှိနိုင်ဟူသောအဆိုနှင့် လူဦးရေ လေးသန်းရှိသည်ဟူသော အဆိုနှစ်ခုအပေါ်အခြေခံပြီး ထိုမြို့တွင် ဆံပင်အရေအတွက်တူညီသော ပုဂ္ဂိုလ်နှစ်ဦးရှိရမည်ဟူသော နိဂုံးရရှိလာသည်။

ယုတ္တိဗေဒပညာ မည်မျှအသုံးဝင်သည်ကို သင်မြင်လောက်ပြီထင်ပါသည်။ ထိုပညာဖြင့် အချိန်လည်းမကုန်၊ လူလည်းမပင်ပန်းစေဘဲ ပြဿနာများကို ဖြေရှင်းပေးနိုင်ခဲ့သည်။



ယုတ္တိရှိရှိ သက်သေပြခြင်းဟူသည် မည်သို့ရှိသည်ကို သင်သဘောပေါက်စေရန် ဤပြဿနာကို တင်ပြခြင်းဖြစ်သည်။ ယုတ္တိရှိသော သက်သေပြမှုဖြစ်လာစေရန် မည်သို့သော အချက်အလက်များနှင့် ကိုက်ညီမှုရှိရသည်ကို မဖြေရှင်းမီ သက်သေပြမှု နောက်တစ်မျိုးကို ဆက်လက်ဖော်ပြလိုသည်။

တရားရုံးများတွင်လည်း သက်သေပြမှုရှိသည်။ အထောက်အထားပြသည်ဟူသော စကားရပ်ကို အသုံးပြုကြသည်။ ယုတ္တိရှိရှိ သက်သေပြခြင်းနှင့် ထိုသက်သေပြခြင်းတို့သည် မည်သို့ခြားနားကြသနည်း။

လူတစ်ယောက်အား လူသတ်မှုကျူးလွန်ခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် ရုံးတင်တရားစွဲခံရသည်။ တရားခံသည် အသတ်ခံရသူထံမှ

ငွေကြေးအမြောက်အမြား ချေးယူထားသည်။ ပြန်လည်ပြီး မပေး ဆပ်နိုင်သေးပေ။

သူသည် အကြွေးများကို ပြန်လည်မဆပ်လိုသဖြင့် လူသတ်မှု ကျူးလွန်ခြင်းဖြစ်သလော။ ကြွေးရှင်အား သတ်လိုက်ခြင်း ဖြစ်ပေ သလော။

နောက်ထပ်သိလာရသည့် အချက်တစ်ချက်လည်း ရှိသေးသည်။ တရားခံသည် အသတ်ခံရသူ၏ဇနီးနှင့် တိတ်တိတ်ပုန်း ချစ်ကြိုက် လျက်ရှိသည်ဟူသော အချက်ဖြစ်၏။ သူ့မယားကိုလိုချင်၍ သူ့လင် ကို သတ်ခြင်းဖြစ်ပေသလော။

လူသတ်သည့် လက်နက်ကို စစ်ဆေးကြည့်သောအခါ ခြောက် လုံးပြူးသေနတ်နှင့် ပစ်သတ်ကြောင်း တွေ့ရပြန်သည်။ အသုံးပြုသည့် သေနတ်မှာလည်း တရားခံ၏ သေနတ်ဖြစ်ကြောင်း တွေ့ကြရသည်။ တရားခံသည် သူ့ခြောက်လုံးပြူးဖြင့် သူကိုယ်တိုင်ပစ်သတ်ခြင်း ဖြစ် ပေသလော။

တရားခံက သူ့တွင် အပြစ်မရှိကြောင်း ပြောဆိုသည်။ လူသတ်မှု ဖြစ်ပွားစဉ် သူသည် သေသူနှင့် အတူတကွရှိမနေကြောင်းပြောဆို ၏။ သို့သော် ထိုအချက်ကို ထောက်ခံမည့်သူ တစ်ဦးမျှမရှိပေ။ သူ သည် မည်သည့်အထောက်အထားကိုမျှ မပြနိုင်ပေ။ သူ့တွင် အပြစ် မရှိကြောင်းကိုသာ ကာကွယ်ပြောဆိုနိုင်သည်။

သင်သာ တရားသူကြီးဖြစ်ပါက မည်သို့သော ဆုံးဖြတ်ချက်ကို ချမှတ်မည်နည်း။

ဤပုစ္ဆာတွင်ပါဝင်သည့် တရားသူကြီးကမူ အောက်ပါအတိုင်း အမိန့်ချမှတ်လိုက်သည်။

'အထောက်အထားများက သံသယဖြစ်ဖွယ်ရာ အခြေအနေ ထက် ကျော်လွန်ပြီး တရားခံပြစ်မှုကျူးလွန်ကြောင်း ညွှန်ပြနေသည့် အတွက် သူ့တွင် အပြစ်ရှိသည်ဟု ဆုံးဖြတ်သည်။'

ဖော်ပြပါ ဆင်ခြေနှစ်ခုကို ကျွန်ုပ်တို့ နှိုင်းယှဉ်ကြည့်နိုင်သည်။ ပထမဆင်ခြေတွင် လူဦးရေ လေးသန်းရှိသောမြို့ကြီး၌ ဆံပင်အရေအတွက် တူညီသူနှစ်ဦး ရှိနိုင်သည်ဟူသော ဆင်ခြေကို ယုတ္တိဗေဒနည်းဖြင့် သက်သေပြခဲ့သည်။ ဤဆင်ခြေသည် ခိုင်လုံသောဆင်ခြေဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ပေးထားသောအဆိုများမှ မလွဲမသွေရရှိလာမည့် နိဂုံးသည် ထိုနိဂုံးသာလျှင်ဖြစ်သောကြောင့်တည်း။

သို့သော်လည်း ဒုတိယဆင်ခြေတွင် ခိုင်လုံမှု ရှိ၊ မရှိ စဉ်းစားကြည့်ရန် လိုအပ်မည်ဖြစ်သည်။ အဆိုများ၊ သို့မဟုတ် ရုံးတော်သို့တင်သွင်းသော သက်သေအထောက်အထားများသည် မှန်ကန်မှုရှိပါ၏လော။ ဖော်ပြပါပြဿနာတွင် မှန်ကန်မှုရှိသည်ဟု ကျွန်ုပ်တို့ဆိုနိုင်သည်။ သို့သော် ထိုအဆိုများမှ တရားခံတွင် အပြစ်ရှိသည်ဟူသော နိဂုံးကို ဆွဲယူနိုင်ပါမည်လော။ ထိုအဆိုများမှ ထိုနိဂုံးသာလျှင် ရရှိနိုင်သည်ဟု သင်ယူဆနိုင်ပါမည်လော။ အခြားနိဂုံးများကိုလည်း မဆွဲယူနိုင်ပေဘူးလား။

အစွပ်စွဲခံရသူတရားခံတွင် အပြစ်ရှိသည်ဟူသော ကောက်ချက်ချမှုသည် မှန်ကောင်းမှန်ပေလိမ့်မည်။ သို့မဟုတ် မှားကောင်းမှားပေမည်။ သူသည် ပြစ်မှုကို ကျူးလွန်ခဲ့ကောင်း ကျူးလွန်ခဲ့ပေမည်။ သို့သော်လည်း သူသည် သေချာပေါက် အပြစ်ကျူးလွန်ခဲ့သူဟုကားမဆိုနိုင်ပေ။ သူသည် အပြစ်ကင်းသူလည်း ဖြစ်နိုင်ပေသည်။

ယုတ္တိရှိသော သက်သေပြခြင်းဟူရာ၌ ဆွဲယူထားသော နိဂုံးသည် ပေးထားသောအဆိုများမှ မလွဲမသွေ ရရှိလာမည့် နိဂုံးဖြစ်ရသည်။

ဆံပင်ရေတွက်သည့် ပြဿနာတွင် ပေးထားသောအဆိုများကို လက်ခံနိုင်ပါက နိဂုံးဆွဲမှု၊ သို့မဟုတ် ကောက်ချက်ချမှုကိုလည်း လက်ခံနိုင်ရမည်ဖြစ်သည်။

သို့သော်လည်း လူသတ်မှုတွင် ရုံးတော်၌တင်သွင်းသော သက်သေအထောက်အထားများ(အဆိုများ)က တရားခံတွင် အပြစ်ရှိသည်ဟူသော ကောက်ချက်ချမှုကို မလွဲမသွေ ရရှိလာစေနိုင်သလော။ မရရှိနိုင်ပေ။ ဖြစ်နိုင်ချေသာ ရှိပေ၏။

ဤသို့သက်သေပြခြင်းသည် ယုတ္တိရှိရှိ သက်သေပြခြင်းကဲ့သို့ တိကျမှုမရှိပေ။ ထို့ကြောင့် ဆင်ခြေများကိုလည်း နှစ်မျိုးနှစ်စား ခွဲခြားထားရန် လိုအပ်လာသည်။ ဆံပင်ရေတွက်သည့် ဆင်ခြေကို ခိုင်လုံသော ဆင်ခြေဟု ခေါ်ဝေါ်နိုင်ပြီး လူသတ်မှုအတွက်ပေးသည့် ဆင်ခြေကိုမူ ဖြစ်နိုင်သည့်ဆင်ခြေဟု သတ်မှတ်ရမည်ဖြစ်၏။ ဖြစ်နိုင်ချေ မည်မျှများသနည်းဟူသောအချက်မှာမူ သက်သေအထောက်အထားများ၏ အရေအတွက်နှင့် အရည်အသွေးအရသာလျှင် ဖြစ်ပေမည်။

ခိုင်လုံသောဆင်ခြေနှင့် ဖြစ်နိုင်သောဆင်ခြေဟူ၍ နှစ်မျိုးနှစ်စား ရှိရာ ပေးထားသောအဆိုများမှ နိဂုံးကို မလွဲမသွေရရှိလာစေပါက ထိုဆင်ခြေသည် ခိုင်လုံသောဆင်ခြေဖြစ်လာသည်။ ဆံပင်ရေတွက်သည့်ပြဿနာမှ ဆင်ခြေသည် ခိုင်လုံသောဆင်ခြေဖြစ်၏။ လူသတ်မှုနှင့်ပတ်သက်ပြီး ကောက်ချက်ချထားသော တရားရုံး၏ အဆုံးအဖြတ်သည် ဖြစ်နိုင်သောဆင်ခြေသာလျှင် ဖြစ်ပေသည်။ အဆိုများ(သက်သေအထောက်အထားများ)အရ တရားခံသည် လူသတ်မှုကို ကျူးလွန်ခဲ့သည်ဟူသော နိဂုံးသို့ ရောက်ရှိသွားနိုင်သည်ကားမှန်၏။ သို့သော် မလွဲမသွေရောက်ရှိလာသည့် နိဂုံးကား မဟုတ်ပေ။ တရားခံသည် လူသတ်မှုကို သေချာပေါက်ကျူးလွန်ခဲ့သည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် ထိုဆင်ခြေသည် ဖြစ်နိုင်သည့်ဆင်ခြေသာလျှင် ဖြစ်ပေသည်။

ဆင်ခြေတစ်ခု ခိုင်လုံမှု ရှိ မရှိဟူသောအချက်သည် အဆိုများ၏ မှန်ကန်မှု၊ သို့မဟုတ် မမှန်ကန်မှုအပေါ်တွင် တည်မှီမှုမရှိပေ။ အဆို၊

သို့မဟုတ် နိဂုံးမှားယွင်းစေကာမူ ဆင်ခြေသည် ခိုင်လုံမှုရှိနိုင်သည်။ ထို့ကြောင့် ဆင်ခြေတစ်ခုအား ယုတ္တိကျကျတည်ဆောက်ထားမှု ရှိ၊ မရှိ ဟူသောအချက်နှင့် အဆိုများ၏ မှန်ကန်မှု ရှိ၊ မရှိ ဟူသော အချက်တို့ကို ခွဲခြားသိမြင်တတ်ရန် လိုအပ်ပေသည်။ သို့မှသာ ကျွန်ုပ်တို့၏ တွေးခေါ်မြော်မြင်မှုသည် မှန်ကန်လာမည် ဖြစ်ပေသည်။

အဆိုများသည် မှန်ကန်မှုရှိနိုင်သလို မှားယွင်းမှုလည်း ရှိနိုင်သည်။ အဆိုသည် အဖြစ်မှန်ကို ဖော်ပြပါက မှန်ကန်မှုရှိသည်ဟု ဆိုရပေမည်။ လူတစ်ယောက်၏ ဦးခေါင်းပေါ်တွင် အများဆုံးရှိနိုင်သည့် ဆံပင်အရေအတွက်သည် နှစ်သိန်းခွဲဖြစ်သည်ဟူသော အဆိုသည် မှန်ကန်သည့်အဆိုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအချက်သည် အမှန်တရားဖြစ်ခြင်းကြောင့်တည်း။

ဆင်ခြေများအဖို့မူ ခိုင်လုံမှုရှိသော ဆင်ခြေနှင့် ခိုင်လုံမှုမရှိသော ဆင်ခြေဟူ၍သာ ရှိနိုင်သည်။ ပေးထားသောအဆိုများမှ ဖော်ပြထားသော နိဂုံးကို မလွဲမသွေရရှိလာစေပါက ထိုဆင်ခြေသည် ခိုင်လုံသည့် ဆင်ခြေဖြစ်သည်။

ခိုင်လုံသောအဆို၊ မှန်ကန်သောဆင်ခြေဟူ၍ကား ယုတ္တိဗေဒပညာတွင် မရှိပေ။ ယုတ္တိဗေဒပညာရှင်တစ်ဦးက မည်သည့်အခါမျှ ဤကဲ့သို့ ပြောဆိုလိမ့်မည်မဟုတ်ပေ။ မှန်ကန်သောအဆို၊ ခိုင်လုံသော ဆင်ခြေဟူ၍သာ ပြောဆိုသုံးနှုန်းမည်ဖြစ်၏။

ထို့ကြောင့် ခိုင်လုံခြင်းနှင့် မှန်ကန်ခြင်းကို ခွဲခြားသိမြင်တတ်ရန် လိုအပ်သည်။

လူသားများသည် လပေါ်တွင် အသက်ရှင်ပြီး မနေနိုင်ကြပေ။ အဘယ့်ကြောင့်ဆိုသော် လပေါ်တွင် အောက်ဆီဂျင်မရှိသောကြောင့် ဖြစ်၏။ လူသားများသည် အောက်ဆီဂျင်ရှိသော နေရာတွင်သာ အသက်ရှင်နေထိုင်နိုင်သည်။

ဤဆင်ခြေသည် ခိုင်လုံသည့် ဆင်ခြေတစ်ခုဖြစ်၏။ ယုတ္တိကျကျ

လည်း တည်ဆောက်ထား၏။ အဆိုများသာ မှန်ကန်ပါက နိဂုံးသည် မည်သည့်နည်းနှင့်မျှ မှားယွင်းမှု မရှိနိုင်ပေ။ သို့သော်လည်း ဒုတိယ အဆိုတွင် မှန်ကန်မှု ရှိ၊ မရှိ စောဒကတက်နိုင်သည်။

လူသားများသည် အောက်ဆီဂျင်ရှိသည့် နေရာများတွင်သာ အသက်ရှင်နေထိုင်နိုင်သည်ဟူသော အချက်သည် မှန်ကန်ပါ၏လော။

လပေါ်သို့ လူသားများ သွားရောက်ခဲ့သည့် ခရီးစဉ်ကို လေ့လာ ကြည့်ပါက အောက်ဆီဂျင်ဗူးများကို ယူဆောင်သွားပြီး လပေါ်တွင် အသက်ရှင်နေထိုင်ခဲ့သည်ကို တွေ့လာရသည်။

ထို့ကြောင့် ဒုတိယအဆို၏ မှန်ကန်မှုကို သံသယဖြစ်ဖွယ်ရာ ရှိလာသည်။ ထိုအဆိုသည် အပြည့်အဝမှန်ကန်မှုမရှိပေ။ သို့သော် လည်း ဖော်ပြပါဆင်ခြေသည် ခိုင်လုံသည့် ဆင်ခြေတစ်ခုဖြစ်သည်။

ဆင်ခြေတစ်ခု၏ ခိုင်လုံမှုသည် အဆိုများ၏ မှန်ကန်မှု ရှိ၊ မရှိ ဟူသောအချက်နှင့် ဆက်စပ်မနေပေ။ ဤအတွက်ကြောင့်ပင် တစ်စုံ တစ်ယောက်၏အဆိုများကို ကျွန်ုပ်တို့ နားထောင်ကြည့်သည့်အခါ တစ်ခုနှင့်တစ်ခု ယုတ္တိရှိရှိ ဆက်စပ်နေသည်ကို တွေ့ရသော်လည်း သူ၏ဆင်ခြေအား ကျွန်ုပ်တို့ လက်မခံနိုင်သည့်အခါများ ရှိနေတတ် ပေသည်။

ကျွန်ုပ်တို့၏ ဘာသာရေး ယုံကြည်မှုများ၊ နိုင်ငံရေးအယူအဆ များကို တစ်စုံတစ်ဦးက ပြောင်းလဲစေလိုသော ရည်ရွယ်ချက်ဖြင့် ငြင်းဆိုလာသည့်အခါ ဤသို့သောသဘောကို ကြုံတွေ့ရသည်။ အဆို များကို တစ်ခုချင်းအနေဖြင့် ကျွန်ုပ်တို့ လက်ခံနိုင်သော်လည်း ဆင်ခြေကိုမူ လက်ခံရန် အခက်အခဲတွေ့နေရတတ်သည်။

ငြင်းဆိုသူ၏ နိဂုံး၊ သို့မဟုတ် ကောက်ချက်ချမှုကို လက်မခံနိုင် ခြင်းသည် သူ့အဆိုတစ်ခုခုကို လက်မခံနိုင်ခြင်းကြောင့် ဖြစ်ပေမည်။ ထိုအဆိုသည် မှန်ကန်မှုရှိသည်ဟု သင် မယုံကြည်သောကြောင့် ဖြစ်ပေမည်။

အချို့သော ဆင်ခြေများတွင် မှန်ကန်မှု ရှိ မရှိ မသေချာသည့် အဆိုတစ်ခု ပါလာသော်လည်း ယုတ္တိရှိရှိ စဉ်းစားတွေးခေါ်လိုသူသည် ဆင်ခြေတစ်ခုအနေနှင့် ထိုအဆိုကို လက်ခံသင့်ပေသည်။

သိပ္ပံပညာရှင်များသည် ဤသို့လက်ခံကျင့်သုံးလေ့ရှိကြသည်။ ၁၇ ရာစုနှစ်က နာမည်ကျော် သိပ္ပံပညာရှင် နယူတန်က ရွေ့လျားမှု ပထမဥပဒေကို ဤသို့ရေးသားခဲ့သည်။

'ပြင်ပအားတစ်ခုခု၏ လွှမ်းမိုးမှုသာ မရှိပါက ရွေ့လျားနေသော အရာဝတ္ထုတစ်ခုသည် အစဉ်အမြဲ ရွေ့လျားနေမည်ဖြစ်၏။'

*ဤဥပဒေသည် အဖြစ်မှန်အကြောင်းတရားများနှင့် ဆန့်ကျင်*နေသည်။ ပြင်ပအားတစ်ခုခု၏ လွှမ်းမိုးခြင်းမှ ကင်းလွတ်နေသော အရာဝတ္ထုဟူ၍ ဤကမ္ဘာပေါ်တွင် မရှိချေ။

သို့သော်လည်း ဤဥပဒေသည် အသုံးဝင်ကြောင်း ရူပဗေဒပညာရှင်များ တွေ့ကြရသည်။ ဥပမာ၊ ကားများသည် သဲလမ်းပေါ်ထက် ကတ္တရာလမ်းပေါ်တွင် အဘယ့်ကြောင့် လျင်မြန်စွာသွားနိုင်ကြောင်း ရှင်းလင်းသည့်အခါ အထောက်အကူရသောကြောင့်ဖြစ်သည်။

ထို့ကြောင့် အဆိုများသည် မှန်ကန်မှုရှိရုံမက မသေချာသည့် အခြေအနေနှင့် မှားယွင်းနေသည့် အခြေအနေမှာပင် ဆင်ခြေသည် ခိုင်လုံမှုရှိနိုင်ပေသည်။

ဤသို့ဆိုပါက ခိုင်လုံမှုမရှိသော ဆင်ခြေဟူသည် အဘယ်နည်း။ နိဂုံးသည် ပေးထားသောအဆိုများမှ ထွက်ပေါ်မလာပါက ထိုဆင်ခြေသည် ခိုင်လုံမှုမရှိသော ဆင်ခြေဖြစ်သည်။

- ❒ ကြောင်များသည် သစ်ပင်တက်ကြသည်။
- ❒ ထို့ပြင် ကျောင်းသားကလေးများသည် သစ်ပင်တက်ကြသည်။
- ❒ ထို့ကြောင့် ကြောင်များသည် ကျောင်းသားကလေးများ ဖြစ်ကြသည်။

○ မြန်မာများသည် အရှေ့တောင်အာရှတွင် နေထိုင်ကြသည်။
○ ထို့ပြင် ထိုင်းလူမျိုးများသည် အရှေ့တောင်အာရှတွင် နေထိုင်ကြသည်။
○ ထို့ကြောင့် ထိုင်းလူမျိုးများသည် မြန်မာများ ဖြစ်ကြသည်။

ဖော်ပြပါ ဆင်ခြေနှစ်ခုသည် ပုံစံအားဖြင့် တူညီကြသည်။ ပထမဆင်ခြေတွင် ကြောင်များကို ကျောင်းသားကလေးများနှင့် နှိုင်းယှဉ်မှုပြုလုပ်ထားပြီး ဒုတိယဆင်ခြေတွင် မြန်မာများနှင့် ထိုင်းလူမျိုးများကို နှိုင်းယှဉ်ထားသည်။ ထိုဆင်ခြေများသည် ခိုင်လုံမှုမရှိကြောင်း သိမြင်နိုင်ပေသည်။ ကြောင်နှင့် ကျောင်းသားကလေးများသည် သစ်ပင်တက်သည့် အပြုအမူတွင် တူညီရုံမျှနှင့် ကြောင်များသည် ကျောင်းသားကလေးများ ဖြစ်မလာနိုင်ပေ။ ကြောင်နှင့် ကျောင်းသားတို့သည် ထပ်တူထပ်မျှ တူညီမလာနိုင်ပေ။

ထိုနည်းတူ မြန်မာနှင့် ထိုင်းလူမျိုးများသည် အရှေ့တောင်အာရှတွင် နေထိုင်ကြသည်ဟူသော အချက်တစ်ချက်တွင် တူညီရုံမျှနှင့် မြန်မာနှင့် ထိုင်းလူမျိုးတို့ ထပ်တူထပ်မျှ တူညီမလာနိုင်ပေ။ ထိုင်းလူမျိုးများသည် မြန်မာများ ဖြစ်မလာနိုင်ပေ။

ဖော်ပြပါ ဆင်ခြေများသည် ခိုင်လုံမှုမရှိကြောင်း သိသာမြင်သာလွယ်သည်။ သို့သော်လည်း အချို့သောဆင်ခြေများကိုမူ ဤသို့လွယ်လွယ်ကူကူ မြင်နိုင်လိမ့်မည်မဟုတ်ပေ။ အပေါ်ယံကြည့်ပါက ပေးထားသော အဆိုများမှ နိဂုံးထွက်ပေါ်လာဟန် ရှိကောင်းရှိပေမည်။

❐ မှန်ကန်သော သီအိုရီများကို တိကျသော စမ်းသပ်မှုများဖြင့် အတည်ပြုထားသည်။
❐ အိုင်းစတိုင်း၏ သီအိုရီကို တိကျကသောစမ်းသပ်မှုဖြင့် အတည်ပြုထားသည်။

❐ ထို့ကြောင့် သူ၏ သီအိုရီသည် မှန်ကန်မှုရှိရမည်။

ဤဆင်ခြေသည် ကြောင်နှင့်ကျောင်းသား ဆင်ခြေကဲ့သို့ပင် ခိုင်လုံမှုမရှိပေ။ တိကျသော စမ်းသပ်မှု ပြုလုပ်ထားသည်ဟူသော အချက်တစ်ခုတွင် တူရုံမျှနှင့် အိုင်းစတိုင်း၏ သီအိုရီသည် မှန်ကန်မှု ရှိရမည်ဟု မဆိုနိုင်ပေ။

ပေးထားသော အဆိုများမှ မလွဲမသွေ ထွက်ပေါ်လာသည့် နိဂုံး ဖြစ်မှသာလျှင် ထိုဆင်ခြေသည် ခိုင်လုံမှုရှိသော ဆင်ခြေဖြစ်သည်။ သို့မဟုတ်ပါက ခိုင်လုံမှုမရှိသော ဆင်ခြေတစ်ခု ထွက်ပေါ်လာမည် ဖြစ်ပေသည်။

❐ ❐ ❐

# အမြဲ၊ သို့မဟုတ် အနက်

လေယာဉ်ဖြင့် ခရီးသွားခြင်းကို နှစ်ဆယ်ရာစုနှစ်၏ အစပိုင်းတွင် စတင်ခဲ့သည်။ ဤနည်းဖြင့်သွားလာခြင်းမှာ ထိုစဉ်က အသစ်အဆန်းဖြစ်နေသေးသည့်အတွက် ခရီးသည်များ၏ စိတ်တွင် စိုးရိမ်ကြောင့်ကြမှုရှိနေကြသည်။ မိမိသွားမည့် ခရီးစဉ်သည် ချောမွေ့ပါမည်လော၊ ဘေးကင်းပါမည်လော။ မိမိနေအိမ်သို့ အန္တရာယ်ကင်းဘေးရှင်းစွာ ပြန်ရောက်လာမှု မလာမှုနှင့် စပ်လျဉ်းပြီး ရယ်စရာအဖြစ်ပြောလေ့ရှိသည့် စကားများမှာ ဤသို့ဖြစ်၏။

'အားလုံးအဆင်ပြေသွားရင် ဘာမျှစိုးရိမ်စရာ မရှိပါဘူး။ အဆင်မပြေရင်လည်း ဖြစ်နိုင်တာ နှစ်ခုပဲရှိပါတယ်။ ခင်ဗျား လေယာဉ်ပျက်ကျမယ်၊ ဒါမှမဟုတ် ပျက်မကျဘူး။ လေယာဉ်ပျက်မကျဘူးဆိုတော့ ဘာစိတ်ပူစရာရှိလို့လဲ။ လေယာဉ်ပျက်ကျရင်လည်း ဖြစ်နိုင်တာ နှစ်ခုရှိတယ်။ ခင်ဗျားမှာ ဒဏ်ရာပြင်းပြင်းထန်ထန်ရတာနဲ့ မရတာပေါ့။ ဒဏ်ရာမပြင်းထန်ဘူးဆိုတော့လည်း စိုးရိမ်စရာမရှိပါဘူး။ ဒဏ်ရာပြင်းထန်တော့လည်း ခင်ဗျား နေကောင်းလာတာနဲ့ ပြန်မကောင်းတော့တာဆိုပြီး နှစ်ခုဖြစ်နိုင်ပြန်တယ်။ ခင်ဗျား နေပြန်ကောင်းမယ်ဆိုရင် ဘာစိုးရိမ်စရာရှိလို့လဲ။ ပြန်မကောင်းတော့ဘဲ တစ်ခါတည်း ကိစ္စချောသွားမယ်ဆိုရင်လည်း ခင်ဗျားမှာ စိုးရိမ်စိတ်ဖြစ်ပေါ်မလာနိုင်တော့ဘူးပေါ့။'

ဤစာကြောင်းများတွင် သို့မဟုတ်ဟူသော စကားကို ကျွန်ုပ်တို့အသုံးပြုခဲ့သည်။ လေယာဉ်ပျက်ကျခြင်း၊ သို့မဟုတ် ပျက်မကျခြင်း၊ ဒဏ်ရာပြင်းထန်စွာရခြင်း၊ သို့မဟုတ် မပြင်းထန်ခြင်း စသည်ဖြင့်



ဖြစ်နိုင်သည့် အခြေအနေနှစ်ရပ်ကို ဖော်ပြခဲ့သည်။

သို့မဟုတ်ဟူသော စကားလုံးကို ကျွန်ုပ်တို့သည် စဉ်းစားတွေးတောရာတွင် အသုံးပြုလေ့ရှိကြသည်။ အသုံးပြုမှုမမှန်ကန်ပါက ကျွန်ုပ်တို့၏ အတွေးအခေါ်သည် လွဲမှားသွားနိုင်သည်။

ဖော်ပြပါနမူနာတွင် သို့မဟုတ်ကို လွဲမှားစွာ အသုံးပြုခဲ့သည်။ အသုံးပြုမှုမှန်ကန်ခြင်း ရှိ၊ မရှိ ကျွန်ုပ်တို့ မစဉ်းစားခဲ့ပေ။ ရယ်စရာ တစ်ခုအနေနှင့် ပြောနေသောအခါ ပြဿနာမဟုတ်သော်လည်း အရေးကြီးသော ကိစ္စရပ်များကို တွေးခေါ်သည့်အခါ မမှန်ကန်ပါက ရှုပ်ထွေးမှုဖြစ်ပေါ်လာနိုင်သည်။ ကောက်ချက်ချမှုများ လွဲမှားသွားနိုင်ပေသည်။

သို့မဟုတ်ကို အသုံးပြုသောသူသည် ဖြစ်နိုင်သည့်အခြေအနေ နှစ်ခုသာရှိသည်ဟု ယူဆပြီး သုံးနေခြင်းဖြစ်ပေသည်။ အမှန်အားဖြင့် အကြောင်းကိစ္စရပ်များတွင် နှစ်ခုထက်ပို၍ဖြစ်နိုင်သည့် အခြေအနေ များလည်း ရှိတတ်ပေသည်။

ကမ္ဘာ့ပြဿနာများနှင့် ပတ်သက်သော အတွေးအမြင်များတွင် သို့မဟုတ်ကို အမှတ်တမဲ့ အသုံးပြုပါက မည်သို့ဖြစ်လာမည်နည်း။

အချို့သောသူတို့ ပြောလေ့ပြောထရှိသည့် စကားများမှာ ဤသို့ ဖြစ်၏။

'ဒီနိုင်ငံတွေဟာ မိတ်ဆွေနိုင်ငံဖြစ်ရင်ဖြစ်၊ ဒါမှမဟုတ်ရင် ရန်သူ နိုင်ငံပဲ။'

'ကျွန်တော်တို့ကို အကူအညီပေးရင်ပေးမယ်၊ ဒါမှမဟုတ်ရင် ရန်သူကို ကူညီမှာပဲ။'

ဤသို့တွေးခေါ်မြော်မြင်ခြင်းသည် မှား၏။ အဘယ့်ကြောင့်ဆို သော် ကြားနေနိုင်ငံဟူ၍ ရှိနိုင်သောကြောင့်ဖြစ်၏။

သို့မဟုတ်ဟူသော စကားကို အသုံးပြုမည်ဆိုပါက အခြေအနေ၊ သို့မဟုတ် ဖြစ်ရပ်သည် နှစ်ခုသာရှိရပေမည်။ နှစ်ခုထက်ပို၍ရှိသည့် အခြေအနေတွင် သို့မဟုတ်ကို အသုံးမပြုနိုင်ပေ။

ဖန်ခွက်ထဲတွင် ရေရှိသည်၊ သို့မဟုတ် ရေမရှိ။

လျှပ်စစ်မီးလာသည်၊ သို့မဟုတ် မီးမလာ။

ထမင်းစားပြီးပြီ၊ သို့မဟုတ် မစားရသေး။

သူ့တွင် အလုပ်အကိုင်ရှိသည်၊ သို့မဟုတ် မရှိ။

ဤသို့သော အခြေအနေများတွင် သို့မဟုတ်ကို အသုံးပြုပါက မှန်ကန်သည်။

သို့သော် ရန်သူ သို့မဟုတ် မိတ်ဆွေ၊ ချစ်ခြင်း သို့မဟုတ် မုန်းခြင်း၊ လူကောင်း သို့မဟုတ် လူယုတ်မာ၊ အကူအညီပေးသူ သို့မဟုတ် ဒုက္ခပေးသူဟူ၍ အသုံးပြုခြင်းမှာ မှားယွင်းသည်။ အဘယ့်

ကြောင့်ဆိုသော် ဖော်ပြပါနမူနာများတွင် အခြေအနေသည် နှစ်ခု ထက်ပို၍ ရှိနိုင်သောကြောင့်ဖြစ်သည်။

အရည်အသွေးတစ်ရပ်နှင့် ပတ်သက်ပြီး ဆွေးနွေးကြရာတွင် သို့မဟုတ် ပုံစံကို အသုံးပြုပါက ကျွန်ုပ်တို့၏ အတွေးအမြင်တွင် မှားယွင်းမှု ရှိလာမည်ဖြစ်၏။

သဘောကောင်းခြင်းဟူသော အရည်အသွေးတစ်ရပ်ကို စဉ်းစား ကြည့်ပါ။ လူသားများသည် တစ်ဦးနှင့်တစ်ဦး သဘောကောင်းမှု အနည်းအများသာ ကွာခြားမှုဖြစ်သည်။ သဘောကောင်းသူ တစ်စု နှင့် သဘောမကောင်းသူ တစ်စုဟူ၍ လူသားများကို နှစ်ပိုင်း ပိုင်းခြား ၍ ရမည်မဟုတ်ပေ။ သဘောကောင်းသူမဟုတ်သဖြင့် သဘော မကောင်းသူတစ်ဦး အလိုအလျောက်ဖြစ်မလာပေ။

ရိုးသားခြင်းဟူသည် အရည်အသွေးတစ်ရပ်ဖြစ်၏။ လူသားတစ်ဦး နှင့်တစ်ဦး ဒီဂရီအားဖြင့် အနည်းအများကွာခြားမှုရှိကြသည်။ ကျွန်ုပ် တို့၏ စဉ်းစားတွေးခေါ်မှုတွင် ရိုးသားမှု၊ သို့မဟုတ် မရိုးသားဟူ၍ နှစ်ပိုင်းတည်းသာ ခွဲခြားမြင်နေပါက လွဲမှားမှုဖြစ်ပေါ်လာပေမည်။

ထိုနည်းတူ သစ္စာရှိသူ သို့မဟုတ် မရှိသူ၊ ဉာဏ်ကောင်းသူ သို့မဟုတ် ဉာဏ်မကောင်းသူ၊ အားနာတတ်သူ သို့မဟုတ် အားမနာ တတ်သူ၊ ယဉ်ကျေးသူ သို့မဟုတ် ရိုင်းစိုင်းသူ၊ အလိုက်သိတတ်သူ သို့မဟုတ် မသိတတ်သူ စသည်ဖြင့် လူသားများ၏ အရည်အသွေး များကို နှစ်ပိုင်းသာခွဲ၍ မြင်တတ်ပါက ကျွန်ုပ်တို့၏ အတွေးအမြင် သည် လွဲမှားနေမည်ဖြစ်၏။

လောကတွင် သဘာဝအလျောက် တည်ရှိပြီးသော အစစ်အမှန် နှစ်ပိုင်းကွဲများ ရှိပေသည်။ ယောကျာ်း သို့မဟုတ် မိန်းမ၊ သေသူ သို့မဟုတ် ရှင်သူ၊ ကားရှိသူ သို့မဟုတ် မရှိသူ၊ အိမ်ပိုင်ရှိသူ သို့ မဟုတ် အိမ်ပိုင်မရှိသူ၊ ဆေးလိပ်သောက်သူ သို့မဟုတ် မသောက် သူ စသည်တို့သည် သဘာဝအတိုင်း နှစ်ပိုင်းကွဲ၍နေကြသည်။

သဘာဝအတိုင်း ထိုသို့ နှစ်ပိုင်းကွဲနေသည့် အကြောင်းအရပ်များ၌ သို့မဟုတ် ပုံစံကို အသုံးပြုနိုင်သည်။ ယောကျ်ား သို့မဟုတ် မိန်းမ၊ ကားရှိသူ သို့မဟုတ် ကားမရှိသူ စသည်ဖြင့်အသုံးပြုလျှင် မှန်ကန်မည်ဖြစ်ပေသည်။

တစ်ခါတစ်ရံ အကြောင်းတစ်ရပ်သည် စစ်မှန်သော နှစ်ပိုင်းကွဲမှု မဟုတ်ပါသော်လည်း လက်တွေ့အားဖြင့် အသုံးပြုနိုင်ရန် နှစ်ပိုင်းကွဲသည့်အခါများလည်း ရှိတတ်ပေသည်။ ဥပမာအားဖြင့် စိတ်ကျန်းမာမှုနှင့် ပတ်သက်ပြီး စံကိုက်ဖြစ်မှုနှင့် မဖြစ်မှုဟူ၍ ပိုင်းခြားထားခြင်းသည် သဘာဝအလျောက်မဟုတ်ဘဲ မိမိသဘောအလျောက် ပိုင်းခြားထားခြင်းသာ ဖြစ်ပေသည်။ စိတ်ကျန်းမာမှုနှင့် စပ်လျဉ်းပြီး လူသားများသည် တစ်ဦးနှင့်တစ်ဦး ဒီဂရီအားဖြင့်သာ ခြားနားမှုရှိကြသည်။ သီးသန့်အုပ်စုနှစ်စုအနေနှင့် ကွဲပြားနေမှုမရှိပေ။

ကျောင်းသားများကို စာမေးပွဲအောင်သူ သို့မဟုတ် ကျသူဟူ၍ ပြောဆိုလေ့ရှိကြသည်။ စာမေးပွဲအောင်သူများသည် ထိုအတန်းအတွက် သင်ကြားလိုက်သော ဘာသာရပ်များကို ကျေနပ်ဖွယ်ကောင်းသည့် အခြေအနေထိ တတ်ကျွမ်းကြပြီဟူ၍ ယူဆနိုင်သည်။

သို့ရာတွင် ကျောင်းသားများအား စာမေးပွဲအောင်သူများနှင့် ကျသူများဟူ၍ နှစ်ပိုင်း ပိုင်းခြားထားခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။ အဘယ့်ကြောင့်ဆိုသော် စာမေးပွဲအောင်သူနှင့် ကျသူတို့၏ ခြားနားမှုသည် မဖြစ်စလောက်သာ ရှိပေသည်။

ဥပမာအားဖြင့် စာမေးပွဲတွင် အမှတ် ၄၀ ထက်လျော့နည်းပြီး ရသူတို့ကို စာမေးပွဲကျသူဟူ၍ သတ်မှတ်သည် ဆိုပါစို့။ ဤတွင် အမှတ် ၄၀ ရပြီး စာမေးပွဲအောင်သူနှင့် ၃၉ မှတ်ရပြီး ကျသူတို့သည် စွမ်းရည်တွင် မည်မျှခြားနားမှုရှိကြသနည်း။ အမှတ်အားဖြင့် ခြားနားမှုသည် ၁ ရာနိုင်နှုန်းမျှသာဖြစ်ရာ ထိုအမှတ်လောက်နှင့် စာမေးပွဲ အောင်သူနှင့် ကျသူဟူသော ခြားနားမှုကြီးကို ဖြစ်ပေါ်လာစေသင့်

သလား။ ၃၉ မှတ်ရသူကို အအောင်မပေးသင့်ပေဘူးလား။

ဆက်လက်ပြီး စဉ်းစားမည်ဆိုပါက ၃၈ မှတ်ရသူနှင့် ၃၉ မှတ်ရသူတို့၏ ခြားနားမှုသည်လည်း ၁ ရာခိုင်နှုန်းသာဖြစ်ရာ ၃၉ မှတ်ကို အအောင်ပေးပြီး ၃၈ မှတ်ရသူအား စာမေးပွဲချထားခြင်းသည် တရားမျှတပါ၏လော။

ဤနည်းအတိုင်း စဉ်းစားသွားမည်ဆိုပါက သုည အမှတ်ရသူနှင့် ၁ မှတ်ရသူတို့၏ ခြားနားမှုသည်လည်း ၁ ရာခိုင်နှုန်းသာဖြစ်သောကြောင့် ထိုသူကိုလည်း အအောင်မပေးသင့်ဘူးလောဟု စောဒကတက်လိုကြပေလိမ့်မည်။

သုည မှ ၁၀၀ အထိရှိသော အမှတ်များသည် တဖြည်းဖြည်းမျှင်းသာ ပြောင်းလဲတိုးတက်သွားရာ အမှတ်တစ်ခုကို အခြားတစ်ခုမှ ခွဲခြားရန်မှာ များစွာခက်ခဲမည်ဖြစ်ပေသည်။ သို့သော်လည်း သုည အမှတ်ရသော ကျောင်းသား၏စွမ်းရည်သည် အမှတ် ၄၀ သို့မဟုတ် အမှတ် ၁၀၀ ရသော ကျောင်းသား၏စွမ်းရည်ထက် ဘာသာရပ်ကျွမ်းကျင်မှု ဒီဂရီတွင် များစွာညံ့ဖျင်းမည်ဖြစ်၏။

ထိုသို့သော အခြေအနေတွင် ကျွန်ုပ်တို့သည် ဖြတ်မှတ်တစ်ခုသတ်မှတ်ရန် လိုအပ်လာသည်။ ထိုသို့သတ်မှတ်ထားခြင်းအားဖြင့် ပြဿနာပေါ်စေနိုင်သည်မှာ မှန်သော်လည်း သင်ကြားလိုက်သည့်ဘာသာရပ်တွင် လုံလောက်သော ကျွမ်းကျင်မှုရှိသူနှင့် မရှိသူတို့အားခွဲခြားထားရန် လိုအပ်မည်ဖြစ်ပေသည်။

ဒီဂရီအားဖြင့်သာ ခြားနားမှုရှိသည့် အရည်အသွေးတစ်ခုအားနှစ်ပိုင်း ပိုင်းခြားရန် ဖြတ်မှတ်သတ်မှတ်သည့် အလုပ်သည် များစွာခက်ခဲလှပေသည်။

အဖြူ သို့မဟုတ် အနက်ဟူ၍ အရောင်နှင့်ပတ်သက်ပြီး ကျွန်ုပ်တို့ ပြောဆိုလေ့ရှိကြသည်။ မည်သည့်အရောင်သည် အဖြူဖြစ်ပြီး မည်သည့်အရောင်သည် အနက်ဖြစ်သနည်း။ အဖြူရောင်စစ်စစ်

ဟူသည် ကျရောက်သမျှ အလင်းရောင်အားလုံးကို စုပ်ယူမှုမရှိဘဲ အလင်းရောင်ပြန်စေပါက ထိုအရောင်သည် အဖြူရောင်စစ်စစ်ဖြစ်၏။ အကယ်၍ ကျရောက်သမျှ အလင်းရောင်အားလုံးကို ထိုပစ္စည်းက စုပ်ယူလိုက်သဖြင့် အလင်းရောင်ပြန်မှု လုံးဝမရှိပါက ထိုအရောင်သည် အနက်ရောင်စစ်စစ် ဖြစ်သည်။ သို့သော် အဖြူရောင်စစ်စစ်နှင့် အနက်ရောင်စစ်စစ်ကို မြင်ဖူးသူကား အလွန်ပင်ရှားမည်ဖြစ်သည်။

အဖြူရောင်၊ သို့မဟုတ် အနက်ရောင်ဟု ကျွန်ုပ်တို့ခေါ်ဆိုနေသော အရောင်များသည် အမှန်အားဖြင့် အလွန်နုသော မီးခိုးရောင်နှင့် အလွန်ရင့်သော မီးခိုးရောင်များသာလျှင် ဖြစ်ပေသည်။ အဖြူရောင် စက္ကူနှစ်ခုကို နှိုင်းယှဉ်ကြည့်ပါက တစ်ခုသည် အခြားတစ်ခုထက် ပိုဖြူသည်ကို တွေ့ရမည်ဖြစ်သည်။

လူသားများ၏ မျက်စိသည် အဖြူရောင်စစ်စစ်မှ အနက်ရောင် စစ်စစ်အတွင်းရှိ မီးခိုးရောင် ၄၀၀၀၀ ကို ခွဲခြားသိမြင်နိုင်သည်ဟု ဆို၏။ ထိုမီးခိုးရောင် ၄၀၀၀၀ ကို ဖြန့်ချထားပြီး အရောင်တစ်ခုနှင့် တစ်ခု ခြားနားမှုကို ခွဲခြားပြောရမည်ဆိုပါက အလွန်ပင် ခက်ခဲလှမည် ဖြစ်ပေသည်။ မီးခိုးရောင်သည် မည်သည့်နေရာတွင်ဆုံးပြီး အနက်ရောင်သည် မည်သည့်နေရာတွင် စတင်သနည်းဟု တစ်စုံတစ်ယောက်က မေးမြန်းလာပါက ကျွန်ုပ်တို့ ဖြေနိုင်လိမ့်မည် မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် မီးခိုးရောင်နှင့် အနက်ရောင်တို့ကို တိတိကျကျ ပိုင်းခြားထားသော မျဉ်းဟူ၍ မရှိသောကြောင့် ဖြစ်၏။

ထိုသို့သော သဘောရှိသည့် ပြဿနာတစ်ရပ်မှာ ဤသို့ဖြစ်၏။

လူတစ်ယောက်၏ မျက်နှာပေါ်တွင် မုတ်ဆိတ်မွေးရှိသည်ဟု ခေါ်ဆိုနိုင်ရန် အမွေးအမှင် မည်မျှရှိရန် လိုအပ်သနည်း။

အမွေးအမှင် ၁၀၀၀ ရှိလျှင် လုံလောက်ပါပြီလော။ ယေဘုယျအားဖြင့် လုံလောက်ပြီဟု ဆိုကြပေလိမ့်မည်။ ၁၀ ပင်သာ ရှိလျှင်မူ

ထိုပုဂ္ဂိုလ်တွင် မုတ်ဆိတ်မွေးရှိသည်ဟုပြောရန် ခဲယဉ်းပေလိမ့်မည်။ ထို့ကြောင့် ၁၀ ပင်သည် မလုံလောက်ဟု ဆိုရမည်ဖြစ်သည်။ အကယ်၍ ၉၉၉ ပင်ရှိလျှင် မုတ်ဆိတ်မွေးတစ်ခုဖြစ်ရန် လုံလောက်သည်ဟု ယူဆနိုင်သော်လည်း ၁၁ ပင်သာရှိပါက လုံလောက်မည် မဟုတ်ပေ။ အကယ်၍ ၉၉၈ ပင်ရှိလျှင်ကောဟု မေးမြန်းလာပါက လုံလောက်သေးသည်ဟု ပြောဆိုမည်ဖြစ်ပြီး ၁၂ ပင်သာဆိုပါက မလုံလောက်ဟု ဖြေဆိုကြပေလိမ့်မည်။ ဤနည်းအတိုင်း ၉၉၇ ပင်နှင့် ၁၃ ပင်၊ ၉၉၆ ပင်နှင့် ၁၄ ပင်တို့ကို ဆက်လက်မေးမြန်းသွားပါက အလားတူအဖြေများပင် ရရှိပေလိမ့်မည်။ ဤသို့ဆိုပါက တစ်နေရာရာတွင် မုတ်ဆိတ်မွေးရှိခြင်းနှင့် မရှိခြင်းကို ပိုင်းခြားထားသည့် ဖြတ်မှတ် အရေအတွက်တစ်ခုသို့ ရောက်ရှိလာလိမ့်မည်ဟု သင်ယူပါသလော။

အုပ်စုလိုက် တိတိကျကျ တည်ရှိမနေသော အရာဝတ္ထုများ၊ အရည်အသွေးများ၊ အင်္ဂါရပ်များကို ကဏ္ဍပိုင်းခြားမှု ပြုလုပ်ရန် ကြိုးပမ်းပါက ဖော်ပြပါပြဿနာများ ကျွန်ုပ်တို့ ကြုံတွေ့လာမည်ဖြစ်သည်။ သို့မဟုတ် ပုံစံကို အခြေအနေအရပ်ရပ်တိုင်းနှင့် အသုံးပြု၍မရကြောင်း ကျွန်ုပ်တို့ သတိထားရမည်ဖြစ်ပေသည်။

သို့သော်လည်း မဖြစ်မနေ ကျွန်ုပ်တို့က အဆုံးအဖြတ်ပေးရမည့် အချိန်အခါများလည်း ရှိတတ်ပေသည်။ ထိုအခါ ဖြတ်မှတ်တစ်ခုကို သတ်မှတ်ပေးနိုင်ရမည် ဖြစ်ပေသည်။

❒ ❒ ❒

# လူသားများပင် မဟုတ်ပါလော

တစ်ခါက. . . အကြံဉာဏ်လာတောင်းလျှင် ပေးလေ့ရှိသော တရားသူကြီးတစ်ဦး ရှိခဲ့သည်။ အိမ်နီးနားချင်းများသည် ပြဿနာ ကြုံတွေ့ရသည့်အခါတိုင်း သူ့ထံ လာရောက်တိုင်ပင်လေ့ရှိကြ၏။ တစ်နေ့တွင် အိမ်နီးချင်းတစ်ဦး၏ ဇနီးသည် တရားသူကြီးထံသို့ ရောက်လာပြီး သူ့ခင်ပွန်းနှင့် ပြဿနာတက်ရသည့်အကြောင်းကို ပြောဆိုတိုင်တန်းသည်။ သူ့ပြောဆိုချက်များကို ကြားနာပြီးသောအခါ တရားသူကြီးက ဤသို့ပြောလိုက်၏။


'ဟုတ်တယ်၊ မင်းမှန်တယ်၊ မင်းယောကျ်ားက မှားတယ်။'

ညနေပိုင်းတွင် ထိုမိန်းမ၏ယောကျ်ားသည် တရားသူကြီးထံသို့ ရောက်လာသည်။ သူကလည်း သူ့ဇနီးနှင့် ပြဿနာဖြစ်ရသည့် အကြောင်း၊ တရားသူကြီးကို ရှင်းပြ၏။ တရားသူကြီးသည် စဉ်းစဉ်းစားစားနှင့် ခေါင်းတညိတ်ညိတ်နားထောင်ပြီး ယောကျ်ားဖြစ်သူအား ဤသို့ပြောလိုက်၏။

'ဟုတ်တယ်၊ မင်းမှန်တယ်၊ မင်းမိန်းမက မှားတယ်။'

တရားသူကြီး၏ မိန်းမဖြစ်သူလည်း အိမ်တွင် တစ်နေကုန်ရှိနေ သည့်အတွက် အဖြစ်အပျက်အားလုံးကို သိနေသည်။ သူ့ယောကျ်ား၏ ပြောဆိုမှုကို မကြိုက်သဖြင့် ဤသို့ပြောလိုက်၏။

'ရှင် ဘယ်လိုပြောတာလဲ၊ သူ့မိန်းမလာတုန်းက သူပဲ မှန်တယ် ပြောခဲ့တယ်။ အခု သူ့ယောကျ်ား လာပြောပြန်တော့ ယောကျ်ားက မှန်တယ် ဖြစ်သွားပြန်ရော။ နှစ်ယောက်စလုံး ဘယ်လိုလုပ် မှန်နိုင် မှာလဲ။'



တရားသူကြီးသည် ခဏမျှစဉ်းစားလိုက်၏။ ပြီးလျှင် သူ့ဇနီးအား ဤသို့ပြောလိုက်လေသတည်း။

'ဟုတ်တယ် ငါ့မိန်းမ၊ မင်းပြောတာမှန်တယ်'

ဤအဖြစ်အပျက်ကလေးကို ဖတ်ရသည်မှာ ရယ်စရာဖြစ်သည်။ တရားသူကြီး၏ စကားများသည် ရှေ့နောက်ညီညွတ်မှုမရှိသည့် အတွက် ရယ်စရာဖြစ်နေသည်။

လူသားများသည် ရှေ့နောက်ညီညွတ်မှုရှိကြလိမ့်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ထားကြသည်။ ကျွန်ုပ်တို့ အပြုအမူသည် ရှေ့နောက် ညီညွတ်မှုရှိရမည်။ ကျွန်ုပ်တို့ ပြောဆိုသော စကားများသည်လည်း ရှေ့နောက်ညီညွတ်မှုရှိရမည်။ ဤသို့ရှိနေစေရန် ကျွန်ုပ်တို့ အထူး ဂရုပြုလေ့ရှိကြသည်။

'ကျွန်တော် မန္တလေးမှာ မွေးတယ်'ဟု ပြောလာသူတစ်ဦးက 'ကျွန်တော် မန္တလေးမှာ မမွေးဘူး'ဟု ထပ်ပြီးပြောလိမ့်မည်ဟု ကျွန်ုပ်တို့ မမျှော်လင့်။ အကယ်၍ မိမိစကားကို မိမိဆန့်ကျင်ပြောပါကလည်း အဓိပ္ပာယ်ရှိလိမ့်မည် မဟုတ်ပေ။ မှန်ကန်သော အတွေးအမြင်များတွင် ဤသို့သော ဆန့်ကျင်မှုရှိနေသည့်အချက်များ မပါရှိရ။ အကယ်၍ ပါရှိလာပါက ရှေ့နောက်မညီညွတ်သော အတွေးအခေါ်များသာလျှင် ဖြစ်လာပေလိမ့်မည်။

ရှေ့နောက်ညီညွတ်မှုရှိသော အတွေးအခေါ် ဖြစ်လာစေရန် ကျွန်ုပ်တို့သုံးနှုန်းသော စကားလုံးများ၏ အဓိပ္ပာယ်သည် တစ်သမတ်တည်း ရှိနေရမည်ဖြစ်သည်။ ထပ်တူကျနေရမည်ဖြစ်သည်။

နှင်းဆီပွင့်တစ်ပွင့်သည် နှင်းဆီပွင့်ဖြစ်သည်။

မောင်ဖြူသည် မောင်ဖြူဖြစ်၏။

တစ်စုံတစ်ခုသည် ဟုတ်သည် မှန်သည်၊ သို့မဟုတ် မဟုတ် မမှန် ဟူ၍ သက်သေပြလိုသောအခါ ထပ်တူကျမှုရှိရန် လိုအပ်ကြောင်း ယုတ္တိဗေဒပညာရှင်တို့သည် ဤသို့ ဖော်ပြအသုံးပြုလေ့ရှိကြသည်။

ဤမှုနှင့်ပတ်သက်ပြီး ဝေဖန်မှုများ ရှိခဲ့သည်။

'မောင်ဖြူသည် လူသားတစ်ယောက်ဖြစ်၏' ဟူသော ဖော်ပြမှုသည် မှားယွင်းသည်ဟု အချို့က ဆိုကြသည်။ မောင်ဖြူဟူသော အမည်သည် လူသားနှင့် ထပ်တူမကျနိုင်ဟု ထောက်ပြကြသည်။

မှန်ပါသည်။ စာအုပ်ဟူသော စကားလုံးသည် စာအုပ်တစ်အုပ်နှင့် ထပ်တူကျမည်မဟုတ်ပေ။ အမည်သာလျှင် ဖြစ်ပေသည်။ ကားဟူသော စကားလုံးသည်လည်း စီးနင်းသွားလာနိုင်သည့်ကားနှင့် ထပ်တူကျမည် မဟုတ်ပေ။ မည်သည့်တွေးခေါ်ပညာရှင်ကမျှ ဤအဓိပ္ပာယ်နှင့် အသုံးပြုနေခြင်းလည်းမဟုတ်ပေ။ ထို့ကြောင့် ဤသို့ ဝေဖန်ခြင်းသည် အဓိပ္ပာယ်မရှိပေ။

ဒုတိယဝေဖန်ချက်မှာ ဤသို့ဖြစ်၏။

အရာဝတ္ထုနှစ်ခုသည် မည်သည့်အခါမျှ အတိအကျ ထပ်တူမကျနိုင်ဟု ဆိုကြသည်။ နှင်းဆီတစ်ပွင့်သည် နှင်းဆီတစ်ပွင့်ဖြစ်သည်ဟု ဆိုရာ၌ ဤနှင်းဆီပွင့်သည် အခြားနှင်းဆီပွင့်များနှင့် ထပ်တူကျသည်ဟု ကျွန်ုပ်တို့ မဆိုလိုပေ။ 'သစ်ရွက်တစ်ရွက်သည် သစ်ရွက်တစ်ရွက်ဖြစ်သည်' ဟု ဆိုရာ၌ ထိုသစ်ရွက်သည် အခြားသစ်ရွက်များနှင့် ထပ်တူထပ်မျှ တူညီသည်ဟု မသက်ရောက်ပေ။ သစ်ရွက်တစ်ရွက်သည် သစ်ကိုင်းတစ်ကိုင်း မဟုတ်၊ ပင်စည်တစ်ခု မဟုတ်။ အမြစ်တစ်ခု မဟုတ်ဟုသာ ဆိုလိုရင်းဖြစ်ပေသည်။

မှန်ကန်သော တွေးခေါ်မှု၊ ယုတ္တိကျသော ဆင်ခြင်မှု၊ ဆွေးနွေးမှုတို့တွင် စကားလုံးတစ်လုံး၏ အဓိပ္ပာယ်သည် ပြောင်းလဲသွားမှု မရှိစေရ။ တစ်သမတ်တည်း တစ်မျိုးတည်းသော အဓိပ္ပာယ် ရှိနေစေရသည်။ ထပ်တူကျရမည်ဟုသာ ဆိုလိုခြင်းဖြစ်သည်။ ဆွေးနွေးပြောဆိုမှု ရေးသားဖော်ပြမှု တစ်လျှောက်လုံးတွင် အဓိပ္ပာယ်သာ ရှိစေရမည်။ အကယ်၍ ပြောင်းလဲအသုံးပြုလိုပါက ထိုသို့ ပြောင်းလဲသွားသော အဓိပ္ပာယ်ကို ဖော်ပြရပေမည်။

စကားလုံးများ၏ အဓိပ္ပာယ်သည် အချိန်ကာလအလိုက် ပြောင်းလဲမှုရှိသည်ကား မှန်ပါသည်။ သို့သော် ဤဝေဖန်ချက်ကြောင့် ထပ်တူကျခြင်းဟူသော 'မူ' သည် ပျက်ပြားသွားမည် မဟုတ်ပေ။

ထပ်တူကျမှု 'မူ' ကို ဝေဖန်ခြင်းမှာ ယခုမှမဟုတ်ပေ။ ရှေးဂရိခေတ်ကာလကပင် ရှိခဲ့သည်။ ဂရိတွေးခေါ်ပညာရှင် ဟာရက်လစ်တပ်က ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ ကမ္ဘာကြီး ပြောင်းလဲလျက်ရှိသည်ဟု ညွှန်ပြခဲ့သည်။ မြစ်တစ်ခုအတွင်း ရေနှစ်ခါဆင်းချိုးဖူးသည်ဟူသော အဖြစ်မျိုးမဖြစ်နိုင်။ အဘယ့်ကြောင့်ဆိုသော် မြစ်ရေသည် အစဉ်တစိုက် စီးဆင်းလျက်ရှိသောကြောင့် ဖြစ်သည်ဟု ဆိုခဲ့သည်။

ဤသို့တွေးခေါ်ခြင်းသည် မှားယွင်းကြောင်း အခြားဂရိပညာရှင်

တစ်ဦးက ပုံပြင်တစ်ခုဖြင့် ဖော်ပြခဲ့သည်။

ဟာရက်လစ်တပ်သည် သူ့မိတ်ဆွေတစ်ဦးအား ငွေချေးသည်။ ထိုမိတ်ဆွေသည် ဟာရက်လစ်တပ်အား ချေးငွေပြန်မဆပ်ပေ။ ဟာရက်လစ်တပ်က အကြွေးပြန်တောင်းသောအခါ သူ့မိတ်ဆွေက ဤသို့ပြန်ပြောလိုက်၏။

'ခင်ဗျားဆီက ငွေချေးတဲ့လူဟာ ကျွန်တော် မဟုတ်ဘူး။'

မနေ့ကရှိခဲ့သော ကျွန်ုပ်သည် ယနေ့ကျွန်ုပ်နှင့် မတူညီတော့ဟူသော ဟာရက်လစ်တပ်၏ တွေးခေါ်မှုအရ ငြင်းဆိုလိုက်ခြင်းဖြစ်ပေသည်။

□ □ □

# မှန်ကန်ခြင်း၊ သို့မဟုတ် ဖြစ်နိုင်ခြင်း

အမှန်တရားကို ကျွန်ုပ်တို့အားလုံး သိလိုကြသည်။ သို့သော် ထိုအမှန်တရားက ကျွန်ုပ်တို့ကို စိတ်ပျက်သွားစေမည်ဆိုပါက မသိလိုသည့်အခါများလည်း ရှိမည်ဖြစ်သည်။ မည်သို့ဆိုစေ အမှန်တရားကို ကျွန်ုပ်တို့အားလုံး မြတ်နိုးကြသည်ဟု ဆိုနိုင်ပေသည်။

အမှန်တရားဟူသည် အဘယ်နည်း။ အမှန်တရားတွင် မည်သို့သော လက္ခဏာများ ရှိသနည်း။

အမှန်တရားဟူသည် အချိန်အခါမရွေး၊ နေရာဒေသမရွေး၊ လူမျိုးမရွေး မှန်ကန်မှုရှိရမည်ဟု အချို့က ဆိုကြသည်။ အချို့ကမူ အချိန်အခါအရ၊ နေရာဒေသအရ၊ လူပုဂ္ဂိုလ်အရ မှန်ကန်မှုရှိလိမ့်မည်ဟု ဆိုကြသည်။

မည်သည့်အဆိုက မှန်သနည်း။ ပထမအဆိုကို လက်ခံသူများရှိကြသလို ဒုတိယအဆိုကို ထောက်ခံသူများလည်း ရှိမည်ဖြစ်သည်။

မှန်ကန်မှုကို သီအိုရီသဘောအရ ဤသို့ငြင်းခုန်နေကြမည်ဆိုပါက ပြီးဆုံးဖွယ်ရာမမြင်ပေ။ ဤသို့ဆိုပါက လက်တွေ့သဘောအရ မှန်ကန်မှုကို မည်သို့အနက်ဖော်မည်နည်း။ မှန်ကန်ခြင်းဟူသည် အဘယ်နည်း။

အဆိုတစ်ခုသည် မှန်ကန်သည်ဆိုပါက ထိုအဆိုသည် အချက်အလက်သဘောအရ မှန်ကန်မှုရှိရသည်။ လူသားတို့၏ အတွေ့အကြုံအပေါ် အခြေခံသည့် ဖြစ်ရပ်မှန်များနှင့်လည်း ညီညွတ်မှုရှိရသည်။

'မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင်

လွတ်လပ်ရေးရခဲ့သည်’ဟူသော အဆိုကို စဉ်းစားကြည့်ပါ။

ထိုအဆိုသည် အဖြစ်မှန်နှင့် ကိုက်ညီမှုရှိသည်။ ထိုအချိန်အခါက ဖြစ်ပျက်ခဲ့သည့် ဖြစ်ရပ်တစ်ခုလည်း ဖြစ်သည်။ ဤအကြောင်းကြောင့် ဖော်ပြပါအဆိုသည် မှန်ကန်မှုရှိသည်။

သို့သော် ဆက်နွှယ်မှုပြဋ္ဌါဒီများက မှန်ကန်မှုသည် အကြွင်းမဲ့မဖြစ်နိုင်။ သဘာဝသာထီးထီးကြီးရပ်တည်မနေနိုင်ဟု ဆိုကြသည်။ အချိန်အခါ၊ နေရာဒေတို့နှင့် ဆက်နွှယ်လျက်ရှိသည်ဟု ဖော်ပြခဲ့ကြသည်။ လူသားများက မှန်ကန်သည်ဟု ယူဆထားသော အချက်တစ်ချက်သည် သူတို့၏ ဘဝအခြေအနေနှင့် ဆက်စပ်နေလိမ့်မည်ဟု ဆိုခဲ့ကြသည်။ သူတို့ပါဝင်သည့် လူ့အဖွဲ့အစည်း၊ သူတို့၏ ပညာရေးအခြေအနေနှင့် တစ်ဦးချင်း ဘဝအတွေ့အကြုံပေါ်တွင်လည်း အခြေခံလိမ့်မည်ဟု ယုံကြည်ခဲ့ကြသည်။ ဤအတွက်ကြောင့် လူသားများ၏ သဘောထားနှင့် ထင်မြင်ယူဆချက်များသည် မည်သည့်အချိန်အခါတွင်မျှ ထပ်တူမကျနိုင်ဟု တင်ပြခဲ့သည်။ လူသားများတွင် ကွဲပြားသည့် သမိုင်းအမြင်၊ ခြားနားသည့် စီးပွားရေးစနစ်၊ မတူညီသည့် နိုင်ငံရေးယုံကြည်ချက်နှင့် အမျိုးမျိုးသော ကိုးကွယ်မှုများ ရှိခဲ့သည်မှာ ဤအချက်များကြောင့်ဖြစ်သည်ဟု ဆက်နွှယ်မှုပြဋ္ဌါဒီများက ညွှန်ပြခဲ့သည်။

ယုံကြည်မှုတစ်ခုသည် အချိန်အခါ၊ နေရာဒေသနှင့် လူသားများ၏ ပညာရေးအဆင့်ပေါ်တွင် တည်မှီလျက်ရှိနေပုံကို ယခုအခါ လူသားအားလုံးလိုလို လက်ခံကြပြီးဖြစ်သည်။ မည်သူမျှ မငြင်းပယ်ကြပေ။

မှန်ကန်သည်ဟု ယုံကြည်နေသော အချစ်တစ်ချက်သည် အချိန်အခါ၊ နေရာဒေသ စသည်တို့နှင့် ဆက်နွှယ်နေသည်မှာ မှန်သော်လည်း အဖြစ်မှန်ကို အခြေခံထားသည့် အမှန်တရားကမူ ဤသို့မဟုတ်ချေ။

တစ်ချိန်တစ်ခါက လူသားများသည် မှားနေသည့်အချက်ကိုပင်

မှန်သည်ဟု ယူဆခဲ့ဖူးသည်။ ၁၅ ရာစုနှစ်လောက်က ကမ္ဘာကြီးသည် ပြားသည်ဟု ယုံကြည်ခဲ့ကြသည်။ ထိုယုံကြည်ချက် မှားခဲ့ခြင်းကြောင့် ထိုခေတ်အခါက ရေးဆွဲခဲ့သည့် မြေပုံများလည်း မှားနေကြသည်။

သို့သော် ဂရိအင်ပါယာ၏ မြေပုံကို ကြည့်ပါ။ ထိုခေတ်အခါက ရေးဆွဲခဲ့သော်လည်း ထိုမြေပုံသည် ယခုတိုင် မှန်ကန်ဆဲဖြစ်သည်။ နောင်တွင်လည်း မှန်ကန်နေမည်ဖြစ်သည်။ အဘယ့်ကြောင့်နည်း။

ဂရိအင်ပါယာ၏ပုံသည် အဖြစ်မှန်အပေါ် အခြေခံခဲ့သောကြောင့် ဖြစ်သည်။ ထိုခေတ်အခါက ဂရိတို့သိမ်းပိုက်အောင်မြင်ခဲ့သည့် နယ်မြေများကို အခြေခံပြီး ရေးဆွဲခဲ့သောကြောင့်ဖြစ်သည်။

ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရခဲ့သည် ဟူသော အဆိုသည်မှန်ကန်မှုရှိသည့် အဆိုဖြစ်သည်။ ၁၉၄၈ ခုနှစ် တွင် မှန်ခဲ့သလို ၁၉၈၈ ခုနှစ်တွင်လည်း မှန်ကန်နေဆဲဖြစ်သည်။ ၂၉၈၈ ခုနှစ်တွင်လည်း မှန်နေဦးမည်ဖြစ်ပေသည်။

ထိုအဆိုသည် မြန်မာနိုင်ငံသားများအတွက်သာ မှန်ကန်မှုရှိသည့် အဆိုဖြစ်သလော။ ကမ္ဘာပေါ်ရှိ လူသားအားလုံးအတွက် မှန်ကန်မှု ရှိသည့် အဆိုတစ်ခုဖြစ်သည်။ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ နိုင်ငံ လွတ်လပ်ရေးရခဲ့သည်ဟူသော အဆိုသည် ကမ္ဘာပေါ်ရှိ လူသား အားလုံးက မှန်ပေသည်ဟူ၍ ပြောဆိုကြမည့် အဆိုဖြစ်သည်။

ထိုအဆိုသည် ပညာတတ်များအတွက်သာ မှန်ကန်မှုရှိသလော။ မဟုတ်ပါ။ စာမတတ်သည့် သူများအတွက်လည်း မှန်ကန်မှုရှိပေ သည်။ လူသားများ၏ ပညာရေးအဆင့်အတန်းနှင့် မည်သို့မျှ ဆက် နွယ်မှုမရှိသည့် အဆိုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ထိုအဆို သည် အဖြစ်မှန်အပေါ် အခြေခံထားသောကြောင့်ဖြစ်သည်။

အဖြစ်မှန်အပေါ် အခြေခံပါက အဆိုတစ်ခုသည် မှန်ကန်မှုရှိ သည်ဟု ကျွန်ုပ်တို့ ဆိုခဲ့သည်။

'ဒီနေ့ ပူတယ်'ဟူသော အဆိုသည် အချိန်အခါမရွေး မှန်ကန်

နိုင်ပါမည်လောဟု ဆက်နွှယ်မှုပြဝါဒီများက စောဒကတက်ကြသည်။ ဤအဆိုသည် အဖြစ်မှန်အပေါ် အခြေခံထားသော အဆိုတစ်ခု မဟုတ်။ လူသားတစ်ဦး၏ အတွေ့အကြုံအပေါ် အခြေခံထားခြင်း ဖြစ်သည်ဟု ငြင်းဆိုချက်ထုတ်ကြသည်။

အဖြေမှာ မမှန်နိုင်ပါဟူ၍ ဖြစ်သည်။

ထိုစကားသည် မေလတွင် မှန်မည်ဖြစ်သော်လည်း ဇန်နဝါရီလ တွင်ကား မှန်မည်မဟုတ်ပေ။ မန္တလေးမြို့အတွက် မှန်ကောင်း မှန်မည်ဖြစ်သော်လည်း ပြင်ဦးလွင်မြို့အတွက် မှန်မည်မဟုတ်ပေ။ လူသားတို့၏ အတွေ့အကြုံနှင့် ခံစားမှုတို့သည် အချိန်အခါ၊ နေရာ ဒေသတို့နှင့် ဆက်နွှယ်ကောင်း ဆက်နွှယ်နေပေမည်။ ဤသို့ဆို လိုက်သည့်အတွက် အမှန်တရားသည် ဆက်နွှယ်မှုပြဝါဒီတို့ တင်ပြ သကဲ့သို့ ဖြစ်လာမည်မဟုတ်ပေ။


အဆိုတစ်ခုသည် မှန်ကန်သည်ဟုဆိုပါက ထိုအဆိုသည် အမြဲ တမ်း မှန်ကန်မှုရှိသလို လူတိုင်းအတွက်လည်း မှန်ကန်မည်ဖြစ်သည်။ မှန်ကန်သည့်အဆိုဟူသည် အဖြစ်မှန်အပေါ် အခြေခံထားသည့် အဆိုဖြစ်သည်။

အဆိုတစ်ခုသည် အဖြစ်မှန်အပေါ် အခြေခံခြင်း ရှိ၊ မရှိကို ကျွန်ုပ်တို့ မည်သို့သိနိုင်ပါမည်နည်း။

'ကျွန်တော်နေတဲ့ အိမ်အောက်မှာ ရတနာသိုက်တစ်ခုရှိတယ်။'

ဤအဆိုသည် မှန်ကောင်းမှန်မည်ဖြစ်သလို မှားကောင်းမှားပေ မည်။ မည်သူသည် အတိအကျ သိနိုင်ပါမည်နည်း။ အဆိုတစ်ခု၏ မှန်ကန်မှုကို ကျွန်ုပ်တို့သည် မည်မျှရေရာသေချာစွာ သိနိုင်ပါမည် နည်း။

'ကျွန်တော့်အယူအဆက အကြွင်းမဲ့မှန်တယ်'ဟုပြောနိုင်သည့် အခွင့်အရေး ကျွန်ုပ်တို့တွင် ရှိပါသလော။ 'ကျွန်တော်တို့က မှန်ပြီး သူတို့က မှားတယ်'ဟု ယုံကြည်စိတ်ချမှု အပြည့်အဝနှင့် ကျွန်ုပ်တို့




ပြောဆိုနိုင်ပါ၏လော။ ပြောနိုင်ပါသည်ဟု ကိုယ့်ကိုယ်ကိုယ် လှည့်ဖြား ပြီး ပြောကောင်းပြောကြပေလိမ့်မည်။

မတော်တဆဖြစ်ပွားခဲ့သည့် အမှုတစ်ခုတွင် ရုံးတော်၌ သက်သေ ခံသူများသည် ရိုးသားစွာ ထွက်ဆိုချက်ပေးကြသည်။ သူတို့၏ ထွက် ဆိုချက်များသည် ထပ်တူထပ်မျှ ကျလိမ့်မည်ဟု သင်ယူဆပါသလော။ အမှုတွင် ကိုယ်ပိုင်စိတ်ဝင်စားမှုများ ရှိနေပါက သက်သေနှစ်ဦးတို့၏ ထွက်ဆိုချက်များသည် တစ်ခုနှင့်တစ်ခု ဆန့်ကျင်၍ပင် နေပေလိမ့် မည်။

တစ်ခေတ်တစ်ခါက အကြွင်းမဲ့ယုံကြည်သည်ဟု လက်ခံယုံကြည် ခဲ့သောအဆိုကို နောက်တစ်ခေတ်တွင် မှားယွင်းသည်ဟုဆိုကာ ပစ်ပယ်ခဲ့သည်ကိုလည်း ကျွန်ုပ်တို့ လေ့လာခဲ့ဖူးကြသည်။ ဤသို့ ဆိုပါက ယနေ့ ကျွန်ုပ်တို့၏ အတွေးအခေါ်များသည်လည်း မှားယွင်း

မနေနိုင်ပေဘူးလောဟု ဆိုဖွယ်ရာဖြစ်လာသည်။ အကြောင်းရပ်တစ်ခု၏ အမှန်တရားကို ကျွန်ုပ်တို့သိကြပြီဟု ထုတ်ဖော်ရန် ဖြစ်နိုင်ပါမည်လော။

ဤမေးခွန်း၏အဖြေကို ဖြစ်နိုင်ခြေသီအိုရီတွင် ရှာပါက တွေ့ရမည်ဖြစ်ပေသည်။ ဤသီအိုရီသည် သိပ္ပံပညာအားလုံး၏ အခြေခံလည်း ဖြစ်ပေသည်။ သိပ္ပံပညာရှင်များသည် အမှန်တရားကို ရှာဖွေလျက်ရှိကြသည်။ ထိုသို့ရှာဖွေရာတွင် ပြဿနာအမျိုးမျိုးနှင့် ကြုံတွေ့ရမည်ကိုလည်း သူတို့ သိကြသည်။ တစ်ခုတည်းသော အကြွင်းမဲ့အမှန်တရား ရရှိရေးသည် သိပ္ပံပညာရှင်အားလုံး၏ နောက်ဆုံးရည်မှန်းချက်ဖြစ်သည်။ သို့သော်လည်း ထိုအမှန်တရားကို သူတို့မည်သည့်အခါမျှ ရနိုင်လိမ့်မည် မဟုတ်သည်ကိုလည်း သိကြသည်။ မည်သို့ပင်ဖြစ်စေ ထိုသို့ရှာဖွေရင်း အမှန်တရားနှင့် တဖြည်းဖြည်းနီးကပ်လာမည်ဟု ယုံကြည်ကြသည်။

ဖြစ်ရပ်တစ်ခုသည် လုံးဝမဖြစ်နိုင်၊ သို့မဟုတ် သေချာပေါက်ဖြစ်လာလိမ့်မည်ဟု သိပ္ပံပညာရှင်များသည် မည်သို့သောအခါမျှ ပြောဆိုလိမ့်မည်မဟုတ်ပေ။ ဖြစ်နိုင်ခြေအားဖြင့်သာ ပြောဆိုကြသည်။ ဖြစ်နိုင်ခြေ နိမ့်သည်။ ဖြစ်နိုင်ခြေ မြင့်သည်။ သို့မဟုတ် ဖြစ်နိုင်ခြေအလွန်မြင့်သည်ဟု ပြောဆိုကြသည်။ လူတိုင်းအဖို့ သေချာပေါက်ဖြစ်လေ့ရှိသည့် ကိစ္စရပ်များမှာပင် သိပ္ပံပညာရှင်များက အကြွင်းမဲ့ပြောဆိုလေ့မရှိပေ။ 'မနက်ဖြန်နံနက် သေချာပေါက် နေထွက်လိမ့်မည်' ဟူသော အသုံးအနှုန်းအစား 'နေထွက်ရန် ဖြစ်နိုင်ခြေ အလွန်များသည်' ဟုသာ ပြောဆိုပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ယနေ့နှင့် မနက်ဖြန်အကြားတွင် ကမ္ဘာကြီးသည် ပျက်စီးသွားနိုင်သည့်အခြေအနေ ရှိသောကြောင့်ပင်တည်း။

'လူသားအားလုံးသည် သေမျိုးဖြစ်သည်' ဟူသော အဆိုပင်လျှင် သိပ္ပံပညာရှုထောင့်မှ ကြည့်ပါက အကြွင်းမဲ့မှန်ကန်သည်ဟု မဆို

နိုင်ပေ။ ဖြစ်နိုင်ခြေ အလွန်များသည့် အဆိုတစ်ခုသာဖြစ်ပေသည်။

မှန်ကန်ခြင်းနှင့် ဖြစ်နိုင်ခြင်းတွင် အရေးပါသည့် ခြားနားချက်များ ရှိသည်။ အဆိုတစ်ခုသည် မှန်ကန်မှုရှိသလို ဖြစ်လည်းဖြစ်နိုင်ပေမည်။ သို့မဟုတ် မှားယွင်းမှုရှိသလို မဖြစ်နိုင်သည့်အခါများလည်း ရှိပေမည်။

မှန်ကန်သည့်အဆိုသည် အဖြစ်မှန်ကို အခြေခံရမည်ဖြစ်သည်။ မှန်ကန်သောမြေပုံတစ်ခုသည် အဖြစ်မှန် နယ်ပယ်အပိုင်းအခြားကို ဖော်ပြထားသည့်သဖွယ်ဖြစ်သည်။

သို့သော် ဖြစ်နိုင်ခြေကမူ ကျွန်ုပ်တို့ လက်ငင်းကြုံတွေ့ရသည့် အထောက်အထားများနှင့် ဆက်နွယ်နေသည်။ 'ကမ္ဘာမြေကြီး တည်ငြိမ်၍နေသည်'ဟူသော အဆိုသည် ၁၅ ရာစုနှစ်က ဖြစ်နိုင်ခြေမြင့်သည့် အဆိုတစ်ခုဖြစ်သည်။ 'ကမ္ဘာမြေကြီး လည်ပတ်နေသည်' ဟူသော အဆိုသည် ထိုခေတ်အခါက ဖြစ်နိုင်ခြေနည်းသည့် အဆို၊ သို့မဟုတ် မဖြစ်နိုင်သည့် အဆိုဖြစ်ခဲ့သည်။ ယခုအခါတွင်မူ ပထမအဆိုမှားပြီး ဒုတိယအဆိုသည်သာလျှင် မှန်ကန်ကြောင်း ကျွန်ုပ်တို့ သိရပြီဖြစ်သည်။

အဆိုတစ်ခုသည် မှန်သည်ဆိုပါက အကြွင်းမဲ့မှန်ပေသည်။ လူတစ်ယောက်အတွက်မှန်ပြီး အခြားတစ်ယောက်အတွက် မှားသည့် အဆို မဖြစ်နိုင်ပေ။

သို့သော် လူတစ်ယောက်အတွက် ဖြစ်နိုင်သည့်အဆိုသည် အခြားတစ်ယောက်အတွက် မဖြစ်နိုင်သည့်အဆိုဟူ၍ကား ရှိနိုင်ပေသည်။ လူတို့၏ ဘဝအတွေ့အကြုံအရ ခြားနားမှုရှိနေမည်သာတည်း။

အဆိုတစ်ခု၏ မှန်ကန်မှုသည် တည်တံ့သည်။ သို့သော် ဖြစ်နိုင်ခြေကား တည်တံ့မှုမရှိချေ။ အထောက်အထားများ ပြောင်းလဲသွားသည်နှင့်အမျှ ဖြစ်နိုင်ခြေလည်း ပြောင်းလဲသွားမည်ဖြစ်ပေသည်။

အဆိုတစ်ခုကို မှန်ကန်သည်ဟု ပြောဆိုရန် အဖြစ်မှန်အချက်

အလက်အားလုံးအား အခြေခံရမည်ဖြစ်သည်။ သို့သော် လက်တွေ့တွင် အဖြစ်မှန်အချက်အလက်အားလုံးကို သိနိုင်မည်မဟုတ်သည့်အတွက် မှန်ကန်သည့်အဆိုအစား အလွန်ဖြစ်နိုင်ခြေများသည့် အဆိုဟုသာ ကျွန်ုပ်တို့ ပြောဆိုနိုင်မည်ဖြစ်သည်။ ဤအကြောင်းကြောင့် သိပ္ပံပညာရှင်များသည် အကြွင်းမဲ့ဟူသော စကားလုံးအစား ဖြစ်နိုင်ခြေကို အစားထိုးလာခြင်းဖြစ်သည်။

ဤဆွေးနွေးချက်များသည် ကျွန်ုပ်တို့၏ အတွေးအမြင်တွင် မည်သို့အရေးပါကြသနည်း။

ဆုံးဖြတ်ချက်တစ်ခုခုကို ချမည်ဆိုတိုင်း အထောက်အထားများ၏ ဖြစ်နိုင်ခြေကို သုံးသပ်ရန် ကျွန်ုပ်တို့ကြိုးပမ်းသင့်ကြောင်း ထိုအချက်တို့က ညွှန်ပြလျက်ရှိသည်။ ဒုတိယအချက်အနေဖြင့် သေချာပေါက် သိသည်ဟူသော အသုံးအနှုန်းမျိုးကို အလွန်သတိထားပြီးမှ သုံးနှုန်းသင့်ကြောင်းကိုလည်း ပြဆိုလျက်ရှိပေသည်။

ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ကျွန်ုပ်တို့အား လမ်းညွှန်မှုပြုနိုင်သည့် ပြီးပြည့်စုံသောနည်းဟူ၍ မရှိသည်ကိုလည်း ကျွန်ုပ်တို့ သတိထားရပေမည်။ သို့သော် အစွန်းနှစ်ဖက်ကိုကား ကျွန်ုပ်တို့ ရှောင်ရှားရမည်ဖြစ်၏။ သူများပြောသမျှ လက်ခံယုံကြည်ခြင်းသည် တစ်ဖက်သောအစွန်းဖြစ်ပြီး အထောက်အထားနှင့် ပြောလာသော်လည်း မည်သူ့ကိုမျှ မယုံကြည်ခြင်းသည် ကျန်တစ်ဖက်စွန်း ဖြစ်ပေသည်။

❒ ❒ ❒

# သိပ္ပံနည်းကျ တွေးခေါ်မှု

သိပ္ပံနည်းကျတွေးခေါ်မှုဟူသည် သာမန်တွေးခေါ်မှုနှင့် များစွာခြားနားလှသည်မဟုတ်ချေ။ စေ့စပ်သေချာခြင်း၊ စနစ်ကျခြင်း၊ စုစည်းတွေးခေါ်ခြင်း ရှိသည့် အတွေးအခေါ်တစ်ရပ်သာလျှင် ဖြစ်ပေသည်။ သင်သည်လည်း သိပ္ပံနည်းကျတွေးခေါ်နည်းကို နားလည်ထားသင့်သည်။ ခက်ခဲသောပြဿနာများကို ဖြေရှင်းရာတွင် ထိုနည်းက သင့်အား များစွာအထောက်အကူပေးမည် ဖြစ်ပေသည်။

သိပ္ပံနည်းကျတွေးခေါ်မှုကို နားလည်သဘောပေါက်စေရန် ဖြစ်ရပ်တစ်ခုဖြင့် ဖော်ပြရှင်းလင်းပါမည်။

ဒေါက်တာညိုသည် ဒေါက်တာနီထံမှ တယ်လီဖုန်းသတင်းတစ်ခု ရရှိသည်။ ဦးဖြူတွင် စိတ်ရောဂါတစ်ခု ကပ်ရောက်နေသည်။ ထိုရောဂါကို တစ်ခါမျှလည်း မမြင်ဖူး၊ မတွေ့ဖူး။ ပတ်ဝန်းကျင်ရှိ လူများကို ဘေးအန္တရာယ်ပေးလိုသည့် လက္ခဏာများကိုလည်း ဦးဖြူတွင် တွေ့နေရသည်။ ဒေါက်တာညို၏ အကြံဉာဏ်ကို ရယူလို၍ ဒေါက်တာနီက တယ်လီဖုန်းဆက်ပြီး ရောဂါအကြောင်းကို ပြောပြခြင်းဖြစ်သည်။

ဦးဖြူသည် သနားကြင်နာတတ်သူ၊ သဘောကောင်းသူတစ်ဦးဖြစ်သည်။ သို့သော်လည်း လွန်ခဲ့သည့် သီတင်းသုံးပတ်လောက်က စတင်ပြီး သူ့အမူအရာသည် ထူးခြားလာသည်။ ယမန်နေ့ညကမူ သူ့ဇနီးအား ဓားဖြင့်ထိုးသတ်ရန် အကြမ်းဖက်ကြိုးပမ်းမှုပင် ရှိလာသည်။

ဒေါက်တာနီက ဦးဖြူအား စိတ်ရောဂါကုဆေးရုံတွင် တင်ထား

ချင်သည်။ ဒေါက်တာညို၏သဘောကို သိလိုသည်။

ဒေါက်တာညိုသည် ဦးဖြူအား စူးစမ်းကြည့်ရန် ဒေါက်တာနီ ရှိရာသို့ ရောက်လာသည်။ တွေ့တွေ့ချင်း သူသည် ဦးဖြူကို မမှတ်မိပေ။ ဦးဖြူ၏ ရုပ်သွင်ပြင်သည် များစွာပြောင်းလဲခဲ့ပြီဖြစ်၏။ သူ့မျက်နှာမှာ ရောင်အန်းနေသည်။ သူ့အသားအရေသည် ဖယောင်းကဲ့သို့ ပျော့ပျောင်းပျောင်း ဖြစ်နေသည်။

ဒေါက်တာညိုက ဦးဖြူအား စကားပြောကြည့်သည်။ ပထမတွင် ဦးဖြူက မပီမသနှင့် စကားပြန်ပြောသည်။ ပြီးလျှင် အော်ဟစ်ပြီး ဆရာဝန်နှစ်ယောက်အား အန္တရာယ်ပြုရန် ခြိမ်းခြောက်လာသည်။

ဦးဖြူအား ဆေးရုံပြင်ပတွင် မထားသင့်တော့ဟု ဒေါက်တာနီက အတိအကျ ဆုံးဖြတ်ချက်ချလိုက်သည်။ ဒေါက်တာညိုသည်လည်း သဘောတူရမလို ဖြစ်နေသည်။ သို့သော် ပြောမပြတတ်သည့် အကြောင်းတစ်ခုရှိနေသည်။ စိတ်ရောဂါအထူးကုဆေးရုံသို့ မပို့သင့်သေးဟု ထင်သည်။

ဒေါက်တာညိုသည် အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်သည်။ ဦးဖြူသည် အဘယ့်ကြောင့် ဤသို့ဖြစ်နေရသနည်း။ သူသည် ပျော်ရွှင်စွာ နေတတ်သူတစ်ဦးဖြစ်သည်။ ပူပင်သောကရှိသူလည်း မဟုတ်။ ရသမျှနှင့် ရောင့်ရဲတတ်သူဖြစ်သည်။ အဘယ့်ကြောင့် သူ့အပြုအမူသည် ရုတ်တရက်ပြောင်းလဲသွားရသနည်း။

သိပ္ပံနည်းကျတွေးခေါ်မှုတွင် ပြဿနာတစ်ရပ်နှင့် စတင်သည်။ ဒေါက်တာညို၏ ပြဿနာမှာ ဤသို့ဖြစ်သည်။ ဦးဖြူ မည်သို့ဖြစ်သွားသနည်း။ မည်သည့်အကြောင်းကြောင့် ဦးဖြူ၏အပြုအမူသည် ပြောင်းလဲသွားရသနည်း။

သိပ္ပံနည်းကျတွေးခေါ်မှု၏ ဒုတိယအဆင့်မှာ ရှုမှတ်လေ့လာခြင်း ဖြစ်သည်။

ဒေါက်တာညိုသည် ဦးဖြူအား လေ့လာသည်။ ဦးဖြူ၏ ကိုယ်




ခန္ဓာမှ ရောင်နေသော ကိုယ်အင်္ဂါအစိတ်အပိုင်းများကို စူးစမ်းလေ့လာသည်။ ထူးဆန်းသော ရောဂါလက္ခဏာအတွက် အဖြေရလိုရခြားစေ့စပ်သေချာစွာ လေ့လာရသည်။ ရောင်အန်းနေသော အရေပြားကို လက်ဖြင့်ဖိကြည့်သည်။

ကိုယ်ခန္ဓာ ရောင်အန်းလာရခြင်းမှာ အရေပြားအောက်တွင် အရည်များ ရောက်ရှိလာခြင်းကြောင့်ဖြစ်၏။ ထိုနေရာကို လက်ဖြင့်ဖိလိုက်ပါက လက်ရာ ချိုင့်၍ကျန်နေလေ့ရှိသည်။

ဦးဖြူ၏အရေပြားပေါ်သို့ လက်ဖြင့်ဖိကြည့်သောအခါ ချိုင့်ဝင်သွားသည်။ ပြန်လွှတ်လိုက်သောအခါ လက်ရာ လုံးဝမကျန်ရစ်ပေ။

အဘယ့်ကြောင့် လက်ရာ မကျန်ရစ်ခဲ့သနည်း။ ဤအချက်သည် ထူးဆန်း၏။ ဦးဖြူ၏မျက်နှာ ရောင်အန်းနေခြင်းသည် အခြားအကြောင်းကြောင့် ဖြစ်လေသလော။ မည်သည့်အကြောင်းကြောင့်နည်း။

ဒေါက်တာညှိသည် ရောဂါတစ်ခုကို စဉ်းစားမိသည်။ သူသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွား၏။ မစ်ဆီဒီးမားရောဂါ ဦးဖြူတွင် ကပ်ရောက်နေပြီလော။ ထိုရောဂါကပ်လာပါက မျက်နှာရောင်အနီးမှ ဖြစ်လာသည်။ အရေပြား ခြောက်သွေ့လာသည်။ စိတ်ဂယောက်ဂယက်ဖြစ်လာသည်။ စိတ်အခြေအနေသည် ကြာလေဆိုးလေ ဖြစ်လာတတ်သည်။ ဦးဖြူသည် စိတ်ရောဂါဖြစ်နေခြင်းမဟုတ်။ ရုပ်ဝေဒနာ ကပ်ရောက်နေခြင်းသာဖြစ်သည်။ သူ့ကို ဆေးဝါးများနှင့် ကုသပေးရမည်။

ဒေါက်တာညှိသည် ပြဿနာအတွက် အဖြေရလာခြင်းကြောင့် အတိုင်းထက်အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။ သို့သော် သူ၏ ဝမ်းသာမှုကို ထိန်းချုပ်ထားရဦးမည်။ သူ၏ တွေးခေါ်မှု မှန်ကြောင်း သက်သေပြရန် အထောက်အထားရှာရဦးမည်ဖြစ်သည်။

ဒေါက်တာညှိ၏ စူးစမ်းလေ့လာမှုတွင် ပြဿနာတစ်ရပ်နှင့် စတင်ခဲ့သည်။ မည်သည့်အကြောင်းကြောင့် ဦးဖြူ၏ အပြုအမူသည် ပြောင်းလဲသွားရသနည်းဟူသော မေးခွန်းသည် စူးစမ်းလေ့လာမှု၏ ပြဿနာဖြစ်သည်။

သိပ္ပံနည်းကျ စူးစမ်းလေ့လာမှုတွင် ပြဿနာကို ပုံဖော်ပြီးသော အခါ အဖြစ်မှန်များကို ရှာဖွေရမည်ဖြစ်သည်။ မည်သည့်အဖြစ်မှန် အချက်အလက်များကို ရှာဖွေရမည်နည်း။ ဤကမ္ဘာလောကကြီးတွင် အဖြစ်မှန်အချက်အလက် အမြောက်အများပင်ရှိသည်။ ထိုအချက် အလက်အားလုံးကို ကျွန်ုပ်တို့ ရှာဖွေခြင်းမပြုနိုင်။ ဤသို့ဆိုပါက မည်သည့် အဖြစ်မှန်အချက်အလက်များကို ရှာဖွေရမည်နည်း။ အဖြေမှာ ရှင်းပါသည်။ ပြဿနာနှင့်စပ်ဆိုင်မှုရှိသည့် အဖြစ်မှန်များ ကိုသာ လေ့လာရမည် ဖြစ်ပေသည်။

သို့သော် မည်သည့်အချက်အလက်များသည် ပြဿနာနှင့် စပ်ဆိုင်မှုရှိကြသနည်း။ စပ်ဆိုင်ကြောင်း မည်သို့သိနိုင်သနည်း။

ပြဿနာတစ်ရပ်အတွက် အဖြေရှာသည့်အခါ သိပ္ပံပညာရှင်သည် သူ၏ အတွေ့အကြုံများကို အသုံးပြုလေ့ရှိသည်။ အတွေ့အကြုံအရ မည်သည့်အဖြစ်မှန်များသည် ပြဿနာနှင့် စပ်ဆိုင်မှုရှိသည်၊ မည်သည့်အချက်အလက်များသည် စပ်ဆိုင်မှုမရှိဟု သူသည် ပိုင်းခြား ဝေဖန်နိုင်မည်ဖြစ်သည်။

ဒေါက်တာညိုသည် ဦးဖြူ၏မျက်နှာကို လက်ဖြင့် ဖိကြည့်သည်။ မျက်နှာရောင်အန်းနေခြင်းမှာ အကြောင်းအမျိုးမျိုးကြောင့် ဖြစ်နိုင်သည်ကို အတွေ့အကြုံအရ ဒေါက်တာညို သိသည်။ အရေပြားသည် ပျော့နေသလော၊ တင်းမာနေသလော။ ဤအချက်သည်လည်း အရေးပါသည့် အချက်ဖြစ်သည်။ ရောင်အန်းနေသည့် မျက်နှာကို လက်ဝါးဖြင့် ဖိလိုက်သော်လည်း လက်ရာထင်ကျန်မနေခြင်းက သာမန် ရောင်အန်းခြင်းမဟုတ်ကြောင်း သူသတိထားမိသည်။ မစ်ဆီဒီးမားရောဂါကို သူ သတိရလာသည်။

သိပ္ပံပညာရှင်သည် ဖြစ်ရပ်မှန်များကို ရှုမှတ်သည်မှာ မှန်သော်လည်း မြင်မြင်သမျှကို လေ့လာခြင်းမပြုပေ။ သူ့ပြဿနာနှင့် စပ်ဆိုင်မှုရှိသော ဖြစ်ရပ်မှန်များကိုသာ ရှုမှတ်သည်။ သူမှန်းဆထားသည့် အဖြေနှင့် စပ်ဆိုင်မှုရှိသော အချက်အလက်များကိုသာ မှတ်တမ်းတင်သည်။

သိပ္ပံပညာတွင် မှန်းဆထားသည့်အဖြေကို တွေးဆချက်ဟုခေါ်သည်။ တစ်နည်းအားဖြင့် တွေးဆချက်ဟူသည် သက်သေမပြရသေးသည့် အဆိုတစ်ခုဖြစ်သည်။

ဦးဖြူတွင် မစ်ဆီဒီးမားရောဂါ ကပ်ရောက်နေသည်ဟူသော အဆိုသည် တွေးဆချက်တစ်ခုဖြစ်သည်။

ဒေါက်တာညိုသည် ဤတွေးဆချက်ကို မည်သို့ရရှိလာသနည်း။ မစ်ဆီဒီးမားရောဂါတွင် မျက်နှာရောင်အန်းခြင်းနှင့် စိတ်ဂယောက်ဂယက် ဖြစ်ခြင်းဟူသော လက္ခဏာများရှိကြောင်း သူ၏ ဆေးပညာ

အတွေ့အကြုံများအရ သိရှိခဲ့သည်။ ဦးဖြူတွင် ထိုလက္ခဏာများ ရှိနေသည်။ ထို့ကြောင့် ဦးဖြူသည် မစ်ဆီဒီးမားရောဂါ ဖြစ်နေသည်ဟု ဒေါက်တာညိုက ကောက်ချက်ချလိုက်သည်။

သို့သော် ဤကောက်ချက်ချမှုသည် ခိုင်လုံသည်ဟု မဆိုနိုင်သေးပေ။ တူညီသောလက္ခဏာများ ရှိရုံမျှနှင့် ဦးဖြူတွင် မစ်ဆီဒီးမားရောဂါ ရှိနေပြီဟု မဆိုနိုင်ပေ။ ဖြစ်နိုင်ခြေရှိသည့်ကောက်ချက်ချမှုတစ်ရပ်သာလျှင် ဖြစ်ပေသည်။ ဒေါက်တာညိုသည် သူ၏တွေးဆချက်ကို အထောက်အကူပြုမည့် အဖြစ်မှန်များကို ရှာဖွေရဦးမည်ဖြစ်သည်။

ဒေါက်တာညိုသည် လူနာအား ဆက်လက်စမ်းသပ်မှုပြုသည်။ ဦးဖြူ၏လက်ကို မကြည့်သည်။ အရေပြားသည် ခြောက်သွေ့နေသည်။ လက်ချောင်းကလေးများ၏ အရင်းပိုင်းသည် အဖျားပိုင်းထက်ကြီးနေသည်။ ကိုယ်ပူရှိန်သည်လည်း သာမန်ထက် နိမ့်ကျနေသည်။ ရှာဖွေသမျှ အရာရာတိုင်းသည် သူ၏တွေးဆချက်ကို ထောက်ခံလျက်ရှိကြသည်။ ဒေါက်တာညိုသည် ကျေနပ်မှုရသွားသည်။ သူသည် ဤသို့ကောက်ချက်ချလိုက်၏။

'ဦးဖြူ စိတ်ဂယောက်ဂယက်ဖြစ်နေခြင်းမှာ မစ်ဆီဒီးမားရောဂါ ရနေခြင်းကြောင့်ဖြစ်သည်။'

ဒေါက်တာညို၏ သိပ္ပံနည်းကျ အတွေးအမြင်ကို ပိုင်းခြားကြည့်လိုက်ပါက အောက်ပါအတိုင်း အဆင့် ၇ ဆင့်ကို တွေ့ရမည်ဖြစ်၏။

၁။ စူးစမ်းမှု ပေါ်ပေါက်လာစေသည့် အခြေအနေ
၂။ ပြဿနာအား အတိအကျ ပုံဖော်ခြင်း
၃။ ပြဿနာနှင့် စပ်ဆိုင်မှုရှိသော အဖြစ်မှန်များအား ရှာဖွေခြင်း
၄။ အတိတ်အတွေ့အကြုံအား အသုံးပြုခြင်း
၅။ ဖြစ်နိုင်သည့် အဖြေ၊ သို့မဟုတ် တွေးဆချက်တစ်ရပ်ပြုလုပ်ခြင်း
၆။ တွေးဆချက်အား စစ်ဆေးခြင်း

၇။ ကောက်ချက်ချခြင်း၊ တွေးဆချက်ကို လက်ခံခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်း

ဖော်ပြပါ အချက်များသည် သိပ္ပံနည်းကျ တွေးခေါ်မှုအတွက် မရှိမဖြစ်လိုအပ်သည့် အချက်များဖြစ်ကြသည်။

သိပ္ပံပညာရှင်သည် သူ၏ရှုမှတ်လေ့လာမှုများကို ယုတ္တိရှိသော ဆင်ခြင်မှုနှင့် ပေါင်းစပ်ပေးမှသာ သူ၏ကောက်ချက်ချမှုများ ခိုင်လုံမှု ရှိလာကြမည်ဖြစ်ပေသည်။

□ □ □

# အကြောင်းနှင့် အကျိုး

ရှေးဟောင်းဂရိကဗျာဆရာ ဗာဂျီက 'လောက၏ အကြောင်းတရားများကို သိသူလောက် ပျော်ရွှင်သူ မရှိပြီ'ဟု ကဗျာစပ်ဆိုခဲ့သည်။

မှန်ပေသည်။ လောကကြီး၏ အကြောင်းတရားနှင့် အကျိုးတရားတို့ ဆက်နွယ်မှုကို သိထားသောကြောင့် လူသားများသည် သဘာဝဘေးအန္တရာယ်ကြီးများကို တားဆီးနိုင်ခဲ့သည်။ ကျော်လွှားနိုင်ခဲ့ကြသည်။ သစ်ပင်ကြီးထွားမှုနှင့် မြေသားသဘာဝတို့၏ ဆက်နွယ်မှုကို သိနားလည်ခဲ့ခြင်းကြောင့် အစာရေစာ ပေါများအောင်လည်း ဆောင်ရွက်နိုင်ကြပြီဖြစ်သည်။ ရောဂါဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို သိကြခြင်းကြောင့် ဆရာဝန်များသည် ဝေဒနာများကို ကုသနိုင်ခဲ့ကြပြီဖြစ်သည်။

အရာရာတိုင်းသည် အကြောင်းတရားရှိနေသည်ဟု ကျွန်ုပ်တို့ယူဆထားကြသည်။ ဖြစ်ရပ်တစ်ခုသည် သူ့အလိုလို ပေါ်ပေါက်မလာနိုင်။ အကြောင်းတစ်ခုခုကြောင့် ပေါ်ပေါက်ရခြင်းဖြစ်သည်ဟု ကျွန်ုပ်တို့ ယူဆကြသည်။ ဤအချက်သည် ယူဆချက်တစ်ရပ်သာလျှင် ဖြစ်ပေသည်။ အဘယ့်ကြောင့်ဆိုသော် အရာရာတိုင်းတွင် အကြောင်းတရားများရှိနေကြောင်း မည်သူကမျှ အထောက်အထားမပြနိုင်သောကြောင့်ဖြစ်သည်။

အကြောင်းနှင့် အကျိုးဟူသော စကားကို သိပ္ပံပညာရှင်များအသုံးပြုကြသလို သာမန်အရပ်သူအရပ်သားများလည်း အသုံးပြုကြသည်။ သို့သော် သိပ္ပံပညာရှင်များ သုံးနှုန်းပုံမှာ ပိုမိုတိကျသည်။



အကြောင်းတရားဟု ခေါ်ဆိုနိုင်ရန် အခြေအနေတစ်ရပ်သည် လိုအပ်သည့်အခြေအနေ ဖြစ်ရသလို၊ လုံလောက်သည့် အခြေအနေလည်း ဖြစ်ရသည်။

အကယ်၍ တစ်စုံတစ်ဦးက အခြားတစ်ဦးအား အဆိပ်ကျွေးသတ်သည်ဆိုပါက သေဆုံးခြင်းအကျိုးတရားအတွက် အဆိပ်သည် အကြောင်းတရားဖြစ်သည်။ လူသားတစ်ဦး သေဆုံးသွားစေရန်

အတွက် အဆိပ်သည် လုံလောက်မှုရှိသော်လည်း လိုအပ်သည့် အခြေအနေကား မဟုတ်ပေ။ အဘယ့်ကြောင့်ဆိုသော် အဆိပ် မသောက်ဘဲနှင့်လည်း သေဆုံးနိုင်သောကြောင့်ဖြစ်သည်။ အသက် ကြီး၍ သေဆုံးခြင်း၊ ရောဂါဝေဒနာ ကပ်ရောက်၍ သေဆုံးခြင်း၊ မတော်တဆဖြစ်မှုကြောင့် သေဆုံးခြင်းဟူ၍လည်း ရှိနိုင်ပေသည်။

ရောဂါတစ်ခု ကပ်ရောက်ရန်အတွက် ထိုရောဂါဖြစ်နေသူနှင့် ထိ တွေ့မှုရှိရန် လိုအပ်သည်။ ထိတွေ့မှုမရှိပါက ထိုရောဂါဝေဒနာ ကပ် ရောက်လာမည် မဟုတ်ပေ။ ဤအချက်သည် လိုအပ်ချက်တစ်ချက် ဖြစ်သည်။ သို့သော် ခဏမျှထိတွေ့မှုရှိရုံနှင့် ရောဂါဖြစ်မည်မဟုတ် ပေ။ ထိုပုဂ္ဂိုလ်တွင် ကိုယ်ခံစွမ်းအားပင် တိုးတက်လာနိုင်ပေသည်။ လုံလောက်သော ကူးစက်မှုရှိမှသာ ရောဂါဖြစ်ပွားလာမည်ဖြစ်၏။

သိပ္ပံပညာရှင်တစ်ဦးအဖို့ အကြောင်းတရားဟူသည် တစ်စုံတစ်ခု သော အကျိုးသက်ရောက်မှုကို ဖြစ်စေသည့် အခြေအနေများ ဖြစ်သည်။ ထိုအခြေအနေများသည်း လိုအပ်မှုရှိရမည်ဖြစ်သလို လုံလောက်မှုလည်း ရှိရမည်။ သိပ္ပံပညာရှင်သည် အကျိုးသက် ရောက်မှုကို ဖြစ်စေသည့် အကြောင်းတရားမှန်သမျှ အားလုံးကို ရှာဖွေရုံမက ထိုအကြောင်းတရားများ အကြောင်းကိုလည်း နားလည် လာစေရန် လေ့လာမည်ဖြစ်ပေသည်။

တောအုပ်အတွင်း ဖြတ်သန်းသွားသော သူတစ်ယောက်သည် သောက်လက်စ ဆေးလိပ်တိုကို အမှတ်တမဲ့ပစ်လိုက်၏။ ဆေးလိပ် မီးမှစပြီး တောမီးလောင်မှု ဖြစ်ပေါ်လာတော့သည်။

တောမီး စတင်လောင်ခြင်းသည် ဆေးလိပ်မီးကြောင့်ဖြစ်သည် ဟု ကျွန်ုပ်တို့ ဆိုနိုင်ပါသလော။ ကျွန်ုပ်တို့ အများစုကမူ ဟုတ်သည် ဟု ဆိုကြပေလိမ့်မည်။ သို့သော် သိပ္ပံပညာရှင်များကမူ ထိုအခြေအနေ ကို တိကျစွာဖော်ပြနိုင်ရန် ကြိုးပမ်းပေလိမ့်မည်။ မကြာသေးမီက မိုးရွာခဲ့ပါက သစ်ရွက်များ ရေစိုနေသဖြင့် တောမီးလောင်ကျွမ်းမှု

ရှိခဲ့မည်မဟုတ်။ ထို့ကြောင့် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်လာစေရန် သစ်ရွက်များ ခြောက်သွေ့နေခြင်းသည် လိုအပ်ချက်တစ်ချက် ဖြစ်ပေသည်။ သစ်ရွက်ခြောက်များ ရှိရန်သာမက လေတိုက်မှု၊ ဆေးလိပ်မီးကျခြင်းတို့သည် တောမီးဖြစ်ပေါ်လာမှုအတွက် လိုအပ်သော အခြေအနေနှင့် လုံလောက်သော အခြေအနေများ ဖြစ်ကြသည်။ ထိုအခြေအနေ တစ်ခုခုချို့တဲ့နေပါက တောမီးလောင်မှု ဖြစ်ပေါ်လိမ့်မည်မဟုတ်ပေ။ လိုအပ်သောအခြေအနေအားလုံး ရှိမှသာ တောမီးလောင်မှု ဖြစ်ပေါ်လာနိုင်ပေသည်။

တောမီးလောင်ကျွမ်းမှုအတွက် မည်သူ့တွင် တာဝန်ရှိသနည်း။

သာမန်အားဖြင့်ဆိုပါက ဆေးလိပ်မီးပစ်ခဲ့သူတွင် တာဝန်ရှိသည်ဟု ဆိုရပေမည်။ ထိုနည်းတူ ဥပဒေရှုထောင့်မှ ကြည့်ပါကလည်း ထိုသူသာလျှင် တာဝန်ရှိပေသည်။ အကျိုးတရားတစ်ခု ဖြစ်ပေါ်လာတိုင်း တာဝန်ရှိသူကို ကျွန်ုပ်တို့ ရှာဖွေလေ့ရှိကြသည်။

သိပ္ပံပညာရှင်များကမူ ဤသို့မရှာပေ။ ဖြစ်ပေါ်လာသော အကျိုးအတွက် ယေဘုယျ ကြောင်းကျိုးဆက်နွှယ်မှုများကိုသာ ရှာဖွေဖော်ထုတ်လေ့ရှိကြသည်။ မည်သည့်အချိန်အခါတွင်ဖြစ်စေ၊ မည်သူက ပြုလုပ်သည်ဖြစ်စေ၊ တစ်စုံတစ်ခုသော အကျိုးတရားတစ်ခု ဖြစ်ပေါ်လာစေမှသာ ကြောင်းကျိုးဆက်နွှယ်မှုရှိသည်ဟု ဆိုနိုင်မည်ဖြစ်ပေသည်။ ထို့ပြင် စမ်းသပ်ခံနိုင်မှုလည်း ရှိရမည်ဖြစ်သည်။ မည်သူက စမ်းသပ်သည်ဖြစ်စေ တူညီသောရလဒ်များ ထွက်ပေါ်လာမှသာ အခြေအနေနှစ်ခုသည် ကြောင်းကျိုးဆက်နွှယ်မှုရှိကြသည်ဟု ဆိုရမည်ဖြစ်ပေသည်။

အမျိုးသမီးတစ်ဦးသည် မိတ်ကပ်တစ်မျိုးကို အသုံးပြု၏။ ထိုမိတ်ကပ်ကို အသုံးပြုတိုင်း အရေပြားလောင်ကျွမ်းမှု ဖြစ်ပေါ်လာသည်။ အရေပြားလောင်ကျွမ်းခြင်းသည် ထိုမိတ်ကပ်ကြောင့် ဖြစ်ရသည်ဟု အမျိုးသမီးက တွေးဆချက်တစ်ရပ်ပြုလုပ်၏။ ထိုမိတ်ကပ်ကိုလည်း

ရက်သတ္တပတ်အတော်ကြာ အသုံးမပြုဘဲနေလိုက်သည်။ အရေပြား သည် တစ်ဖန်ပြန်၍ ကောင်းမွန်လာသည်။ မိတ်ကပ်ကို တစ်ဖန်ပြန်၍ အသုံးပြုသောအခါ သူ့မျက်နှာမှာ နီမြန်းလာပြန်သည်။

အမျိုးသမီးသည် သူ့ပြဿနာအတွက် အဖြေရရှိသွားပြီဖြစ် သည်။ အရေပြားပြဿနာဖြစ်စေသည့် အကြောင်းတရားမှာ လက်ရှိ အသုံးပြုနေသည့် မိတ်ကပ်ကြောင့်ဖြစ်ပေသည်။

ငင်းမိတ်ကပ် အသုံးမပြုဘဲနေရုံနှင့် ပြဿနာမပြီးသေးပေ။ အမျိုးသမီးတစ်ဦးဖြစ်သည့်အတိုင်း မိတ်ကပ်တစ်မျိုးမျိုးကို အသုံး ပြုလိုပေသေးသည်။ မည်သည့်မိတ်ကပ်ကို အသုံးပြုရမည်နည်း။ မိတ်ကပ်တွင်ပါသည့် မည်သည့်ပစ္စည်းက သူ့အရေပြားကို ဒုက္ခပေး နေသနည်း။

ဓာတုဗေဒပညာရှင်တစ်ဦး၏ အကူအညီဖြင့် မိတ်ကပ်တွင်ပါ သော ပစ္စည်းများကို သူသိလာရသည်။ မွှေးကြိုင်မှုရှိရန် အနံ့အဖြစ် ထည့်သွင်းထားသည့် ပစ္စည်းက သူ့အရေပြားအား ဒုက္ခပေးနိုင် ကြောင်း ဓာတုဗေဒပညာရှင်က အကြံပြုသည်။

ဤတွေးဆချက်ကို စစ်ဆေးရန်အတွက် ထိုပစ္စည်းမပါသည့် မိတ်ကပ်ကို ရှာဖွေအသုံးပြုရမည်ဖြစ်သည်။ အနံ့ချင်းမတူသည့် မိတ်ကပ်ကို အသုံးပြုလိုက်သောအခါ သူ၏အရေပြားလောင်ကျွမ်းမှု ပြဿနာအတွက် အဖြေရရှိသွားတော့သည်။ အရေပြားနီပြီး လောင် ကျွမ်းမှု မတွေ့ရတော့ပေ။

ဤသို့ အဖြေရှာသည့်နည်းကို စမ်းသပ်ခန်းနည်း။ သို့မဟုတ် ထိန်းချုပ်စမ်းသပ်နည်းဟု ခေါ်သည်။ သိပ္ပံပညာရှင်တို့သည် အကျိုး တရားတစ်ခုအတွက် အကြောင်းတရားကို ရှာဖွေသည့်အခါ ဤနည်း ကို အသုံးပြုလေ့ရှိကြသည်။ အထူးသဖြင့် ဓာတုဗေဒပညာရှင်နှင့် ရူပဗေဒပညာရှင်များ အသုံးပြုသည့်နည်းလည်းဖြစ်သည်။

ဤနည်း၏အဓိကအချက်မှာ အကြောင်းတရားဟုယူဆရသည့်

အခြေအနေမှလွဲပြီး ကျန်အခြေအနေများကို တူညီအောင် ပြုလုပ်ထားသည်။ ထိုအခါ မည်သို့ခြားနားသောရလဒ်များ ရရှိလာမည်ကို ရှုမှတ်ရမည်။

သို့သော်လည်း ဤနည်းကို ပြဿနာတိုင်း၌ အသုံးပြု၍ ရမည် မဟုတ်ပေ။ အဓိကအားဖြင့် လူသားတို့၏ အပြုအမူနှင့်သက်ဆိုင်သော ပြဿနာများ၏ ကြောင်းကျိုးဆက်နွယ်မှုကို ရှာဖွေသောအခါ အသုံးပြု၍ ဖြစ်နိုင်မည်မဟုတ်ပေ။

ဥပမာ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် မိဘတို့၏ စည်းကမ်း ပေးမှု လျော့ရဲခြင်းကြောင့်လောဟူသော ပြဿနာအတွက် ကြောင်းကျိုးဆက်နွယ်မှုကို ရှာဖွေသောအခါ ဓာတုပညာရှင်ကဲ့သို့ သုတေသီ သဘောကျ အကြောင်းတရားဟု ယူဆရသည့် ကိန်းရှင်များကို ကိုင်တွယ်ပြောင်းလဲနိုင်မည်မဟုတ်ပေ။

ဤသို့သော ပြဿနာများအတွက် ပြောင်းလဲနည်းကို အသုံးပြု နိုင်မည်မဟုတ်။

ရင်သွေးငယ်များ မူးယစ်ဆေးဝါး သုံးစွဲခြင်းသည် မိဘများ၏ စည်းကမ်းပေးမှု လျော့ရဲခြင်းကြောင့်ဟု ကျွန်ုပ်တို့ယူဆထားသည် ဆိုပါစို့။ ထိုအခါ မူးယစ်ဆေးဝါးသုံးစွဲသူ လူငယ်များနှင့် မသုံးစွဲသူ လူငယ်တို့၏ မိဘများကို လေ့လာရမည်ဖြစ်သည်။ မူးယစ်ဆေးဝါး သုံးစွဲမှုနှင့်စပ်ဆိုင်သော ကိန်းရှင်များကို တူညီအောင် ညှိထားရမည် ဖြစ်သည်။ မိဘတို့၏ ဝင်ငွေ၊ ပညာရေး၊ လူနေမှုအဆင့်အတန်း၊ နေထိုင်ရာအရပ်၊ အလုပ်အကိုင် စသည့်အချက်တို့တွင် မိဘနှစ်စုတို့ သည် တူညီနေရမည်ဖြစ်သည်။ ရင်သွေးများအား စည်းကမ်းပေးမှု တွင်သာ ခြားနားမှုရှိစေရမည်။ သို့မှသာ တွေးဆချက်ကို ထောက်ခံ သည့် အထောက်အထား ရှိ၊ မရှိ ကျွန်ုပ်တို့ လေ့လာနိုင်မည်ဖြစ် သည်။

စည်းကမ်းကောင်းသော မိဘတို့၏ သားများတွင် မူးယစ်ဆေးဝါး

သုံးစွဲသူ မည်မျှရှိသနည်း။ စည်းကမ်းလျော့ရဲသော မိဘတို့၏ သားများတွင် သုံးစွဲသူ မည်မျှရှိသနည်း။ စည်းကမ်းလျော့ရဲသူ မိဘတို့၏ သားများတွင် မူးယစ်ဆေးဝါး သုံးစွဲသူဦးရေ သိသိသာသာများပြားပါက ကျွန်ုပ်တို့တွေးဆချက် မှန်ကန်သည်ဟု ယူဆနိုင်ပြီဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲမှု၏ အကြောင်းတရားတစ်ရပ်ကို ကျွန်ုပ်တို့ သိရှိလာပြီဖြစ်သည်။

ကြောင်းကျိုးဆက်နွှယ်မှုအား ရှာဖွေရာတွင် အသုံးပြုနိုင်သည့် နည်းလမ်းတစ်ခုမှာ ညီတူနည်းဖြစ်သည်။

အကျိုးတရားတစ်ခု ပေါ်ပေါက်လာမှုအတွက် အကြောင်းတရားကို ရှာဖွေရာတွင် ထိုအကျိုးမဖြစ်မီက ပေါ်ပေါက်နှင့်သော အခြေအနေ ဖြစ်ရပ်မှန်သမျှကို လေ့လာသုံးသပ်ရသည်။ တူညီသော အကျိုးတရားဖြစ်ပေါ်မှုတိုင်းအတွက် တူညီသောဖြစ်ရပ်တစ်ခုကို တွေ့ရပါက ထိုဖြစ်ရပ်သည်ပင်လျှင် အကြောင်းတရားဖြစ်လာသည်။

ကျေးရွာတစ်ရွာတွင် ရွာသူရွာသားအားလုံး ဝမ်းလျှောမှုဖြစ်ပွားသည် ဆိုပါစို့။ ရောဂါဖြစ်ပွားသူ ရွာသူရွာသားအားလုံးသည် တစ်ခုတည်းသောရေကန်မှ ရေကို သုံးစွဲကြသည်။ ကန်ရေသုံးစွဲသူတိုင်း ဝမ်းလျှောမှုဖြစ်သည်ကို တွေ့ရပါက ကန်ရေသောက်သုံးခြင်းသည် ဝမ်းလျှောမှုကိုဖြစ်စေသည့် အကြောင်းတရားဖြစ်သည်ဟု ကောက်ချက်ချရမည်ဖြစ်သည်။

ဝမ်းလျှောမှုမဖြစ်မီ ကန်ရေကို သုံးစွဲခဲ့ကြသည်။ ကန်ရေသုံးစွဲပြီးမှ ဝမ်းလျှောမှုကို ဖြစ်ပေါ်လာစေသည်။ ရွာသူရွာသားအားလုံး ရောဂါဖြစ်ပွားခြင်းကြောင့် ကန်ရေသည် ဝမ်းလျှောခြင်း၏ အကြောင်းတရားဟု ကျွန်ုပ်တို့ဆိုခဲ့သည်။

သို့သော် ဖြစ်ရပ်တစ်ခုသည် အခြားဖြစ်ရပ်တစ်ခု၏အရင် ဖြစ်ပွားခြင်းကြောင့် ထိုဖြစ်ရပ်သည် ဒုတိယဖြစ်ရပ်၏ အကြောင်းတရားဟု အစဉ်အမြဲ ဆိုနိုင်မည်မဟုတ်ပေ။ ညောင်ဦးကမ်းပါးပြိုချိန်

စပ္ပာနဂိုရ်မှ နွား ပေါင်ကျိုးသွားခြင်းကြောင့် ကမ်းပါးပြိုခြင်းသည် နွားပေါင်ကျိုးခြင်း၏ အကြောင်းတရားဟု ကျွန်ုပ်တို့ ဆိုနိုင်မည် မဟုတ်ပေ။

□ □ □

# ယေဘုယျပြုခြင်း

ကျွန်ုပ်တို့အပါအဝင် လူသားများသည် ယေဘုယျပြုလေ့ရှိကြသည်။ မိမိတို့၏အတွေ့အကြုံ အနည်းငယ်ကိုအခြေခံပြီး ယေဘုယျပြုကာ ပြောဆိုတတ်ကြသည်။

တောသူတောင်သားများသည် ရိုးသားကြသည်။
မြန်မာများသည် ညီညွတ်ကျေပွန်ကြသည်။
မြို့သူမြို့သားများသည် ဖော်ရွေမှုမရှိ။
မန္တလေး စကား၊ ရန်ကုန် အကြွား၊ မော်လမြိုင် အစား။

မရိုးသားသော တောသူတောင်သားများကို ကြုံတွေ့ရသောအခါတွင်လည်းကောင်း၊ ညီညွတ်မကျေသော မြန်မာများကို တွေ့ရသောအခါတွင်လည်းကောင်း၊ ဖော်ရွေမှုရှိသော မြို့သူမြို့သားများကို တွေ့ရသောအခါတွင်လည်းကောင်း ဤသို့ယေဘုယျပြုခြင်းသည် မှားယွင်းတတ်ကြောင်း ကျွန်ုပ်တို့ တွေ့မြင်လာကြသည်။ ထိုအခါ ယေဘုယျပြုခြင်းသည် မှားယွင်း၏ဟု ထပ်မံယေဘုယျပြုလုပ်လိုက်ပြန်သည်။

အားလုံးသော ယေဘုယျပြုလုပ်ချက်များသည် မှားယွင်း၏ဟု ဆိုပါက အကြီးမားဆုံးသောအမှားကို ကျွန်ုပ်တို့ပြုလုပ်မိလျက်ရှိမည်ဖြစ်ပေသည်။ ဤသို့ဆိုပါက ယေဘုယျပြုလုပ်ချက်များတွင် အမှားတစ်ဝက်ပါဝင်သည်ဟု ဆိုရမည်လော။ ဤသို့လည်း မဟုတ်ပေ။ အချို့သောယေဘုယျပြုလုပ်ချက်များမှာ သံသယဖြစ်ဖွယ်ရာ အခြေအနေ ရှိနေပေသည်။

ယေဘုယျပြုလုပ်ခြင်းဟူသည် အဘယ်နည်း။ အဖြစ်မှန်များ အပေါ် အခြေခံပြီး လွှမ်းခြုံပြောဆိုခြင်းသည် ယေဘုယျပြုလုပ်ခြင်း ဖြစ်၏။

ခရီးသွားပုဂ္ဂိုလ်တစ်ဦးသည် မြို့တစ်မြို့သို့ ရောက်ရှိသွား၏။ ထိုမြို့မှမိတ်ဆွေများ ညွှန်ပြသည့် ထမင်းဆိုင်များတွင် စားသောက်သည်။ အစားအသောက်ကောင်းသည်ကို သူတွေ့ရသည်။ တစ်နေ့တွင် ထိုဆိုင်များသို့သွားရန် အချိန်မရသဖြင့် မြို့ပြင်မှ ထမင်းဆိုင်ကလေးတစ်ဆိုင်တွင် စားသောက်ရသည်။ ထိုဆိုင်တွင်လည်း စားသောက်ကောင်းသည်ကို တွေ့ရသည်။ သူသည် ထိုမြို့ရှိ ထမင်းဆိုင်အားလုံးသို့ သွားရောက်စားသောက်ခြင်း မပြုနိုင်သော်လည်း ဤသို့ ယေဘုယျပြုလိုက်သည်။

'ဒီမြို့ ထမင်းဆိုင်တွေမှာ အစားကောင်းကောင်းရတယ်'

အမှန်တကယ် ကျွန်ုပ်တို့ရှုမှတ်ထားသည်ထက် ပိုမိုကျယ်ပြန့်စွာ ပြောဆိုခြင်းသည် ယေဘုယျပြုခြင်းဖြစ်၏။ ထို့ကြောင့် ရှုမှတ်ခြင်းသည် မှန်ကန်သော်လည်း ယေဘုယျပြုလုပ်မှုသည် မှားယွင်းသွားနိုင်ပေသည်။ ခရီးသည် ရောက်ခဲ့သည့်မြို့တွင် အစားအသောက်မကောင်းသည့် ထမင်းဆိုင် တစ်ခုတစ်လေ ရှိကောင်းရှိပေမည်။

ထိုအခါ ဖော်ပြပါယေဘုယျပြုချက်သည် မှားယွင်းသွားပေမည်။

'အားလုံးသော A များသည် B များဖြစ်ကြသည်' ဟူသောအဆိုသည် ယေဘုယျပြုချက်ဖြစ်သည်။ အားလုံးသော ဟူသည့်စကားတွင် ခြွင်းချက်မပါပေ။ ခြွင်းချက်တစ်ခုကို တွေ့ရပါက ထိုတွေ့ရှိချက်က ယေဘုယျအဆိုကို ပျက်စီးသွားစေသည်။ သိပ္ပံပညာတွင် ခြွင်းချက်တစ်ခုကို တွေ့ရပါက ထိုအဆိုကို ပစ်ပယ်လေ့ရှိကြသည်။ သို့တည်းမဟုတ် ထိုအဆိုကို ဤသို့ပြုပြင်ပေးရမည်ဖြစ်သည်။

'ဤသို့သော အခြေအနေတွင် အားလုံးသော A များသည် B များဖြစ်ကြသည်' ဟု ထပ်မံအဆိုပြုနိုင်သည်။



ယေဘုယျပြုလုပ်ရာတွင် အလျင်စလို ပြုလုပ်ခြင်းကြောင့် မှားယွင်းမှု ဖြစ်ပေါ်လာစေသည်။ အထောက်အထား မပြည့်မစုံ ဖြစ်ရသည်။

ပေါ့ပေါ့ဆဆ ကားမောင်းသူ အမျိုးသမီးတစ်ဦးကို တွေ့မြင်ရပြီး 'အမျိုးသမီး ကားမောင်းသူများသည် ပေါ့ဆကြသည်' ဟု ယေဘုယျပြုပါက မှားယွင်းသွားမည်ဖြစ်သည်။

ပြည့်စုံမှုမရှိသော အထောက်အထားများအပေါ် အခြေခံပြီး ယေဘုယျပြုလုပ်ခြင်းသည် မှားယွင်းမည်ဖြစ်သည်။ အဘယ့်ကြောင့်

ကျွန်ုပ်တို့သည် အလျင်စလိုယေဘုယျပြုလုပ်ကြသနည်း။ အကြောင်းတစ်ချက်မှာ ကျွန်ုပ်တို့တွင် ရှိနေနိုင်သည့် ထင်မြင်ယူဆချက်များကြောင့်ဖြစ်သည်။

အမျိုးသမီးများသည် အမျိုးသားများကဲ့သို့ စဉ်းစားဝေဖန်နိုင်မှုမရှိ ဟူသော ထင်မြင်ယူဆချက်တစ်ရပ် ကျွန်ုပ်တို့တွင် ရှိနေပြီဆိုပါက ဤသို့သော အလျင်စလို ယေဘုယျပြုမှု ဖြစ်ပေါ်လာတတ်သည်။ ယခင်က ရှိနှင့်ပြီးဖြစ်သော ဆုံးဖြတ်မှုအပေါ် အခြေခံပြီး ယေဘုယျပြုလုပ်ခြင်းဖြစ်သည်။ အထောက်အထားများအပေါ် အခြေခံပြီး ပြုလုပ်ခြင်းမဟုတ်ပေ။

အချို့သောသူတို့သည် မိမိတို့၏ ရေးသားပြောဆိုချက်များအပေါ် အများအာရုံစိုက်မှု ရရှိရန်အတွက်လည်း ဤသို့ ယေဘုယျပြုလုပ်တတ်ကြသည်။

'မိန်းမအချို့သည် သစ္စာမရှိ'ဟူသော အသုံးအနှုန်းကို မည်သူမျှ စိတ်ဝင်စားမှုရှိမည် မဟုတ်သော်လည်း 'မိန်းမများသည် သစ္စာမဲ့ကြသည်'ဟု ဆိုလိုက်ပါက စိတ်ဝင်စားသူ အမြောက်အမြား ရှိလာမည်ဖြစ်သည်။

ယေဘုယျပြုလုပ်ခြင်းသည် အန္တရာယ်ရှိသည်။ သို့သော် ကျွန်ုပ်တို့ ပြုလုပ်ကြရမည်ဖြစ်သည်။ ပြုလုပ်ရန်လည်း လိုအပ်သည်။

သမိုင်းမှတ်တမ်းများကို ဖြစ်ပျက်ခဲ့သည့်အတိုင်းသာ ရေးသားထားပြီး ဤအတိုင်းသာ ဖတ်ရှုရမည်ဆိုပါက ကျွန်ုပ်တို့အတွက် များစွာအသုံးဝင်မည်မဟုတ်ပေ။ ထိုမှတ်တမ်းများအပေါ် အခြေခံပြီး ကောက်ချက်ချရသည်။ ယေဘုယျပြုလုပ်ရသည်။ သင်ခန်းစာယူကြရသည်။ ဤသို့ပြုလုပ်နိုင်ခြင်းကြောင့်လည်း တန်ဖိုးမဖြတ်နိုင်သော မှတ်တမ်းများ ဖြစ်လာရသည်။

သိပ္ပံပညာကလည်း ကျွန်ုပ်တို့အား ယေဘုယျ ဥပဒေသများကို သင်ကြားပေးသည်။ ယေဘုယျကျသော အဖြစ်မှန်များသည်သာ

အသုံးဝင်မှုရှိသည်။ ယေဘုယျဥပဒေသများကို ရှာဖွေတွေ့ရှိရေးသည် သိပ္ပံပညာ၏ ရည်မှန်းချက်ဖြစ်သည်။

ရှေးဟောင်းဂရိတွေးခေါ်ရှင် ဆော့ခရတ္တိက 'စူးစမ်းလေ့လာမှု မရှိသော လူ့ဘဝသည် အချည်းနှီးတည်း'ဟု မိန့်ကြားခဲ့ဖူးသည်။ မှန်ပေသည်။

လူသားများအဖို့ ကျိုးကြောင်းကျကျ ရှုမှတ်မှု ရှိကြရမည် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ဝေဖန်စဥ်းစားတတ်ခြင်းသည် လူသားတို့၏ အမြင့်မားဆုံးသော အရည်အသွေးတစ်ရပ်ဖြစ်သော ကြောင့်ပင်တည်း။

❒ ❒ ❒

## ပင်ဂွင်းရုံစာပေမှ ထုတ်ဝေပြီးစာအုပ်များ

**မိဘ၊ ဆရာတို့အတွက် လက်စွဲစာအုပ်များ**

၁။ ကလေးသူငယ် ပြုစုပျိုးထောင်နည်း
ဒေါက်တာတင်မောင်ထွေး(ဒေါက်ထွေး၊ ဆေး-မန်း)

၂။ သင့်ကလေး လူတော်လူကောင်းဖြစ်အောင်
ဒေါက်တာသိန်းလွင်(ပညာရေးစိတ်ပညာပါရဂူ) နှင့် ဒေါ်ဥမ္မာတင်

၃။ အပြုသဘောဆောင်သော စည်းကမ်း ■ ဒေါက်တာသိန်းလွင်

၄။ ကလေးငယ်များနှင့် အတူကစားပါ
ဒေါက်တာမြင့်လွင်(စိတ်ပညာ)

၅။ သင့်ရင်သွေးငယ် ဉာဏ်ရည်ထက်မြက်ရေး
ပါမောက္ခဦးခင်မောင်သန်း

၆။ မိသားစုနှင့် ဆယ်ကျော်သက်အရွယ် ■ ပါမောက္ခဦးခင်မောင်သန်း

**ကလေးများအတွက် စာအုပ်များ**

၇။ ပျော်ရွှင်ဖွယ် ကစားနည်းများ ■
ဒေါက်တာသိန်းလွင်(ပညာရေးစိတ်ပညာပါရဂူ)

**လူငယ်များအတွက် စာအုပ်များ**

၈။ လူငယ်တို့ရဲ့ အနာဂတ် (စကားဝိုင်း)
ကိုတာ၊ အော်ပီကျယ်၊ ဖေမြင့်၊ သန်းစိုးနိုင်၊ ကျော်ဝင်း

၉။ အိမ်ထောင်ဖက်ရွေးချယ်မှုနှင့် စိတ်ပညာအမြင်
ခင်မောင်သန်း(စိတ်ပညာ)

**ကျန်းမာရေးပညာ စာအုပ်များ**

၁၀။ ကလေးသူငယ်တို့တွင် အဖြစ်များသောရောဂါများ
ဒေါက်တာမြတ်မြင့်မိုရ်

၁၁။ ကိုယ်ဝန်ဆောင်မိခင်လောင်းတို့ သိမှတ်ဖွယ်
ဒေါက်တာမြတ်မြင့်မိုရ်

၁၂။ ပဋိသန္ဓေတားခြင်း နည်းလမ်းများ ■ ဒေါက်တာမြတ်မြင့်မိုရ်

၁၃။ ကူးစက်ရောဂါနှင့် အဖြစ်များသောရောဂါများ
ဒေါက်တာအောင်သန်း
**စိတ်ပညာ စာအုပ်များ**
၁၄။ မမြင်ရသောတွန်းအားများနှင့် ဘဝအဆင့်ဆင့်ကိုဖြတ်ကျော်ခြင်း
ဒေါက်တာမြင့်လွင်(စိတ်ပညာ)
၁၅။ ဆက်ဆံရေးသတ္တဝါနှင့် မိုးခါးရေသောက်ခြင်း
ဒေါက်တာမြင့်လွင်(စိတ်ပညာ)
၁၆။ အပြောင်းအလဲနှင့် ပုံသေစိတ်အစွဲ
ဒေါက်တာမြင့်လွင်(စိတ်ပညာ)
၁၇။ စိတ်ဖောက်ပြန်မှုနှင့် စံလွဲအပြုအမူများ
ခင်မောင်သန်း (စိတ်ပညာ)
၁၈။ သိပ္ပံနည်းကျတွေးခေါ်မှု ■ ခင်မောင်သန်း (စိတ်ပညာ)
၁၉။ အယူသီးမှု၊ နတ်ကိုးကွယ်မှုနှင့် စိတ်ပညာရှုထောင့်
ခင်မောင်သန်း (စိတ်ပညာ)
**ကိုးကွယ်ယုံကြည်မှု စာအုပ်များ**
၂၀။ ခေတ်အမြင် ဗုဒ္ဓဘာသာဆိုင်ရာ အမေးအဖြေများ
ဒေါက်တာသိန်းလွင်
၂၁။ ဗုဒ္ဓမေ့ အနှစ်ပြ ■ ဒေါက်တာသိန်းလွင်
၂၂။ ရိုးရာ နတ်ယုံကြည်မှုနှင့် ဓလေ့ထုံးစံများ
ခင်မောင်သန်း (စိတ်ပညာ)
**Language စာအုပ်များ**
၂၃။ Everyday Idioms (1) ■ ခင်မောင်တိုး(မိုးမိတ်)
၂၄။ Everyday Idioms (2) ■ ခင်မောင်တိုး(မိုးမိတ်)
**အထွေထွေ**
၂၅။ ဖတ်စရာ ■ လူထုစိန်ဝင်း


၂၆။ မူပိုင်ခွင့် ■ လူထုစိန်ဝင်း
၂၇။ မသန်ပေမယ့် စွမ်းသူများ ■ လူထုစိန်ဝင်း
၂၈။ စကားမာရသွန် - ၁ ■ လူထုစိန်ဝင်း
၂၉။ စကားမာရသွန် - ၂ ■ လူထုစိန်ဝင်း
၃၀။ ဘချေးကြည် ကာတွန်းများ ■ ဘချေးကြည်
၃၁။ အချစ်အကြောင်း (ကဗျာ) ■ ဝေမှုံးသွင်
၃၂။ မပြောသောကောင်းကင်(မဂ္ဂဇင်းဝတ္ထုရှည်များ) ■ ခက်မာ
၃၃။ ဒေါက်ဒေါက် အိမ်ရှေ့ကဘယ်သူလဲ ■ ရဲမြလွင်
၃၄။ ရှေ့နေလောက ဟာသများ ■ အန်ထော်နီ
၃၅။ ဆရာမဖို့လက်ဆောင် ■ အန်ထော်နီ
၃၆။ သံယောဇဉ်ဖြင့် ဖွဲ့ရစ်တည်အပ်သော အညိုရောင်တယောကလေး
(ရသစာတမ်းများ)

# သင့်ရင်သွေးငယ်
# ဉာဏ်ရည်ထက်မြက်ရေး

ပါမောက္ခဦးခင်မောင်သန်း


စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၂၁၀၁၀၇

မိမိရင်သွေးငယ်သည် ဉာဏ်ရည်ထူးချွန်သူတစ်ဦးဖြစ်သဖြင့် လူတိုင်းက သူ့အား အထင်ကြီးကြသည်။ အံ့ဩကြသည်။ ဤသို့ ထူးချွန်သော ကလေးငယ်၏ မိဘများဖြစ်ကြသဖြင့် မိခင် ဖခင်တို့သည်လည်း များစွာဂုဏ်ယူဂုဏ်တက်ကြရသည်။ မျက်နှာပွင့်လန်းကြရသည်။




# မိသားစုနှင့် ဆယ်ကျော်သက်အရွယ်

ပါမောက္ခ ဦးခင်မောင်သန်း

ဆယ်ကျော်သက်အရွယ်ဆိုသည်မှာ အပြောင်းအလဲအလွန်များလှသည့် ကာလဖြစ်သည်။ ဤသို့သော အပြောင်းအလဲများက သူတို့သာမက မိဘများကိုပါ အကျိုးသက်ရောက်လာစေသည်။ သူတို့သည် ကလေးများ မဟုတ်တော့။ ငယ်ရွယ်နုပျိုသည့် လူကြီးကလေးများ ဖြစ်လာကြပြီ။ အရွယ်ရောက်လာကြပြီ။ သူတို့အား ကလေးသဖွယ်ဆက်ဆံ၍ မဖြစ်တော့။ ဆယ်ကျော်သက်အရွယ်နှင့် သင့်လျော်သည့် ဆက်ဆံမှု မိဘများက ပြုလုပ်လာရမည်။ သင့်လျော်သည့် စည်းကမ်းပေးမှု ရှိရမည်။ သူ့အရွယ်နှင့်လိုက်ဖက်သည့် ထိန်းချုပ်မှုကို ပြောင်းလဲအသုံးပြုလာရမည်ဖြစ်၏။ သူတို့အား နားလည်မှုနှင့် ထိန်းကျောင်းမည်ဆိုပါက အခက်အခဲ များစွာတွေ့ရမည်မဟုတ်။ ပျော်ရွှင်စရာကောင်းသည့် မိသားစုဘဝကို ရနိုင်ပေလိမ့်မည်။



# အယူသီးမှု၊ နတ်ကိုးကွယ်မှုနှင့် စိတ်ပညာရှုထောင့်

ခင်မောင်သန်း(စိတ်ပညာ)

စဉ်းစားတွေးခေါ်ရသောအလုပ်ကို လူတော်တော်များများက မလုပ်လိုကြ။ စဉ်းစားရန်မလိုသည့် အလုပ်ကိုသာ လုပ်လိုကြသည်။ တွေးခေါ်ရသောအလုပ်ကို လုပ်သူတို့မှာ လူနည်းစုသာလျှင်ဖြစ်သည်။

စာမူခွင့်ပြုချက်အမှတ် – ၄၀၀၆၇၉၀၆၀၆

# အိမ်ထောင်ဖက်ရွေးချယ်မှုနှင့် စိတ်ပညာအမြင်

ခင်မောင်သန်း(စိတ်ပညာ)



ကြင်ပက်ရွေးချယ်ရာတွင် မိမိချစ်သူ၏ ကိုယ်ရည်ကိုယ်သွေးကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပေသည်။ ဇနီးနှင့် ခင်ပွန်းဖြစ်သူတို့တွင် ခြားနားလွန်းသော ကိုယ်ရည်ကိုယ်သွေး ရှိနေကြပါက ညှိယူမှုတွင် အခက်အခဲတွေ့လာနိုင်သောကြောင့် ဖြစ်ပေ၏။

စာမူခွင့်ပြုချက်အမှတ် – ၄၀၀၁၈၃၀၂၀၇

# စိတ်ဖောက်ပြန်မှုနှင့် စံလွဲအပြုအမူများ

## ခင်မောင်သန်း(စိတ်ပညာ)

စိတ်မကျန်းမာမှု၏ လက္ခဏာများကို ကလေး လူကြီး မရွေး၊ ကျား မ မရွေး အနည်းနှင့်အများ တွေ့ရှိနိုင်ပါသည်။ ဤစာအုပ်တွင် စိတ်မကျန်းမာသူ၏ လက္ခဏာများ၊ စိတ်ဖောက်ပြန်မှုနှင့် စံလွဲနေသော အပြုအမူ၏ လက္ခဏာများ၊ ကလေးဘဝ စိတ်ဖောက်ပြန်မှုနှင့် မိဘတို့၏ အခန်းကဏ္ဍ၊ ပျိုဖော်ဝင်အရွယ်နှင့် လူကြီးဘဝတွင် ကြုံတွေ့ရတတ်သော စိတ်ဖောက်ပြန်မှု လက္ခဏာများ၊ လိင်ဖောက်ပြန်မှုများ၊ စိတ်မကျန်းမာမှု၊ စိတ်ဖောက်ပြန်မှုများကို ဖြစ်စေသော အခြေအနေ၊ အကြောင်းရင်းများနှင့် စိတ်ကျန်းမာမှု မြှင့်တင်နည်းများ ပါဝင်ပါသည်။

စာမူခွင့်ပြုချက်အမှတ် - ၂၂/၂၀၀၁(၁)

# သိပ္ပံနည်းကျတွေးခေါ်မှု

## ခင်မောင်သန်း( စိတ်ပညာ )

သိပ္ပံနည်းကျတွေးခေါ်မှု ဟူသည်
သာမန်တွေးခေါ်မှုနှင့်
များစွာ ခြားနားလှသည် မဟုတ်ချေ။
စေ့စပ်သေချာခြင်း၊ စနစ်ကျခြင်း၊
စုစည်းတွေးခေါ်ခြင်းရှိသည့်
အတွေးအခေါ် တစ်ရပ်သာလျှင်
ဖြစ်ပေသည်။

ဘဝတွင်
နေ့စဉ် ကြုံတွေ့နေရသော အရေးကိစ္စများ၊
ရင်ဆိုင်နေရသော ပြဿနာများနှင့် ပတ်သက်၍
ကြောင်းကျိုးဆီလျော်စွာ တွေးခေါ်တတ်စေရန်၊
ယုတ္တိကျကျ ပိုင်းခြားဆင်ခြင်တတ်စေရန်၊
မှန်မှန်ကန်ကန် ပြုမူတုံ့ပြန်တတ်စေရန်
"သိပ္ပံနည်းကျတွေးခေါ်မှု" က
သင့်အား များစွာ အကူအညီပေးပါလိမ့်မည်။

K.1200/